ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဒီ ၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၀ ပြည့်နှစ် တန်ခူးလဆန်း ၂ ရက်၊ စနေနေ့။ Saturday, 6 April 2019 ၉၆၁၃

# သထုံမြို့ရှိ ၁၁၈ ဒသမ ၉ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဖွင့်လှစ်ပေး

## ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ပြည့်ဝစွာသုံးစွဲနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိ

မော်လမြိုင် ဧပြီ ၅

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် ၆၆ ကေဗွီ မော်လမြိုင်-သံဖြူဇရပ် ဓာတ်အားလိုင်း ၄၀ ဒသမ ၄၈ မိုင်နှင့် ၆၆/၃၃ ကေဗွီ၊ ၂၀ အမ်ဗွီအေ သံဖြူဇရပ် ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားနှင့် သထုံမြို့သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားတို့သို့ တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ »»




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သထုံမြို့ ၁၁၈ ဒသမ ၉ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကိုအခြေခံ၍ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းထုတ်ပြန်**

စာမျက်နှာ » ၆

**ဗြိတိန်နိုင်ငံ အီးယူမှ ခွဲထွက်ရေးအတွက် ရက်သတ်မှတ်မှုကို ထပ်မံတိုးမြှင့်ပေးရန် ဝန်ကြီးချုပ် ထရီဇာမေ တောင်းဆို**

စာမျက်နှာ » ၁၂



ကြေးမုံ

# မတူကွဲပြားသော ရောင်စုံပန်းများအလှ

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ပြည်ထောင်စုနိုင်ငံဟူသည် ဘာသာစကား၊ ကိုးကွယ်မှု၊ အသွေးအရောင်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများစုစည်းနေထိုင်သော နိုင်ငံဖြစ်သည်။ ထိုသို့မတူကွဲပြားသည့် အသွေးအရောင်များ စုံလင်လှသော ပြည်ထောင်စုပန်းဥယျာဉ်ကြီးသည် မည်မျှနှစ်သက်ဖွယ်ကောင်းသနည်း။

မတူကွဲပြားသော တိုင်းရင်းသားလူမျိုးစုများ ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြမည်ဆိုပါက နှစ်လိုဖွယ်ကောင်းသော အလွန်လှပသည့်ပြည်ထောင်စုကြီး ဖြစ်ပေလိမ့်မည်။ ပြည်ထောင်စုကြီးအတွင်း တစ်မိသားစုတည်းမှ ဆင်းသက်ပေါက်ဖွားလာကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဖြစ်သည်ဟု စိတ်ထားခံယူသည့် ပြည်ထောင်စုစိတ်ဓာတ်ရှိမှသာ ထိုအဆင်း ဖြစ်ပေလိမ့်မည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဧပြီလ ၄ ရက်နေ့က မော်လမြိုင်မြို့ရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် "မျိုးရိုး၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်မှုမတူသော်လည်း နှလုံးသားချင်း တူညီသည့် နိုင်ငံတစ်နိုင်ငံ၏ အသွင်အပြင်မှာအင်မတန်မှ လှပတင့်တယ်ပါကြောင်း" ပြောကြားခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်တိုင်းရင်းသားအများစုနေထိုင်သည့် မွန်ပြည်နယ်သို့ရောက်ရှိစဉ် တိုင်းရင်းသားအချင်းချင်းအကြား ချစ်ချစ်ခင်ခင်၊ ညီညီညွတ်ညွတ် နေထိုင်ကြသည်ကို မြင်တွေ့ရသဖြင့် ထိုသို့ ဝမ်းမြောက်စကား ပြောကြားခဲ့ခြင်းဖြစ်သည်။

အလားတူပင် မည်သည့်တိုင်းရင်းသားလူမျိုးဖြစ်စေ ညီညီညွတ်ညွတ် နေထိုင်သည်ကို အားလုံးက မြင်တွေ့လိုကြသည်။ ထိုသို့ ညီညီညွတ်ညွတ် နေထိုင်မှသာ တင့်တယ်သော ပြည်ထောင်စုကြီး ဖြစ်ပေလိမ့်မည်။ ယင်းပြည်ထောင်စုနိုင်ငံကို ဖြစ်စေလိုသော ဆန္ဒတစ်ခုတည်းဖြင့် မရနိုင်ဘဲ ဆန္ဒကို ဝီရိယ၊ စိတ်ဓာတ်၊ ပညာဖြင့် ယူဆောင်သွားမှသာ ဖြစ်နိုင်ကြောင်းနှင့် အားလုံးက ဝိုင်းဝန်းကြိုးစားကြစေလိုကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုက်တွန်းပြောကြားထားသည်။

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်မည့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကို ကြိုးပမ်းတည်ဆောက်နေသည်။ အဆိုပါ ပြည်ထောင်စုထူထောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများတွင် အားလုံးပါဝင်ရန် လိုအပ်သကဲ့သို့ အကျိုးရလဒ်များကိုလည်း ထိန်းသိမ်းရန်လိုအပ်သည်။ ပြည်သူများတိုးတက်မှ နိုင်ငံတိုးတက်မည်ဖြစ်၍ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုများကို ပြည်သူလူထု၏ ဝီရိယ၊ စိတ်ဓာတ်၊ ပညာစွမ်းပကားများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုဆိုသည်မှာ အားလုံးစုပေါင်းအင်အားဖြင့် တည်ထောင်ထားသည့်နိုင်ငံဖြစ်သည်။ စုပေါင်းအင်အားဖြင့် တည်ထောင်ထားသည့်အတွက် အားလုံးစုပေါင်းအင်အားဖြင့် ဆောင်ရွက်ကြရန် လိုအပ်သည်။ ကမ္ဘာပေါ်တွင် ချမ်းသာသည့်နိုင်ငံများသည်ပင် ဆင်းရဲမှုနှင့်မလွတ်ကင်းနိုင်ချေ။ ထို့ကြောင့် နိုင်ငံကိုတိုးတက်အောင်ဆောင်ရွက်ရာ၌ အညီအမျှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရသည်။ ဆင်းရဲချမ်းသာကွာဟမှု နည်းလေ၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုများလေဖြစ်၍ ဖွံ့ဖြိုးတိုးတက်မှုများကို နယ်မြေဒေသအားလုံး မျှတအောင်ဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ရမည် ဖြစ်သည်။

နိုင်ငံတစ်ဝန်းလုံး ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ပေးရသည်မှာလွယ်ကူသော အလုပ်မဟုတ်သော်လည်း အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလျက်ရှိသည်။ စီးပွားရေးအကျိုးအမြတ်တစ်ခုတည်းကို သာကြည့်၍ ဆောင်ရွက်မရနိုင်ဘဲ နိုင်ငံရေး၊ လူမှုရေးအရအထောက်အကူဖြစ်စေရန် ဆောင်ရွက်ပေးရသည်များလည်း ရှိသည်။ စိန်ခေါ်မှုများစွာကြားမှ တစ်နိုင်ငံလုံး အချိုးညီမျှတရေး လိုအပ်သည့်ကွက်လပ်များကို နိုင်ငံတော်အစိုးရက တစ်ခုချင်းစီ၊ တစ်ခုချင်းစီ ဖြည့်စွမ်းပေးနေရသည်ကို ပြည်သူလူထုအများက နားလည်သိရှိဖို့ လိုအပ်ပေသည်။

သို့ဖြစ်ရာ ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ တိုင်းရင်းသားပြည်သူအားလုံး ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး၊ အေးချမ်းစွာနေထိုင်မည်ဟူသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ရောင်စုံပန်းများ ပွင့်လန်းဝေဆာနေသည့် ပြည်ထောင်စုကြီးအဖြစ် ဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားပြည်သူလူထုအားလုံး ညီညီညွတ်ညွတ်ဖြင့် အတူပူးပေါင်းလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

# သွေးကြောသွင်းဆေးရည်ထုတ်လုပ်မှု အဆောက်အဦသစ်ဖွင့်ပွဲ ကျင်းပ




စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများ သွေးကြောသွင်းဆေးရည်ထုတ်လုပ်မှု အဆောက်အဦသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မေ ၅**

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်ရောင်း) သွေးကြောသွင်း ဆေးရည်ထုတ်လုပ်မှု အဆောက်အဦသစ်ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အင်ရောင်းကျေးရွာရှိ ဆေးဝါးစက်ရုံ(အင်ရောင်း)တွင် ကျင်းပသည်။

ရှေးဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်တို့က စက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ကမ္ပည်းမော်ကွန်း ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ယခုဖွင့်လှစ်သည့် သွေးကြောသွင်းဆေးရည် အဆောက်အဦမှ နှစ်စဉ် သွေးကြောသွင်းဆေးရည်ဘူး ရှစ်သန်းထုတ်လုပ်နိုင်မည်ဖြစ်ရာ စက်ရုံတစ်ခုလုံးအနေဖြင့် ၁၀ သန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် နှစ်စဉ် သွေးကြောသွင်းဆေးရည်ဘူး သန်း ၆၀ ခန့်လိုအပ်နေကြောင်း၊ ယခုသွေးကြောသွင်းဆေးရည်ထုတ်လုပ်သည့် အဆောက်အဦ ဖွင့်လှစ်လိုက်သည့်အတွက် ပြည်တွင်း စုစုပေါင်းထုတ်လုပ်မှုမှာ ၁၅ သန်းရှိလာပြီဖြစ်၍ ပြည်တွင်းလိုအပ်ချက်၏ ၂၅ ရာခိုင်နှုန်းအထိ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများ အောင်မြင်စေရန် နိုင်ငံတော်မှလည်း အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ယခု အဆောက်အဦ ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်၍ များစွာ ဝမ်းမြောက်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က သွေးကြောသွင်းဆေးရည် ထုတ်လုပ်မှုအဆောက်အဦသစ် တည်ဆောက်ခဲ့မှုနှင့် နိုင်ငံတော်၏ လိုအပ်ချက်အရ သွေးကြောသွင်းဆေးရည်များ တိုးမြှင့်ထုတ်လုပ်ဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် သွေးကြောသွင်း ဆေးရည်ထုတ်လုပ်မှု အဆောက်အဦ အတွင်းတွင် ဆေးရည် ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယနေ့ ဖွင့်လှစ်သည့် သွေးကြောသွင်းဆေးရည် ထုတ်လုပ်မှုအဆောက်အဦအား ဩစတြေးလျနိုင်ငံ အခြေစိုက် Synnertec Co., Ltd. မှ ဒီဇိုင်းရေးဆွဲပြီး အမေရိကန်နိုင်ငံနှင့် အီတလီနိုင်ငံမှ ထုတ်လုပ်သည့် စက်များတပ်ဆင်ထား၍ Blow Fill Seal နည်းပညာ အသုံးပြုလျက် နှစ်စဉ် သွေးကြောသွင်းဆေးရည်ဘူး ၁၀ သန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ သွေးကြောသွင်းဆေးရည်များအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်(GMP)နှင့်အညီ ထုတ်လုပ်ထားပါသည်။ ထို့အပြင် ဆေးရည်ဘူးများကိုလည်း ဆေးဝါးသုံးအဆင့် (Pharmaceutical Grade) ကော်စေ့များကိုသာ အသုံးပြု၍ ထုတ်လုပ်ထားရုံသာမက ပညာရေးဝန်ကြီးဌာန သိပ္ပံနှင့်နည်းပညာ ဆန်းသစ်တီထွင်မှုဦးစီးဌာနမှ ထုတ်ပြန်ထားသည့် MMS ISO 15747:2010 နှင့် Europan Pharmacopoeia 7th Edition စံချိန်စံညွှန်းများနှင့် ကိုက်ညီကြောင်း သိရှိရသည်။

**လိုအပ်ချက်များကို ဖြည့်ဆည်း**

မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ပြည်တွင်း လိုအပ်ချက်များပြားသော ဆေးဝါးများ တိုးမြှင့်ထုတ်လုပ်မှုအား နှစ်ဆတိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ နိုင်ငံခြားမှ နည်းပညာများရယူပြီး မွေ့ဆိပ်ဖြေဆေး၊ ကင်ဆာရောဂါဝေဒနာရှင်များအတွက် နာကျင်မှုသက်သာစေသော ဆေးဝါးအသစ်များ၊ အသည်းရောင်အသားဝါ ဘီကာကွယ်ဆေးများ ထုတ်လုပ်ပေးလျက်ရှိကြောင်းနှင့် မေးခိုင်ရောဂါကာကွယ်ဆေးနှင့် ခွေးရူးပြန်ရောဂါကာကွယ်ဆေးများကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ထုတ်လုပ်နိုင်ရေး စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၅**

ရန်ကုန်(ရွှေဈေး) ၁၀၄၃၅၀၀ - ၁၀၄၃၅၀၀    မန္တလေး(ရွှေဈေး) ၁၀၄၃၅၀၀ - ၁၀၄၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၄၀/၉၈၅ ကျပ် | ၁၀၀၀/၁၀၀၅ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၇၀/၉၂၀ ကျပ် | ၉၅၅/၉၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၉၀/၈၄၅ ကျပ် | ၈၉၀/၈၉၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၅၀/၉၉၅ ကျပ် | ၁၀၁၀/၁၀၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၀၀/၉၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၂၅/၈၃၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၀၆.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၁.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၄.၁၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၇.၂၂၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၈.၄၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၇၅၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၄၈.၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၂.၃၅ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၂.၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၂.၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် မေလ ၁၆ ရက် တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၁၃၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၉၄၂၇

»»» ရှေ့ဖုံးမှ

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံတိုင်းရင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ပို၍ကြိုးစားရန်လို**

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လျှပ်စစ်ဓာတ်အားသည် မိမိတို့နိုင်ငံတစ်နိုင်ငံလုံးအတွက် လိုအပ်ချက်ဖြစ်ပါကြောင်း၊ ယခုအချိန်အထိလိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းမပြည့်သေးပါကြောင်း၊ သို့သော် မိမိတို့၏အိမ်နီးနားချင်းနိုင်ငံတော်တော်များများတွင် ၈၀ ရာခိုင်နှုန်းကျော်၊ ၉၀ ရာခိုင်နှုန်းကျော်၊ ၁၀၀ ရာနှုန်းပြည့် စသည်ဖြင့် လျှပ်စစ်ဓာတ်အားလုံလောက်နေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံသည်ပို၍ကြိုးစားရန်လိုအပ်ပြီး မိမိတို့အတွက် လျှပ်စစ်ဓာတ်အားသည် အင်မတန်အရေးကြီးသည့်ကိစ္စရပ်တစ်ခုဖြစ်နေပါကြောင်း။

ယခုဆိုလျှင် လျှပ်စစ်ဓာတ်အားလိုင်းအသစ်များဖွင့်လှစ်ခြင်း၊ ဓာတ်အားခွဲရုံအသစ်များ ဖွင့်လှစ်ခြင်းသည် ပြည်သူလူထု၏ဘဝတိုးတက်ရေးအတွက်ဖြစ်သည်ဟု ယူဆပါကြောင်း၊ ဘဝတိုးတက်ရေးအတွက်ဆိုသည်မှာ စီးပွားရေးသာမဟုတ်ဘဲ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေးပါဝင်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိမှုသည် စီးပွားရေး၊ ကျန်းမာရေးနှင့်ပညာရေးစသည်တို့ကို အထောက်အကူပြုပါကြောင်း၊ မိမိတို့နိုင်ငံသည် ရှေ့သို့ တစ်လှမ်းချင်း သွားနေသည်ဆိုသည်ကို ပြသနေခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားရရှိမှုမှာ တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းပင် မပြည့်သေးပါကြောင်း၊ သို့သော် ယခုနှစ် မကုန်မီ ၅၀ ရာခိုင်နှုန်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဟု မိမိတို့မျှော်လင့်ပါကြောင်း။

**ဆက်လက်ဆောင်ရွက်နေ**

ယနေ့ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းဖွင့်လှစ်ပြီးနောက် မွန်ပြည်နယ်အတွင်း လျှပ်စစ်မီးရရှိလာမည့် အိမ်ထောင်စုပေါင်း ၂၂၀၀၀ ရှိလာမည်ဖြစ်ပါကြောင်း၊ မွန်ပြည်နယ်အတွင်းတွင် လျှပ်စစ်ဓာတ်အားလုံလုံလောက်လောက်ဖြန့်ဖြူးနိုင်ရေးအတွက် ၂၃၀ ကေဗွီ မော်လမြိုင်-ခရုံဂူ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတိုးချဲ့ခြင်းလုပ်ငန်း၊ ၅၀၀ ကေဗွီ ဘုရားကြီး-ကန်ပေါက်-မော်လမြိုင်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်း၊ ၂၃၀ ကေဗွီ မော်လမြိုင်-ရေး-ထားဝယ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်း၊ ၂၃၀ ကေဗွီ ထားဝယ်-မြိတ် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်း၊ ၆၆ ကေဗွီ မြိတ်-တနင်္သာရီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေသည်ကို ပြည်သူများသိရှိ မည်ဆိုပါက ဝမ်းသာလိမ့်မည်ဟုမျှော်လင့်ပါကြောင်း။

မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးတွင် ဖြန့်၍ လုပ်ကိုင်နေရခြင်းဖြစ်ပါကြောင်း၊ တစ်နေရာတည်းတွင် လုပ်နေခြင်းမဟုတ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် တစ်နေရာတည်းတွင် အောင်မြင်မှုဖြစ်သော်လည်း တစ်တိုင်းပြည်လုံးအတွက် အောင်မြင်မှုဖြစ်သည်ဟု ယူဆစေချင်ပါကြောင်း၊ မော်လမြိုင်၊ သထုံ၊ သံဖြူဇရပ်နေရာများတွင် တိုင်းရင်းသားပေါင်းစုံနေထိုင်ပါကြောင်း၊ မွန်တိုင်းရင်းသားများသာမက ကရင်တိုင်းရင်းသားများ၊ ပအိုဝ်းတိုင်းရင်းသားများ၊ ဗမာတိုင်းရင်းသားများရှိပါကြောင်း၊ နေရာတစ်နေရာတွင် ဓာတ်အားခွဲရုံတစ်ခု၊ လိုင်းတစ်ခုဖွင့်လိုက်ခြင်းသည် မိမိတို့ပြည်ထောင်စုသားအားလုံးအတွက် တိုးတက်မှုတစ်ခုဟုယူဆပါကြောင်း၊ ထိုသို့ ရုပ်ပိုင်းဆိုင်ရာ တိုးတက်လာသည်နှင့်အတူ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုများကိုလည်းမျှော်လင့်ပါကြောင်း၊ စိတ်ပိုင်းဆိုင်ရာဆိုသည်မှာ ပထမအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ ဒုတိယအနေဖြင့် အချင်းချင်း မေတ္တာစေတနာထားနိုင်သည့် စိတ်ဓာတ်များကို ဆိုလိုခြင်းဖြစ်ပါကြောင်း။

**သံဖြူဇရပ်**

ယခု ဓာတ်အားလိုင်းသည် မော်လမြိုင် သံဖြူဇရပ် ဓာတ်အားလိုင်းဖြစ်ပါကြောင်း၊ သံဖြူဇရပ်သည် ဒုတိယကမ္ဘာစစ်နှင့် ပတ်သက်၍နာမည်ကြီးသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ သံဖြူဇရပ်သည် ဒုတိယကမ္ဘာစစ်အတွင်းအနိဋ္ဌာရုံများ၏ သင်္ကေတနေရာတစ်ခုကဲ့သို့ဖြစ်နေပါကြောင်း၊ ဒုတိယကမ္ဘာစစ်က ကျဆုံးခဲ့သည့် မဟာမိတ်တပ်သားများ၏ စစ်သင်္ချိုင်းရှိပါကြောင်း၊ အချို့စစ်သည်များ၏ ဂူဗိမာန်များကို ၎င်းတို့၏မိသားစုများက ပုံမှန်ထိန်းသိမ်းသည့်သူများသို့ နှစ်စဉ်နှစ်တိုင်း ငွေကြေးပေးပို့ပြီး မိမိတို့၏သား၊ ခင်ပွန်း၊ ညီအစ်ကိုမောင်နှမများ၏ ဂူသင်္ချိုင်းများပေါ်တွင် သတိရသောအားဖြင့် ပန်းများ၊ ပန်းကုံးများ အမှတ်တရချပေးခြင်း စသည်ဖြင့် ဆက်လက်ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ လူသားများ၏ မေတ္တာစေတနာများကို ပြသခြင်းဖြစ်ပါကြောင်း၊ လူသားများ၏ လောဘ၊ ဒေါသ၊ မောဟများကြောင့် စစ်များဖြစ်ခဲ့ပြီးစစ်မီးများလည်း ပွားခဲ့ပါကြောင်း၊ လူသားများ၏ မေတ္တာစေတနာများဖြင့် စစ်မီးများကို ငြိမ်းအောင်လုပ်နိုင်ပါကြောင်း။

မိမိတို့ နိုင်ငံသည် လွတ်လပ်ရေးရစဉ်ကတည်းက လုံးဝစစ်မီးငြိမ်းသည်ဟု မရှိခဲ့ပါကြောင်း၊ ပြည်တွင်းစစ်နှင့် လွတ်လပ်ရေးသည် တစ်နေ့တည်းကဲ့သို့ ပေါက်ဖွားလာခဲ့ပါကြောင်း၊ သို့သော် ယခုတွင် တစ်နိုင်ငံလုံးငြိမ်းချမ်းရန်အတွက် ပြည်သူ ပြည်သားများသည် မည်သည့်နေရာတွင် ရောက်သည်ဖြစ်စေ၊ မည်သည့် အလုပ်လုပ်သည်ဖြစ်စေ ငြိမ်းငြိမ်းချမ်းချမ်းနှင့် လုပ်နိုင်သည်ဆိုသည့် ယုံကြည်မှုရှိရန် ကြိုးစားနေပါကြောင်း၊ ထိုသို့ ကြိုးစားရာတွင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အဘက်ဘက်မှ လုပ်ရပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုသည် ငြိမ်းချမ်းရေးတစ်ခုတည်းဦးတည်၍ မရပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးတည်ရပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးရှိမှသာ ငြိမ်းချမ်းရေးကို ခိုင်မာအောင် လုပ်နိုင်မည်ဖြစ်ပါကြောင်း။

**အလင်းရောင်လှိုင်း**

ယမန်နှစ်က မွန်ပြည်သစ်ပါတီက NCA ကို လက်မှတ်ရေးထိုးသည့်အတွက် ဝမ်းမြောက်ရပါကြောင်း၊ အဖွဲ့တစ်ဖွဲ့တိုးတိုးလာသည်နှင့်အမျှ ငြိမ်းချမ်းရေးရနိုင်ကိန်းသည် တိုးတိုးလာသည်ဟု သတ်မှတ်ပါကြောင်း၊ ထို့ကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အားလုံးတိုးတက်အောင် လုပ်သည့်နေရာတွင် လျှပ်စစ်ဓာတ်အား ရရှိရေးသည်လည်း သူ့ကဏ္ဍနှင့်သူ အလွန်အရေးကြီးပါကြောင်း၊ ရုပ်ပိုင်းဆိုင်ရာအရ အမှောင်ထဲမှ အလင်းကို လွယ်လွယ်ကူကူရောက်နိုင်သည့် အနေအထားဖြစ်ပါကြောင်း၊ စိတ်ပိုင်းဆိုင်ရာလည်း ထိုသို့ ဖြစ်စေလိုပါကြောင်း၊ အမှောင်ထဲမှ အလင်းသို့ရောက်ရန်အတွက် ပြည်ထောင်စုသား သမီးအားလုံး တစ်ဦးချင်းတွင် တာဝန်ရှိပါကြောင်း၊ စိတ်ဓာတ်ထားတတ်မှသာ အမှောင်ထဲမှ အလင်းသို့ ရောက်ရှိမည်ဖြစ်ပါကြောင်း၊ အမှောင်ထဲမှအလင်းကို တစ်ယောက်ချင်းက ရောက်လိုသည့် စိတ်ဓာတ်ရှိမှသာ ရောက်မည်ဖြစ်ပါကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက် အတူလက်တွဲပြီး တိုးတက်သည့် လမ်းကို လျှောက်ရန် သန္နိဋ္ဌာန်ချရန် အလွန်အရေးကြီးပါကြောင်း၊ ခွဲခြားစိတ်၊ ပြိုင်လိုသည့် စိတ်မဟုတ်ဘဲ တစ်ဦးအပေါ် တစ်ဦး အာဃာတစိတ်၊ ဒေါသစိတ်မထားဘဲ စေတနာ၊ မေတ္တာစိတ်ဖြင့် အတူတူတိုးတက်ကြမည်၊ အတူတူ ဆက်လက်ချီတက်ကြမည်၊ အတူတူပြည်ထောင်စုကို ထူထောင်သွားကြမည်ဆိုသည့် စိတ်ဓာတ်ကို ခိုင်မာအောင် လုပ်နိုင်မည်ဆိုပါက စိတ်ချင်းဆက်သွယ်ထားသည့် အလင်းရောင်လှိုင်းကြီး ဖြစ်သွားမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မွန်ပြည်နယ်တွင် စက်ရုံတစ်ခုဖွင့်သည့်အခါ တိုင်းရင်းသားတစ်စုတစ်ဖွဲ့အတွက် မဟုတ်ဘဲ တိုင်းရင်းသားအများစုအတွက်ဆိုသည့် အသိစိတ်ဖြင့် အင်မတန်ဝမ်းသာရပါကြောင်း၊ မိမိတို့ခေတ်တွင် မိမိတို့မျိုးဆက်များ တာဝန်ကျေပါက နောင်ခေတ်တွင် နောင်မျိုးဆက်သစ်များ၏ အခြေအနေသည် မိမိတို့ထက်များစွာ တိုးတက်သည့်အခြေအနေတွင် ရှိရန်လိုပါကြောင်း၊ အနာဂတ်အတွက် လုပ်ရန်ဆိုပါက အားလုံးက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အစိုးရ၊ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်၊ တရားရေးဆိုင်ရာ တရားရေးမဏ္ဍိုင် စသည့် မဏ္ဍိုင်ကြီးသုံးရပ်နှင့် ပြည်သူလူထုသည် အတူလက်တွဲ၍ တက်ညီလက်ညီလုပ်မှသာ မိမိတို့နိုင်ငံသည် မြန်မြန်ဆန်ဆန်တိုးတက်လာမည်ဖြစ်ပါကြောင်း။

**ခွဲခြားရှုမြင်၍မရ**

မိမိတို့နိုင်ငံ၏ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ရေးသည် စိတ်ပိုင်းဆိုင်ရာအတွက် အလွန်အရေးကြီးပါကြောင်း၊ ထိုနှစ်ခုကို ခွဲခြားရှုမြင်၍မရပါကြောင်း၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုတစ်ခုအတွက် အားလုံးဝိုင်းဝန်းပြီး အခမ်းအနားဖြင့် ကြိုဆိုသည့် အချိန်တွင် စိတ်ပိုင်းဆိုင်ရာပို၍ တိုးတက်ရန်အတွက် တစ်ယောက်အပေါ် တစ်ယောက် စေတနာထားတတ်ရန်၊ ပူးပေါင်းဆောင်ရွက်နိုင်သည့်စိတ်ဓာတ်များ အင်အားမြင့်လာရန် လုပ်ဆောင်ကြပါစို့ဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား သံဖြူဇရပ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်နယ်ဝန်ကြီး ဦးဝဏ္ဏကျော်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်သောင်းညွန့်၊ ဦးဉာဏ်ဟိန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင်နှင့် ဒေါ်မြတ်သီတာထွန်းတို့က ၆၆ ကေဗွီ မော်လမြိုင်-သံဖြူဇရပ် ဓာတ်အားလိုင်းနှင့် ၆၆/၃၃ ကေဗွီ၊ ၂၀ အမ်ဗွီအေ သံဖြူဇရပ်ဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံတိုင်းရင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**ဓာတ်အားပို့လွှတ်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့သည် စက်ခလုတ်နှိပ်၍ သံဖြူဇရပ်ဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်ပေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လျှပ်စစ်ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး စက်ရုံအတွင်း ဓာတ်အားပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

စာမျက်နှာ ၄ သို့ ☆

**လျှပ်စစ်ဓာတ်အားသည် မိမိတို့နိုင်ငံတစ်နိုင်ငံလုံး အတွက် လိုအပ်ချက်ဖြစ်ပါကြောင်း၊ ယခုအချိန်အထိ လိုအပ် ချက်၏ ၅၀ ရာခိုင်နှုန်းမပြည့်သေးပါကြောင်း၊ သို့သော် မိမိတို့ ၏အိမ်နီးနားချင်းနိုင်ငံတော်တော်များများတွင် ၈၀ ရာခိုင်နှုန်း ကျော်၊ ၉၀ ရာခိုင်နှုန်းကျော်၊ ၁၀၀ ရာနှုန်းပြည့် စသည်ဖြင့် လျှပ်စစ်ဓာတ်အားလုံလောက်နေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံသည် ပို၍ကြိုးစားရန် လိုအပ်**

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန်ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့ နိုင်ငံနဲ့ ကျွန်တော်တို့ ပြည်သူတွေ ဒီကနေ့တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်တွင်း၊ ပြည်ပစိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်နေရ

ကျွန်မတို့တွေဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်စေဖို့ စတင်ရုန်းကန်နေရတဲ့အချိန်မှာ ပြည်တွင်း၊ ပြည်ပ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။ ကမ္ဘာ့အသိုင်းအဝိုင်းအတွင်းမှာ တာဝန်သိစွာဖြင့် ရပ်တည်နိုင်ရန် အရေးကြီးကြောင်းကို နားလည်အသိအမှတ်ပြုတာနဲ့အလျောက် ကျွန်မတို့တွေဟာ ကိုယ့်နိုင်ငံရဲ့အခြေအနေ၊ လိုအပ်ချက်များနဲ့ ကိုက်ညီစွာ လျှောက်လှမ်းရင်းနဲ့ပဲ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အမြင်၊ သဘောထားတွေကိုလည်း အလေးပေးဆောင်ရွက်ရပါတယ်။

(၁-၄-၂၀၁၈ ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် သထုံမြို့သို့ ရောက်ရှိပြီး ၁၁၈ ဒသမ ၉ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**တစ်ထောင့်တစ်နေရာမှ ပံ့ပိုး**

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူလူထုအတွက် လျှပ်စစ်ဓာတ်အားရရှိပြီဆိုပါက ခလုတ်တစ်ခုဖွင့်လိုက်သည်နှင့် အမှောင်ထဲမှ အလင်းဘက်သို့ ကူးပြောင်း၍ရပါကြောင်း၊ ခလုတ်နှိပ်လိုက်သည်နှင့် လျှပ်စစ်မီးရရှိရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်ကြရခြင်း ဖြစ်ပါကြောင်း၊ ကျွမ်းကျင်မှု၊ ငွေရေး၊ ကြေးရေးနှင့် ပူးပေါင်းဆောင်ရွက်မှုလိုအပ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကအရေးကြီးသည်ဟု ပြောလိုပါကြောင်း၊ မိမိတို့နိုင်ငံသည်လွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ နိုင်ငံခြားရေးမူဝါဒအဖြစ် တစ်ကမ္ဘာလုံးတွင်ရှိသည့် နိုင်ငံအားလုံးနှင့် ခင်ခင်မင်မင်၊ ရင်းရင်းနှီးနှီး အေးအေးချမ်းချမ်းနေထိုင်ရေးကို အထူးသတိပြုပြီး အားပေးခဲ့ပါကြောင်း၊ ဆက်လက်လုပ်ဆောင်သွားရန်လည်း ရည်ရွယ်ချက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာကြီးအေးချမ်းသာယာရေးနှင့် ကမ္ဘာ့တိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ပံ့ပိုးပေးနိုင်သည့် နိုင်ငံဖြစ်စေလိုပါကြောင်း၊ မိမိတို့နိုင်ငံသူနိုင်ငံသားများကလည်း ထိုနည်းၤင်း ဖြစ်စေချင်ကြပါကြောင်း။

**တန်ဖိုးကို နားလည်မှသာ**

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရန် ဖွံ့ဖြိုးတိုးတက်မှုသည် အင်မတန်အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ဝိုင်းဝန်းပံ့ပိုးပေးသည့် အဖွဲ့အစည်းများနှင့် မိတ်ဆွေနိုင်ငံများကို ကျေးဇူးတင်ရှိပါကြောင်း၊ ကျေးဇူးဆိုသည်မှာ လူတိုင်းလူတိုင်းမှာ ရှိသင့်သည့် ခံစားချက်တစ်ခုဖြစ်ပါကြောင်း၊ ကျေးဇူးတရားရှိမှသာလျှင် ကမ္ဘာ၏တန်ဖိုး မိမိတန်ဖိုးကို သိရှိမည်ဖြစ်ပါကြောင်း၊ တစ်ယောက်နှင့်တစ်ယောက်၏ တန်ဖိုးကို နားလည်မှသာ မိမိတန်ဖိုးကို မြှင့်တင်နိုင်မည့် အခြေအနေဖြစ်ပါကြောင်း။

စီမံကိန်းတစ်ခုကို အောင်အောင်မြင်မြင် မိမိတို့ အကောင်အထည်ဖော်နိုင်လိုက်ပြီဆိုလျှင် နောင်စီမံကိန်းများထပ်မံအကောင်အထည်ဖော်နိုင်ရန် အင်အားဖြည့်ပေးရာ ရောက်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းခွင်လုပ်ငန်းများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ အရည်အချင်းများကို မြှင့်တင်ပေးရန် ဦးတည်လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဦးတည်လုပ်ဆောင်ရာတွင် အစိုးရပါဝင်ရမည်ဖြစ်ပြီး အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး မဏ္ဍိုင်ကြီး ၃ ခုသာမက ပြည်သူပြည်သားများ ပူးပေါင်းဆောင်ရွက်မှသာ မြန်မြန်ဆန်ဆန်နှင့် ထိထိရောက်ရောက် တိုးတက်နိုင်မည်ဖြစ်ပါကြောင်း။

**မိမိတို့ကိုယ်တိုင် ကြိုးစားအားထုတ်**

မွန်ပြည်နယ် သထုံတွင် လျှပ်စစ်ဓာတ်အားရရှိခြင်းသည် တစ်နိုင်ငံလုံးအတွက် ဝမ်းသာစရာ ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားမရသေးသည့်နေရာများတွင် လျှပ်စစ်ဓာတ်အားရရှိရေး မျှော်လင့်ချက်များနီးလာပြီဆိုသည့် စိတ်ဓာတ်များ ဖြစ်ပွားစေမည် ဖြစ်ပါကြောင်း၊ တစ်နေရာတိုးတက်မှုရှိခြင်းသည် တစ်တိုင်းပြည်လုံး၏ တိုးတက်မှုပင်ဖြစ်ပါကြောင်း၊ တစ်တိုင်းပြည်လုံး တိုးတက်မှုရှိမှသာ နေရာတိုင်းနေရာတိုင်းတွင် တိုးတက်မှုရှိမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း မိမိနိုင်ငံ တိုးတက်မှုအတွက် မိမိတို့ကိုယ်တိုင် ကြိုးစားအားထုတ်ရန် အဓိကဖြစ်သည်ကို သတိပေးလိုပါကြောင်း၊ အခြားသူကို အားကိုးခြင်းထက် မိမိကိုယ်ကိုအားကိုးခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း၊ မိမိတို့၏ စွမ်းရည်များကို မိမိတို့ကိုယ်တိုင် သေသေချာချာထိထိရောက်ရောက် သုံးနိုင်ပါမှ အခြားမှ စွမ်းရည်များလည်း မိမိတို့ဆီသို့ ရောက်လာမည်ဟု ယုံကြည်ပါကြောင်း။

**လက်တွဲ၍ ထမ်းဆောင်**

နိုင်ငံ၏ အဓိကလိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးကို အစိုးရအနေဖြင့် အထူးဂရုပြုဆောင်ရွက်နေပါကြောင်း၊ ပြည်သူလူထု၏ အရည်အချင်းများ တစ်နေ့ထက်တစ်နေ့ပိုပြီး တက်လာလိမ့်မည်ဟု ယုံကြည်သကဲ့သို့ နိုင်ငံ၏ဖွံ့ဖြိုးရေးအင်အားသည်လည်း တစ်နေ့ထက် တစ်နေ့တက်လာမည်ဟု ယုံကြည်ပါကြောင်း၊ ယုံကြည်ချက်အတိုင်း ဝိုင်းဝန်းပူးပေါင်းလက်တွဲ၍ ထမ်းဆောင်ပေးမည်ဟု မိမိအနေဖြင့် မျှော်လင့်ပါကြောင်းပြောကြားသည်။

ယင်းနောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ၁၁၈ ဒသမ ၉ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ပေါ်ပေါက်လာပုံ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဓာတ်အားပေးစက်ရုံ စမ်းသပ်မောင်းနှင်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား သထုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်က ကျေးဇူးတင်စကားပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ပြည်နယ်ဝန်ကြီး ဦးဝဏ္ဏကျော်၊ သထုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်တို့က ၁၁၈ ဒသမ ၉ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံတိုင်းရင်းသားလူငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့ သထုံမြို့ရှိ ၁၁၈ ဒသမ ၉ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြစဉ်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့က သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ထားမှုအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။

**ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံ**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သထုံမြို့ သုဝဏ္ဏခန်းမ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်အမှာစကားပြောကြားရာတွင် မွန်ပြည်နယ်ကို လာရောက်ရသည့် အကြောင်းရင်း နှစ်ရပ်ရှိပါကြောင်း၊ ပထမတစ်ခုအနေဖြင့် လျှပ်စစ်ဓာတ်အားပေးရေးနှင့် ပတ်သက်သည့် စီမံကိန်းဖွင့်ပွဲများသို့ တက်ရောက်ရန် ဖြစ်ပါကြောင်း၊ ဒုတိယအနေဖြင့် ပြည်သူလူထုနှင့် တွေ့ဆုံရန် ဖြစ်ပါကြောင်း၊

စာမျက်နှာ ၅ သို့ ✻



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သထုံမြို့ သုဝဏ္ဏခန်းမ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

❃ စာမျက်နှာ ၄ မှ

လျှပ်စစ်ဓာတ်အားရရှိရေးကို အလေးထားသည်ဆိုသည်မှာ ပြည်သူက အလေးထားသည့်ကိစ္စရပ်ဖြစ်၍ ဖြစ်ပါကြောင်း၊ ခရီးသွားပါက တတ်နိုင်သမျှသောကိစ္စများကို စုပေါင်းလုပ်ဆောင်ရန် ကြိုးစားပါကြောင်း၊ ထိုသို့သောကိစ္စရပ်များကို အလေးထားသည်ဆိုသည်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့သို့ခြေလှမ်းတစ်လှမ်းလျှောက်သည်ဆိုသည့်ပုံစံဖြင့် အလေးထားခြင်းဖြစ်ပါကြောင်း။

နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ကောင်းမွန်နေပါကြောင်း၊ ကုန်သွယ်မှုကွာဟမှုကျလာပါကြောင်း၊ မူလက သွင်းကုန်တွင်သုံးသည့် ငွေကြေးသည်များပြီး ထုတ်ကုန်ပို့သည့်တန်ဖိုးသည် နည်းနေပါကြောင်း၊ ယခုထုတ်ကုန်တန်ဖိုးသည် တက်လာပြီး သွင်းကုန်၏ တန်ဖိုးနှင့် ပို၍နီးကပ်လာသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံ၏တိုးတက်မှုကို ပြနေခြင်းဖြစ်ပါကြောင်း၊ ထိုတိုးတက်မှုသည် နေ့စဉ်နှင့်အမျှ ဖြစ်နေသော်လည်း ပြည်သူလူထုအားလုံးက ချက်ချင်းခံစား၍ ရမည်မဟုတ်ပါကြောင်း၊ တဖြည်းဖြည်းဖြင့်သာ ခံစားရမည်ဖြစ်ပါကြောင်း။

**အများတိုးတက်မှသာ**

လျှပ်စစ်ဓာတ်အားရရှိရေးကိစ္စသည် သာမန်ပြည်သူများအားလုံး တစ်ပြိုင်နက်ခံစားနိုင်သည့် အခွင့်အရေးရှိပါကြောင်း၊ အိမ်တိုင်းတွင် ခလုတ်နှိပ်လိုက်ရုံဖြင့် မီးလင်းလာနိုင်သည့်အခြေအနေကို ခံစားနိုင်ပါကြောင်း၊ ထို့ကြောင့် အများနှင့်ဆိုင်သည့်စီမံကိန်းများကို အထူးအလေးပေးဆောင်ရွက်နေပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးသည်လည်း ထိုကဲ့သို့ ဖြစ်ပါကြောင်း၊ လမ်း၊ တံတားသည် အစုအဖွဲ့တစ်ခုတည်းနှင့်မဆိုင်ဘဲ ပြည်သူအားလုံးနှင့် ဆိုင်ပါကြောင်း၊ ဒေသတွင်ရှိသည့် ပြည်သူများအားလုံးအတွက် လမ်းကောင်းခြင်း၊ တံတားကောင်းခြင်းသည် များစွာအရာရောက်ပါကြောင်း၊ အများအတွက် ကောင်းကျိုးကို ဦးစားပေးရမည်ဖြစ်ပါကြောင်း၊ လူနည်းစုအတွက် မစဉ်းစားခြင်းမဟုတ်ပါကြောင်း၊ သို့သော် အများစုအတွက် ပထမဦးဆုံး ဦးစားပေးလုပ်ဆောင်ခြင်းဖြင့် အများတိုးတက်မှသာ အနည်းစုကိုလည်း ခေါ်သွား၍ရမည်ဖြစ်ပါကြောင်း။

အားလုံးကို မုဒိတာပွားနိုင်မည်ဆိုပါက နိုင်ငံစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုထူထောင်ရေးသည် ပူပင်စရာအခက်အခဲ မရှိပါကြောင်း၊ အများအကျိုးသည် မိမိအကျိုး၊ မိမိအကျိုးသည် အများအကျိုးဆိုသည့် စိတ်ဓာတ်များ ခိုင်မာလာမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားပေါင်းစုံဖြင့် စုဖွဲ့ထားသည့် နိုင်ငံတွင် မည်သည့်တိုင်းရင်းသားများ တိုးတက်တိုးတက် အားလုံးအတွက် စိတ်ချမ်းသာသည်ဆိုသည့်စိတ်ဓာတ်ရှိပါက ပြည်ထောင်စုစိတ်ဓာတ်သည် ခိုင်မြဲသွားမည်ဖြစ်ပါကြောင်း၊ မွန်ပြည်နယ်အပါအဝင် ဆက်စပ်နေသည့် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးစသည်တို့တွင် လျှပ်စစ်ဓာတ်အားရရှိမှုများပွားများသွားမည်ကို ယခုတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေထိုင်သည့် ပြည်သူလူထုများသာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များက ပြည်သူလူထုများက မုဒိတာပွားများ ဝမ်းသာနိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ တိုးတက်မှုသည် အဆပေါင်းများစွာ ပိုမိုမြန်ဆန်လာမည်ဟု ယူဆပါကြောင်း။

> **အားလုံးကို မုဒိတာပွားနိုင်မည်ဆိုပါက နိုင်ငံစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုထူထောင်ရေးသည် ပူပင်စရာအခက်အခဲ မရှိပါကြောင်း၊ အများအကျိုးသည် မိမိအကျိုး၊ မိမိအကျိုးသည် အများအကျိုးဆိုသည့်စိတ်ဓာတ်များ ခိုင်မာလာမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားပေါင်းစုံဖြင့် စုဖွဲ့ထားသည့်နိုင်ငံတွင် မည်သည့်တိုင်းရင်းသားများ တိုးတက်တိုးတက် အားလုံးအတွက် စိတ်ချမ်းသာသည်ဆိုသည့်စိတ်ဓာတ် ရှိပါက ပြည်ထောင်စုစိတ်ဓာတ်သည် ခိုင်မြဲသွားမည်ဖြစ်**

နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာသည် အချင်းချင်းတွင် မှန်မှန်ကန်ကန် ဆက်ဆံမှုနှင့် နိုင်ငံပြင်ပမှ အခြားကမ္ဘာသူ ကမ္ဘာသားများအပေါ်တွင် မျှမျှတတ ကောင်းကောင်းမွန်မွန် ဆက်ဆံမှုအပေါ်တွင် အခြေခံပါကြောင်း၊ အချို့က နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာသည် ချမ်းသာကြွယ်ဝမှုအပေါ်တွင် မူတည်သည်ဟု ထင်ကြပါကြောင်း၊ ဂုဏ်သိက္ခာမဟုတ်ဘဲ အရှိန်အဝါသည် ချမ်းသာကြွယ်ဝမှုအပေါ်တွင် မူတည်သည်ကို လက်တွေ့ကျကျ လက်ခံရမည် ဖြစ်ပါကြောင်း၊ ရုပ်ပိုင်းဆိုင်ရာအင်အားသည် မည်သူမျှ ငြင်းပယ်၍မရနိုင်ပါကြောင်း၊ မိမိတို့၏ ဂုဏ်သိက္ခာအတွက် အချင်းချင်းအကြားတွင် မုဒိတာမေတ္တာပွားရန် အရေးကြီးသကဲ့သို့ အရှိန်အဝါအတွက် ကြိုးစား၍ လုံ့လဝီရိယရှိပြီး နိုင်ငံတိုးတက်ဖွံ့ဖြိုးအောင် လုပ်ရမည်ဖြစ်ပါကြောင်း၊ တိုးတက်ဖွံ့ဖြိုးမှုရှိမှသာ မိမိတို့နိုင်ငံ တည်ငြိမ်ရေးနှင့် အေးချမ်းရေးကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါကြောင်း။

**ဂုဏ်သိက္ခာရှိအောင်နေ**

တိုးတက်ဖွံ့ဖြိုးမှုမရှိသည့် နိုင်ငံများနှင့် လူ့အသိုင်းအဝိုင်းများတွင် ရေရှည်တွင် တည်ငြိမ်မှုကို ထိန်းသိမ်းရန် အလွန်ခက်ခဲပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းသာယာမှုနှစ်ခုလုံးကို ဒွန်တွဲ၍ ဖြစ်မြောက်အောင် ဆောင်ရွက်ရမည်ဟု အစိုးရက လက်ခံထားပါကြောင်း၊ တိုးတက်မှုအတွက် ဝိုင်းဝန်းကူညီပေးသည့် ပြည်သူလူထုများ၊ ဝန်ထမ်းများနှင့် အဖွဲ့အစည်းအားလုံးကိုလည်း တန်ဖိုးထားပါကြောင်း၊ မိမိတို့၏ အရင်းအမြစ်များ၊ ရတနာများသည် ပြည်သူလူထုဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် တစ်နေ့ထက်တစ်နေ့ မိမိကိုယ်ကို တန်ဖိုးရှိပြီး ဂုဏ်သိက္ခာရှိအောင်နေကြပါဟု တိုက်တွန်းလိုပါကြောင်း။

လူတိုင်းသည် မိမိကိုယ်ကို အားကိုးနိုင်ပြီး မိမိအစွမ်းအစကို အားကိုးကာ တိုးတက်အောင် လုပ်နိုင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် မိမိနိုင်ငံသူ နိုင်ငံသားများကို အားကိုးလိုပါကြောင်း၊ ပြည်ပမှ မိတ်ဆွေများ၏ အကူအညီများကို တန်ဖိုးထားကြိုဆိုပါကြောင်း၊ သို့သော် နောက်ဆုံးတွင် မိမိအင်အားကိုသာ အားကိုးရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိဘဆရာများသည် ကလေးများကို တိုးတက်အောင်၊ ပညာရှာတတ်အောင်၊ ပညာရှာချင်အောင် အားပေးစေလိုပါကြောင်း၊ မိဘများကိုယ်တိုင်ကလည်း အသက်ထက်ဆုံး ပညာရှာတတ်သည့် အမူအကျင့်များကို ပြကြပါဟု မေတ္တာရပ်ခံလိုပါကြောင်း၊ ပညာရှာခြင်းသည် ကျောင်းတွင် သင်ယူခြင်းကို ဆိုလိုခြင်းမဟုတ်ပါကြောင်း၊ လောကတွင် ရင်ဆိုင်ရမည့် ပြဿနာ၊ စိန်ခေါ်မှုများကို ကျော်လွှားသည့်နေရာတွင် မှန်မှန်ကန်ကန် သိက္ခာရှိရှိဖြင့် ကျော်လွှားနိုင်ရန် နည်းလမ်းများရှာခြင်းကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ပြည်သူများနှင့် တွေ့ဆုံသည့်အခါ ပြည်သူများထံမှ သင်ယူရသည်များလည်းရှိပါကြောင်း၊ ပြည်သူများ၏ လုပ်ပုံ၊ ကိုင်ပုံ၊ ပြောပုံ၊ ဆိုပုံများကို သင်ခန်းစာယူရပါကြောင်း ပြောကြားသည်။

**ဖြည့်စွက်ရှင်းလင်း**

ယင်းနောက် ဒေသခံပြည်သူများက စာဖြင့်ကြိုတင်တင်ပြထားသည့် ကျိုက်ထိုမြို့ရှောင်လမ်း တည်ဆောက်ပြီးစီးမည့်အချိန်နှင့် သုံးစွဲမည့်ရန်ပုံငွေကို သိရှိလိုခြင်း၊ သထုံနှင့် ဘီးလင်းမြို့နယ်များတွင် နွေစပါး ပိုမိုတိုးတက် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးမည့်အစီအမံများကို သိရှိလိုခြင်း၊ ကျိုက်မရော၊ ချောင်းဆုံ၊ ဘီးလင်းမြို့နယ်များတွင် Telemedicine, Teleradiology ဌာနများဖွင့်လှစ်ထားပြီး ခေတ်မီဒစ်ဂျစ်တယ် X-Ray ဓာတ်မှန်စက်ကြီးများဖြင့် ဆောင်ရွက်ပေးနေသည့်အတွက် အဖြေများကို လွယ်ကူလျင်မြန်စွာရရှိပြီး ကုန်ကျစရိတ်များ သက်သာသဖြင့် ကျန်မြို့နယ်များတွင်လည်း ထိုဌာနများကို ဆက်လက်ဆောင်ရွက်ပေးရန် ရှိ/မရှိ သိရှိလိုခြင်း၊ သထုံခရိုင် ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီးအား ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ပိန္နဲတောကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန်၊ သထုံမြို့နယ်တွင် ဓာတ်အားခွဲရုံကြီး မကြာမီ ဖွင့်လှစ်မည်ဆိုသည်ကို သိရှိရသည့်အတွက် ယနေ့အချိန်အထိ လျှပ်စစ်မီးမရရှိသေးသည့် သထုံမြို့နယ်၏ အရှေ့ဘက်ခြမ်း ကျေးရွာများဖြစ်သော နောင်ကုတ်ကျေးရွာအုပ်စု၊ ဝီယော်ကျေးရွာအုပ်စု၊ မတ်ချကျေးရွာအုပ်စု၊ ဝင်းဖုန်းကျေးရွာအုပ်စု၊ ပိန္နဲတောကျေးရွာအုပ်စု၊ ကော့လိုင်ကျေးရွာအုပ်စု၊ ချောင်းဇောင့်ကျေးရွာအုပ်စုတို့ကို လျှပ်စစ်မီးရရှိရေး ကူညီဆောင်ရွက်ပေးရန်၊ ညောင်ကုန်းကြီး-ထန်းတပင်-ချောင်လေး-မြလေးချောင်-ရင်းငြိမ်မြောက်လမ်းသည် ၁၁ မိုင် ရှည်လျားပြီး ၇ မိုင်ကို ကတ္တရာခင်းပြီးဖြစ်သည့်အတွက် ကျန် ၄ မိုင်အား လာမည့်ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းအဖြစ် ဆက်လက်ဆောင်ရွက်ပေးရန်၊ ကွဲခြံ-ကော့ကရင်-ဒေးကင်းလမ်းသည် ၄/၃ ဒသမ ၄၅ မိုင်မှ ၂/၀ မိုင်ခန့်သည် ကတ္တရာလမ်းအမျိုးအစားဖြစ်ပြီး ကျန် ၂ မိုင် ၃ ဖာလုံကို ကတ္တရာလမ်းအဖြစ် ဆက်လက်ဆောင်ရွက်ပေးရန်၊ ဇင်းကျိုက်-တပ်မှူးချောင်း-ဘိုင်လောင်းလမ်းသည် စုစုပေါင်း ၆ မိုင် ၆ ဒသမ ၅ ဖာလုံရှိသော မြေသားလမ်းဖြစ်ပြီး လာမည့်ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် စသည့်တင်ပြချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ခန်းမအပြင်ဘက်ရှိ ဒေသခံပြည်သူ (၃)ဦးတင်ပြသည့် ယာယီလာရောက်နေထိုင်သည့် မြေနေရာတွင် တရားဝင်နေထိုင်ခွင့်ရရှိရေး၊ သုသာန်မြေအား ရွာသူရွာသားများ၏ဆန္ဒမပါဘဲ စီမံကိန်းအကောင်အထည်ဖော်ရန် ဆောင်ရွက်နေမှုနှင့် ကျေးရွာများ လျှပ်စစ်မီးရရှိရေးဆိုင်ရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ခန်းမအတွင်းရှိ ဒေသခံပြည်သူ(၅)ဦးတင်ပြသည့် သထုံမြို့ အောက်ကျင်းရပ်ကွက် ကန်ညီနောင် သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ဆောင်ရွက်ပေးရန်၊ မီးလင်းရေးကော်မတီအပြောင်းအလဲဖြစ်မှုနှင့် ငွေစာရင်းရှင်းတမ်းကိစ္စ၊ ရှေးဟောင်းဘုရားစေတီပြုပြင်ခြင်းကိစ္စ၊ သိမ်ဇရပ်မြို့ပလပ်မြေနေရာများတွင် ဆိုင်ခန်းများ၊ အဆောက်အဦများ ဝင်ရောက်တည်ဆောက်ခြင်းကိစ္စ၊ ကျေးရွာဖယ်ရှားပြောင်းရွှေ့ခံရမှုနှင့် နစ်နာကြေးမရမှုဆိုင်ရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက်ရှင်းလင်းသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အချင်းချင်း မကျေလည်မှုများရှိပါက ညှိနှိုင်းတိုင်ပင်ဆွေးနွေးရန် လိုအပ်ပါကြောင်း၊ ထွက်ပေါက်တစ်ခုကို နှစ်ဦးနှစ်ဖက်စဉ်းစားပြီး ရှာရန်လိုအပ်ပါကြောင်း၊ မိမိဖြစ်စေချင်သည့်အတိုင်းဖြစ်မှ

စာမျက်နှာ ၆ သို့ ❐

❒ စာမျက်နှာ ၅ မှ
အဆင်ပြေမည်ဆိုပါက အလုပ်ဖြစ်မည်မဟုတ်ပါကြောင်း၊ ဆွေးနွေးပွဲတွင် ပါဝင်ကြသည့် ပြည်သူလူထုကို ကျေးဇူးတင်ရှိပါကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ ပြည်သူလူထု ရင်ဆိုင်နေရသည့် ပြဿနာများကို အတိုင်းအတာတစ်ခုထိ သိခွင့်ရခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ယင်းပြဿနာများကို မြန်မြန်ဆန်ဆန်နှင့် အများထင်သာ မြင်သာရှိအောင် ဖြေရှင်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသခံ တိုင်းရင်းသားလူငယ်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် သထုံမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ မော်လမြိုင်သို့ ရောက်ရှိကြပြီး မော်လမြိုင်လေဆိပ် ဧည့်ခန်းမဆောင်၌ မွန်ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မော်လမြိုင်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက နေပြည်တော်လေဆိပ်၌ ကြိုဆိုကြသည်။

သထုံ ၁၁၈ ဒသမ ၉ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို အတိုးနှုန်း သက်သာသော ကမ္ဘာ့ဘဏ် IDA ချေးငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလ (၃၆) လနှင့် အပြီးတည်ဆောက်ခဲ့ပြီး ယခု ၂၀၁၉ ခုနှစ်တွင် နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်နိုင်ပြီဖြစ်ကြောင်း၊ သထုံစက်ရုံ ပတ်ဝန်းကျင်အနီးရှိ ကျေးရွာများမှ အိမ်ခြေ ၁၂၂၀ အထိ လျှပ်စစ်မီး တိုးတက်သုံးစွဲနိုင်ခဲ့ကြောင်း။

နောင်တိုးတက်သုံးစွဲလာမည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်၏ ဓာတ်အားသုံးစွဲမှုများကို ဖြည့်ဆည်းနိုင်ရန် သထုံဒေသတွင် ၁၀၆ မဂ္ဂါဝပ် Combined Cycle Power Plant စီမံကိန်းကို ထပ်မံအကောင်အထည်ဖော်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်တွင် မွန်ပြည်နယ်အနေဖြင့် မြို့(၁၄)မြို့ ကျေးရွာပေါင်း(၈၃၀)၊ အိမ်ထောင်စုပေါင်း(၂၁၆၂၈၃)၊ (၅၁ ဒသမ ၁၈ ရာခိုင်နှုန်း) လျှပ်စစ်ဓာတ်အားရရှိပြီဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ၅၅ ရာခိုင်နှုန်း အထက်သို့လည်းကောင်း၊ NEP Phase -I အရ (၆၇) ရွာ ဓာတ်အားတိုးတက်ရရှိလာမည်ဖြစ်၍ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်း အထက်သို့လည်းကောင်း ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိရန် စီမံဆောင်ရွက်ထားရှိပြီး ဖြစ်ကြောင်း၊ ပြည်သူများ ဓာတ်အားရရှိသုံးစွဲနိုင်ရေး အတွက် ယနေ့အထိ နိုင်ငံတော်မှ မွန်ပြည်နယ်တစ်ခုလုံးအတွက် ငွေကျပ် ၇၇ ဒသမ ၇ ဘီလီယံ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်သည် တစ်နှစ်လျှင် ၁၉ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိပြီး မဂ္ဂါဝပ်အားဖြင့် တစ်နှစ်လျှင် ၃၀၀ မှ ၅၀၀ ကြား တိုးတက်လိုအပ်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် ဓာတ်အားထုတ်လုပ်နိုင်မှုမှာ မဂ္ဂါဝပ် (၃၈၀၀) ခန့်ရှိသော်လည်း နောက်(၃)နှစ်ခန့်အတွင်းတွင် တိုးတက်လာမည့် ဓာတ်အားလိုအပ်ချက်အရ နောက်ထပ်မဂ္ဂါဝပ် (၃၀၀၀) ခန့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ဓာတ်အားများကို တစ်နိုင်ငံလုံးပို့ဆောင်ရာတွင် တောင့်တင်းသော ဓာတ်အားကွန်ရက်ဖြင့် သယ်ဆောင်နိုင်ရန် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းများနှင့် ၅၀၀ ကေဗွီ ပြည်ထောင်စုမဟာဓာတ်အားလိုင်းများ တည်ဆောက်နိုင်ရေး အစီအစဉ်များရေးဆွဲဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈ သန်းကျော်ရှိကြောင်း၊ ၂၀၁၉ ခုနှစ် မတ်လအထိ အိမ်ထောင်စုပေါင်း ၄ ဒသမ ၇ သန်းကျော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိခဲ့ပြီးဖြစ်ကြောင်း၊ ၆ ဒသမ ၁ သန်းကျော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိရန် ကျန်ရှိနေကြောင်း၊ ၂၀၁၉ ခုနှစ်အကုန်တွင် တစ်နိုင်ငံလုံးရှိ ၅၀ ရာခိုင်နှုန်းသော အိမ်ထောင်စုများ လျှပ်စစ်မီးရရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ် မတ်လတွင် တစ်နိုင်ငံလုံး အိမ်ထောင်စုအားလုံး၏ ၅၅ ရာခိုင်နှုန်းကျော်အား ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ၅၅ ရာခိုင်နှုန်း၊ ၂၀၂၆ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်း အထက်နှင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ပြည့်ဝစွာသုံးစွဲနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၂) သူရတပ်ခွဲ သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၅**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂၂) သူရတပ်ခွဲသင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိပ်ချို စိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

**ငွေဓားဆု ချီးမြှင့်**

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၂)သူရတပ်ခွဲမှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းဇင်ဝင်းအား ငွေဓားဆု ချီးမြှင့်သည်။**(ယာပုံ)**

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရာတွင် တည်ငြိမ်ရေးနှင့် အေးချမ်းမှုရှိရန်လိုအပ်ပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

တပ်မတော်သည် ၂၀၁၉ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်လုပ်ဆောင်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးမြောက်စေရေး၊ တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေးကို ပြည်သူ့လက်ဝယ်သို့ အပ်နှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းကိုလည်း ပြောကြားလိုကြောင်း။

**ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်**

မြန်မာ့တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန်၊ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်လာစေရန်နှင့် မိမိဘဝ တိုးတက်အောင်မြင်ရန်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ ကျင့်ကြံကြိုးစားလုပ်ဆောင်သွားကြရန်၊ မိမိနှင့် မိမိကွပ်ကဲခေါင်းဆောင်ရသည့် တပ်ဖွဲ့ကို စည်းကမ်းဥပဒေနှင့်အညီ လိုက်နာနေထိုင်ပြီး အမိန့်နာခံမှုကောင်းမွန်နေအောင် လေ့ကျင့်ဆောင်ရွက်သွားကြရန် တပ်မတော်၏ အဓိကလုပ်ငန်းကြီး သုံးရပ်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်နေရေး အစဉ်လေ့ကျင့်သွားကြရန်၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ကြရန်၊ “အနာဂတ်ရဲ့စစ်ခေါင်းဆောင်” ဆိုသည့် ဆောင်ပုဒ်အတိုင်း တပ်မတော်က အားကိုးရသည့် စစ်ခေါင်းဆောင်များဖြစ်စေရန်အတွက် ကြုံတွေ့လာနိုင်သည့် မည်သည့်အခက်အခဲကိုမဆိုရင်ဆိုင်ကျော်လွှားပြီး ပေးအပ်လာသည့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန် တိုက်တွန်းကြောင်းပြောကြားသည်။

ထို့နောက်ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြ အခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ရိပ်သာဧည့်ခန်းမ၌ ထူးချွန်ဆုရ ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။

**တက်ရောက်ချီးမြှင့်**

ညနေပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၂၂) သူရတပ်ခွဲ၏ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့ တက်ရောက်ချီးမြှင့်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



## ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကိုအခြေခံ၍ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းထုတ်ပြန်

**နေပြည်တော် ဧပြီ ၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနသည် နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာအဖွဲ့အစည်း အသီးသီးမှ နိုင်ငံတော်၏မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ နှစ်အလိုက် ခန့်မှန်းလူဦးရေစာရင်းအား နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူဦးရေကိုအခြေခံ၍ ခန့်မှန်းတွက်ချက်မှုများအရ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်တွင်ရှိသော မြန်မာနိုင်ငံ၏လူဦးရေမှာ ၅၄ ဒသမ ၁၀ သန်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ နေ့ရက်တွင်ရှိသော တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခန့်မှန်းလူဦးရေစာရင်းမှာ ကချင်ပြည်နယ်တွင် ကျား (၉၇၈၂၂၄)၊ မ (၉၀၃၁၃၈) စုစုပေါင်း (၁၈၈၁၃၆၂)၊ ကယားပြည်နယ်တွင် ကျား (၁၅၉၁၂၁)၊ မ (၁၆၁၀၉၅) စုစုပေါင်း (၃၂၀၂၁၆)၊ ကရင်ပြည်နယ်တွင် ကျား (၇၈၃၇၇၁၆)၊ မ (၈၂၁၉၈၁) စုစုပေါင်း (၁၆၀၅၆၉၇)၊ ချင်းပြည်နယ်တွင် ကျား (၂၄၆၈၉၇)၊ မ (၂၆၉၈၅၅) စုစုပေါင်း (၅၁၆၇၅၂)၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျား (၂၆၁၅၉၃၆)၊ မ (၂၉၃၄၄၅၃) စုစုပေါင်း (၅၅၅၀၃၈၉)၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကျား (၇၃၃၃၀၆)၊ မ (၇၄၅၇၈၀) စုစုပေါင်း (၁၄၇၉၀၈၆)၊ ပဲခူးတိုင်းဒေသကြီးတွင် ကျား (၂၃၃၉၆၁၈)၊ မ (၂၅၉၄၈၁၀) စုစုပေါင်း (၄၉၃၄၄၂၈)၊ မကွေးတိုင်းဒေသကြီးတွင် ကျား (၁၈၀၇၁၄၅)၊ မ (၂၁၃၀၁၃၃) စုစုပေါင်း (၃၉၃၇၂၇၈)၊ မန္တလေးတိုင်းဒေသကြီးတွင် ကျား (၃၀၅၇၇၅၆၅)၊ မ (၃၄၂၀၁၇၅) စုစုပေါင်း (၆၄၇၇၇၄၀)၊ မွန်ပြည်နယ်တွင် ကျား (၉၄၃၆၀၉)၊ မ(၁၀၅၁၄၅၉) စုစုပေါင်း (၁၉၉၅၀၆၈)၊ ရခိုင်ပြည်နယ်တွင် ကျား (၁၅၈၂၀၃၄)၊ မ (၁၇၄၃၀၈၂) စုစုပေါင်း (၃၃၂၅၁၁၆)၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျား (၃၈၈၇၄၄၉)၊ မ (၄၃၁၆၃၈၃) စုစုပေါင်း (၈၂၀၃၈၃၂)၊ ရှမ်းပြည်နယ်တွင် ကျား (၃၁၅၆၁၆၆)၊ မ (၃၁၇၆၀၂၂) စုစုပေါင်း (၆၃၃၂၁၈၈)၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကျား (၃၀၄၂၈၁၄)၊ မ (၃၂၃၀၀၉၉) စုစုပေါင်း (၆၂၇၂၉၁၃)၊ နေပြည်တော်ကောင်စီနယ်မြေတွင် ကျား (၆၁၅၂၈၉)၊ မ (၆၅၃၈၉၉) စုစုပေါင်း (၁၂၆၉၁၈၈)ဦးဖြစ်ပြီး မြန်မာနိုင်ငံ၏ လူဦးရေမှာ ကျား (၂၅၉၄၈၈၉)၊ မ (၂၈၁၅၂၃၆၄) စုစုပေါင်း (၅၄၁၀၁၂၅၃)ဦးဖြစ်ကြောင်း ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ပေကျင်းမြို့ရှိ ဒစ်ဂျစ်တယ်ရုပ်ရှင်လုပ်ငန်းများ ကြည့်ရှုလေ့လာ

**ပေကျင်း မေ ၅**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ဒစ်ဂျစ်တယ်ရုပ်ရှင်လုပ်ငန်း၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေစိုက်စခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

**မေးမြန်းဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် China Film Group ၌ ဒစ်ဂျစ်တယ်မြင်ကွင်းကျယ်စနစ် ( China Film Giant Screen Format) ဖြင့် ရုပ်ရှင်ပြသမှုကို ဦးစွာကြည့်ရှုလေ့လာပြီး China Film Equipment Co.Ltd ၌ CFGS နည်းပညာတီထွင်၍ ၂၀၁၂ ခုနှစ်မှ စတင်အသုံးပြုမှု၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုနှင့် စရိတ်လျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

တရုတ်ဒစ်ဂျစ်တယ်မြင်ကွင်းကျယ်စနစ် (CFGS) နည်းပညာကို တရုတ်နိုင်ငံအနေဖြင့် ပြည်ပနိုင်ငံကြီးများ၏ နည်းပညာထိုးဖောက်မှုမှ ကာကွယ်နိုင်ရန်နှင့် နည်းပညာယှဉ်ပြိုင်နိုင်ရန်အတွက် သုတေသနပြုလုပ်၍ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ တရုတ်နိုင်ငံရှိ ရုပ်ရှင်ပိတ်ကားပေါင်း လေးသောင်းခန့်အနက် လေးရာနီးပါးတွင် အသုံးပြုနေပြီး စီးပွားဖြစ်လုပ်ကိုင်နေသည့်အပြင် အမေရိကန်၊ အင်ဒိုနီးရှား စသည့် နိုင်ငံများသို့လည်း ထိုးဖောက်နိုင်ပြီဖြစ်သည်။ ယခုအခါ IMAX ရုပ်ရှင်ထုတ်လုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့်အပြိုင် DMAX ဟု ထင်ရှားလူသိများလျက်ရှိကြောင်း သိရသည်။

**ကြည့်ရှုလေ့လာ**

မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ ဟွိုင်လိုမြို့နယ် ရန်စန့်ဒေသရှိ တရုတ်ဒစ်ဂျစ်တယ်ရုပ်ရှင်နှင့် ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေစိုက်စခန်း (State Production Base of The China Film Group) သို့ ရောက်ရှိကြပြီး Indoor, Outdoor ရိုက်ကူးနိုင်သည့် စတူဒီယိုများ၊ ဆက်တင်ပြင်ဆင်ပြုလုပ်နေမှုများ၊ အသံတု၊ နောက်ခံအသံနှင့် အသံတည်းဖြတ်မှုလုပ်ငန်းများကို ကြည့်ရှုလေ့လာကြသည်။

**နှစ်နှစ်ခွဲခန့် အချိန်ယူတည်ဆောက်ထား**

အဆိုပါ ရုပ်ရှင်နှင့် ရုပ်သံထုတ်လုပ်မှုအခြေစိုက်စခန်းကို တရုတ်ယွမ်ငွေသန်း ၂၀၀၀ ကျော် ရင်းနှီးမြှုပ်နှံပြီး Indoor , Outdoor ရိုက်ကွင်းများပါဝင်သည့် စတူဒီယို ၁၆ ခု ပါဝင်ဖွဲ့စည်းကာ ဧရိယာစတုရန်းမီတာ ၅၀၀၀ အကျယ်အဝန်းတွင် နှစ်နှစ်ခွဲခန့် အချိန်ယူတည်ဆောက်ထားခြင်းဖြစ်သည်။

ယင်းကို ၂၀၁၈ ခုနှစ် ဩဂုတ်တွင် ဖွင့်လှစ်ခဲ့ပြီး ခေတ်မီရုပ်ရှင်ထုတ်လုပ်ရေး ကိရိယာများဖြင့် ပါဝင်တည်ဆောက်ကာ ပန်းခြံ၊ စားသောက်ဆိုင်၊ ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများဖြင့် တွဲဖက်တည်ဆောက်ထားသော အာရှတွင် အကြီးဆုံးရုပ်ရှင်နှင့် ရုပ်သံထုတ်လုပ်ရေးစခန်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့သည် ပေကျင်းမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ တရုတ်ဒစ်ဂျစ်တယ်ရုပ်ရှင်နှင့် ရုပ်မြင်သံကြားထုတ်လုပ်မှု အခြေစိုက်စခန်းတွင် ကြည့်ရှုလေ့လာစဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ China Film Equipment Co.Ltd မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



# အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၁၀၀ ကျော်ဖန်တီးပေးနိုင်မည့် လုပ်ငန်း ငါးခုအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု

**နေပြည်တော် မေ ၅**
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/ ၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ကိုးဦး တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊ စက်မှုကုန်ထုတ်လုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်း စုစုပေါင်းလုပ်ငန်း ငါးခုတို့ကို ခွင့်ပြုပေးခဲ့သည်။

အထက်ဖော်ပြပါ လုပ်ငန်း ငါးခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၃၈ သန်းနှင့် ကျပ်သန်းပေါင်း ၆၉၃၈၄ ဒသမ ၇၅၄ ရှိပြီး အဆိုပါလုပ်ငန်းများမှ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၁၂၁ ဦး ဖန်တီးပေးနိုင်မည်ဖြစ်သည်။ **သတင်းစဉ်**

# စတုတ္ထအကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေး မြန်မာနိုင်ငံ၌ လက်ခံကျင်းပရေး ဆွေးနွေး

**နေပြည်တော် မေ ၅**
နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E. Mr. Manjurul Karim Khan Chowdhury အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အမြဲတမ်းအတွင်းဝန်က နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ဒုတိယအကြိမ်ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးအား ၂၀၁၈ ခုနှစ် မေလတွင် လည်းကောင်း၊ တတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးအား ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် လည်းကောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီးဖြစ်ရာ နှစ်နိုင်ငံအစည်းအဝေးများကို အပြန်အလှန် ကျင်းပလေ့ရှိသည့်မူနှင့်အညီ ယခုစတုတ္ထအကြိမ်မြောက် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးများကို မေ ၂၇ ရက်တွင် နေပြည်တော်၌ ကျင်းပလိုကြောင်း အသိပေးပြောကြားခဲ့သည်။

**သတင်းစဉ်**

# ညောင်ဦးမြို့ ရွှေတွင်းရပ်ကျေးရွာတွင် စက်ရေတွင်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဆောင်ရွက်ပေးမှုဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ စေတနာမျှဝေခြင်းအစီအစဉ်ဖြင့် တူးဖော်ထားသည့် စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စုတည်အုပ်စု ရွှေတွင်းရပ်ကျေးရွာတွင် မေ ၄ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် HALPIN GROUP (Pyinnyar Aung Myay) YANGON မှ ဆရာကြီး ဦးကျော်ဝင်းက ရွှေတွင်းကျေးရွာတွင် စက်ရေတွင်းတူးဖော်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာနေ အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

နွေဦးကာလတွင် ကျေးရွာနေပြည်သူများ ရင်ဆိုင်နေရသည့် သောက်သုံးရေမလုံလောက်မှုပြဿနာကို ကူညီဖြေရှင်းပေးရန် HALPIN GROUP (Pyinnyar Aung Myay) YANGON မိသားစုဝင်များ၏ အလှူငွေကျပ် ၉၃၂၆၀၀၀ မတည်မှုဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တွင်းတူးစက်နှင့် နည်းပညာအကူအညီပေး၍ စက်ရေတွင်းတူးဖော်မှုကို ၁၃ ရက်အတွင်း ဆောင်ရွက်နိုင်ခဲ့သည်။

ရွှေတွင်းကျေးရွာရှိ အိမ်ထောင်စု ၅၀၊ လူဦးရေ ၃၀၀ တို့အတွက် တစ်နာရီရေထွက်နှုန်းဂါလန် ၂၀၀၀၊ အနက်ပေ ၆၀၀ ရှိ လေးလက်မကျောက်စရစ်ကာရံ အမျိုးအစား စက်ရေတွင်းတစ်တွင်း၊ ရေတင်စက်ရုံတစ်ခု၊ ဂါလန် ၆၀၀၀ ဆံ့ ရေကန်တစ်ကန်နှင့် အိမ်တိုင်ရာရောက်ပိုက်လိုင်းများ သွယ်တန်းပေးနိုင်ခဲ့သည်။

စက်ရေတွင်းဖွင့်ပွဲအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်၊ ညောင်ဦးမြို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ HALPIN GROUP (Pyinnyar Aung Myay) YANGON တည်ထောင်သူ ဦးသိန်းထွန်းနှင့် ဆရာကြီးဒေါက်တာ ကျော်မျိုးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




**Best Director Awards ဆုရ ဒါရိုက်တာ ခရစ္စတီးနားခီ ဆုလက်ခံရယူစဉ်။**




**Best Actor in a Supporting Role Awards ဆုရ အကယ်ဒမီ လူမင်း ဆုလက်ခံရယူစဉ်။**

✻ **ကျောဖုံးမှ**

ဆက်လက်၍ ရုပ်သံဇာတ်လမ်းတွဲဆု ငါးဆုကို ကြေညာရာ Best TV Series Awards ကို ပန်းနှစ်ပွင့်စီးချင်း ဇာတ်လမ်းတွဲက လည်းကောင်း၊ Best Director Awards (TV Series)ကို ပုဂံမြို့သူ ဇာတ်လမ်းတွဲမှ ဒါရိုက်တာကျော်သူက လည်းကောင်း၊ Best actor Awards (TV Series) ကို ပုဂံမြို့သူ ဇာတ်လမ်းတွဲမှ သရုပ်ဆောင် ဒေါင်းကလည်းကောင်း၊ Best actress Awards (TV Series) ကို ပျားရည်အိုင် ဇာတ်လမ်းတွဲမှ သရုပ်ဆောင် မေမီကိုကို ကလည်းကောင်း၊ Special Awards (TV Series) ကို ဘ၀ထဲက ၀တ္ထု၊ ၀တ္ထုထဲက ဘ၀ဇာတ်လမ်းတွဲမှ ဒါရိုက်တာဦးသိမ်းစိုးကလည်းကောင်း ရရှိကြပြီး ဆုရရှိသူများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် အကယ်ဒမီများရှင် အနုပညာရှင်၊ အတတ်ပညာရှင်များက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကာ ဆုရရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**Fashion ဆု**

ထို့နောက် ဆုပေးပွဲသို့ ဝတ်ဆင်လာသည့် Fashion များအပေါ် အကဲဖြတ်ပေးအပ်သည့် Fashion သုံးဆုတွင် Fashion Awards (Actor) ကို သရုပ်ဆောင် ခါရာက လည်းကောင်း၊ Fashion Awards (Guest) ကို ရုပ်ရှင်သရုပ်ဆောင် ပိုင်ဇေရဲထွန်း၏ ဇနီး မဇင်သဲနိုင်က လည်းကောင်း၊ Fashion Awards (actress)ကို အကယ်ဒမီ ဝတ်မှုန်ရွှေရည်က လည်းကောင်း ရရှိကြသည်။

ယင်းနောက် STAR AWARDS 2018 ရုပ်ရှင်ဆု ၁၅ ဆုမှ တစ်ဆုဖြစ်သည့် Best Story Awards ကို ပေးအပ်ရာ STAR AWARDS ရွေးချယ်ရေးကော်မတီဝင် ဦးအောင်စိုးသူနှင့် တာဝန်ရှိသူများက ရွှေပါရမီတောရကျောင်းတိုက်မှ ဆရာတော် အရှင်ဆန္ဒာဓိကထံသို့ သွားရောက်ဆက်ကပ်လှူဒါန်းသည့် ဗီဒီယိုဖိုင်ကို ပြသသည်။

**ရုပ်ရှင်ဆု ၁၅ ဆု**

ယင်းနောက် STAR AWARDS 2018 ရုပ်ရှင်ဆု ၁၅ ဆုကိုကြေညာရာ Best Picture Awards ကို လရောင်ဖြာတဲ့အင်းလေးမှာ ဇာတ်ကားမှ ဝါဝါဝင်းရွှေ ရုပ်ရှင်ထုတ်လုပ်ရေးကလည်းကောင်း၊ Special Awards (Costume and Make - Up) ကို မီ ဇာတ်ကားမှ မိတ်ကပ်ပညာရှင် မေဦးကလည်းကောင်း၊ Special Awards (Setting and Special Effects) ကို ဒုဋ္ဌဝတီကိုလွန်၍ ဇာတ်ကားမှ အာကာထုတ်လုပ်ရေးက လည်းကောင်း၊ Special Awards (Performance) ကို ဇာတိမြေဇာတ်ကားမှ မိုရီဆာကီဝင်းက လည်းကောင်း၊ Best Theme Song Awards ကို ချူဆီဇာတ်ကားမှ အောင်ခင်မင်း ရုပ်ရှင်ထုတ်လုပ်ရေးက လည်းကောင်း၊ Rising Star Award (Male)ကို မျက်နှာပြင်များ (Dimensions) ဇာတ်ကားမှ သရုပ်ဆောင် ခါရာက လည်းကောင်း၊ Rising Star Award (Female) ကို မိုးပန်းပွင့်ရဲ့ သင်္ကေတဇာတ်ကားမှ သရုပ်ဆောင် မေမြင့်မိုရ်က လည်းကောင်း၊ Best Cinematography Award ကို မီ ရုပ်ရှင်ဇာတ်ကားမှ ဒါရိုက်တာဏကြီးက လည်းကောင်း၊ Best Actor in a Leading Role Awards ကို တိမ်တိုက်တံတားဇာတ်ကားမှ အကယ်ဒမီ နေတိုးက လည်းကောင်း၊ Best Actress in a Supporting Role Awards ကို သုံးရောင်ခြယ် ဇာတ်ကားမှ သရုပ်ဆောင် ရွှေသမီးက လည်းကောင်း၊ Best Director Awards ကို ဥပါယ်တံမျဉ်ဇာတ်ကားမှ ဒါရိုက်တာ ခရစ္စတီးနားခီက လည်းကောင်း၊ Best Actor in a Supporting Role Awards ကို ငယ်ကျွန်ဇာတ်ကားမှ အကယ်ဒမီလူမင်းက လည်းကောင်း၊ Best Actress in a Leading Role Awards ကို မီ ရုပ်ရှင်ဇာတ်ကားမှ အကယ်ဒမီ ပိုင်ဖြိုးသုက လည်းကောင်း ရရှိခဲ့ကြသည်။

အဆိုပါဆုပေးပွဲသည် ၂၀၁၈ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကား ၈၃ ကားအနက်မှ ဆန်ခါတင်ဇာတ်ကား ၂၈ ကားကို ဆုရွေးချယ်ရေးကော်မတီအဖွဲ့ဝင်များက မဲစနစ်ဖြင့် ရွေးချယ်ကာ ရုပ်ရှင်ဆု STAR AWARDS 2018 ၁၅ ဆုကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည်။




**Best Actress in a Leading Role Awards ဆုရ အကယ်ဒမီ ပိုင်ဖြိုးသု ဆုလက်ခံရယူစဉ်။**

ထို့ပြင် ရုပ်သံဇာတ်လမ်းတွဲဆု ငါးဆုနှင့် ဆုပေးပွဲသို့ ဝတ်ဆင်လာသည့် Fashion များအပေါ် အကဲဖြတ်ပေးအပ်သည့် Fashion ဆု သုံးဆုတို့ကိုလည်း ပေးအပ်ချီးမြှင့်ခဲ့သည်။

**ရွှေရောင်ဆုတံဆိပ်နှင့် ငွေသိန်း ၅၀**

ယခုကျင်းပသည့် STAR AWARDS 2018 ရုပ်ရှင်ဆုနှင့် ရုပ်သံဇာတ်လမ်းတွဲ ထူးချွန်ဆုပေးပွဲတွင် STAR AWARDS 2018 ရုပ်ရှင်ဆု ၁၅ ဆုအတွက် တစ်ဆုလျှင် ရွှေရောင်ဆုတံဆိပ်နှင့်အတူ ငွေသိန်း ၅၀ အား လည်းကောင်း၊ ရုပ်သံဇာတ်လမ်းတွဲဆု ငါးဆုအတွက် တစ်ဆုလျှင် ငွေရောင်ဆုတံဆိပ်နှင့် ငွေသိန်း ၃၀ အား လည်းကောင်း ဆုပေးပွဲသို့ ဝတ်ဆင်လာသည့် Fashion များအပေါ် အကဲဖြတ်ပေးအပ်သည့် Fashion ဆု သုံးဆုအတွက် တစ်ဆုလျှင် ရွှေနှစ်ကျပ်သားတန်ဖိုးရှိ STAR AWARDS 2018 ရွှေရင်ထိုးကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




**မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက စပွန်ဆာကုမ္ပဏီများအား စာချုပ်များ ပေးအပ်စဉ်။**

**○ ၂၀၁၉ မြန်မာပြည်တွင်းမှ**

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် အဓိကကူညီပံ့ပိုးမည့် ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များအား သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီး စာချုပ်များ ပေးအပ်သည်။ ယင်းနောက် နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာနိုင်ငံမှ ပရော်ဖက်ရှင်နယ် ကစားသမားများဖြစ်ကြသော ရဲထက်အောင်၊ ဟိန်းစည်သူတို့အား ၂၀၁၉ ခုနှစ်အတွက် Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar)က စပွန်ဆာစာချုပ် လက်မှတ်ရေးထိုးပြီး အင်္ကျီနှင့် ဦးထုပ်အား ပေးအပ်သည်။ ထို့နောက် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှ အပျော်တမ်းအသင်းလိုက် တံခွန်စိုက်ပြိုင်ပွဲ (Lion City Cup)တို့မှ အောင်ပွဲရ မြန်မာဂေါက်သီးအားကစားသမားများအား ဂုဏ်ပြုရွှေဆွဲပြားများကို ချီးမြှင့်ကြသည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

## တရုတ် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာနှင့် တရုတ် ယှဉ်ပြိုင်ကစားမည်

**နေပြည်တော် မေ ၅**

တရုတ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် တရုတ် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို မေ ၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် တာဂျစ်ကစ္စတန်အသင်းနှင့် ကာဂျစ္စတန်အသင်း၊ ညနေ ၆ နာရီတွင် မြန်မာအသင်းနှင့် အိမ်ရှင်တရုတ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို အသင်းလေးသင်းယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကစားရမည်ဖြစ်ကာ ယူ-၁၆ ပြိုင်ပွဲဖြစ်သော်လည်း မြန်မာအသင်းသည် ယူ-၁၅ အသင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ **ရှိုင်းထက်ဇော်**

# Star Awards 2018 ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် အနုပညာရှင်များ၏ ပုံရိပ်များ









ဓာတ်ပုံ-ဟိန်းထက်၊ မြင့်မောင်(ကြေးမုံ)












# အာဆီယံဒေသဆိုင်ရာ ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းပပျောက်ရေးနှင့် လုပ်ငန်းစီမံချက်အပေါ် ပြန်လည်သုံးသပ်သည့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၅**

အာဆီယံဒေသဆိုင်ရာ ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းပပျောက်ရေးနှင့် လုပ်ငန်းစီမံချက်အပေါ် ပြန်လည်သုံးသပ်သည့် အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် Park Royal Hotel ၌ ကျင်းပသည်။

**လုပ်ငန်းစဉ် ရှစ်ရပ်ကို ဆွေးနွေးသုံးသပ်**

ဆွေးနွေးပွဲတွင် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ၂၀၁၃ ခုနှစ်တွင် အာဆီယံခေါင်းဆောင်များက အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေး ကြေညာစာတမ်း ထုတ်ပြန်ခဲ့ကြောင်း၊ ထိုကြေညာစာတမ်း ကို အကောင်အထည်ဖော်ရန် ACWC ကော်မရှင်မှ တာဝန်ယူ၍ အာဆီယံဒေသဆိုင်ရာ ကလေးသူငယ်များ အပေါ် အကြမ်းဖက်မှုပပျောက်ရေး လုပ်ငန်းစီမံချက် (ASEAN Regional Plan of Action on Elimination of Violence Against Children) ပေါ်ပေါက်လာကြောင်း၊ ထိုစီမံချက်ကို အကောင်အထည် ဖော်ရန် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်နေကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ချက်များအပေါ်တွင် ပြန်လည်သုံးသပ်ရန် လိုအပ်သဖြင့် ယနေ့ အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ ဤအလုပ်ရုံ ဆွေးနွေးပွဲတွင် ဆောင်ရွက်နေသော လုပ်ငန်းစဉ်ရှစ်ရပ် ကို ဆွေးနွေးသုံးသပ်ကြမည်ဖြစ်ကြောင်း။

၁၉၉၃ ခုနှစ်တွင် အတည်ပြုအသုံးပြုလျက်ရှိသော ကလေးသူငယ်ဥပဒေကို ပြင်ဆင်ရန်လိုအပ်သည့်အတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေအသစ် ရေးဆွဲ ပြဋ္ဌာန်းနိုင်ရန် ဥပဒေကြမ်းကို လွှတ်တော်တွင် ဆွေးနွေး နေပြီဖြစ်ပါကြောင်း၊ မကြာမီ အတည်ပြုနိုင်မည်ဖြစ်ကြောင်း၊ ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းမှ ကာကွယ် ခြင်းနှင့်ပတ်သက်၍ အခန်းတစ်ခုအနေဖြင့် သီးခြား ထည့်သွင်းရေးဆွဲထားပါကြောင်း၊ ဥပဒေပေါ်ပေါက်လာ ပါက ထိုဥပဒေစိုးမိုးမှုရှိရန် လိုအပ်ပါကြောင်း၊ ထိရောက် သော ပြစ်ဒဏ်များချမှတ်နိုင်ရေး ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ရာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ထိ အဆင့်ဆင့်ဖွဲ့စည်းထား ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေး ဖော်ဆောင်ခြင်း နှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းပပျောက် ရေးနှင့်ပတ်သက်၍ ပြည်သူအား အသိပညာပေးရန် လိုအပ်ကြောင်း၊ ကလေးသူငယ်အခွင့်အရေးနှင့် ပတ်သက်၍ အသက်ရှင်သန်ခွင့်၊ စောင့်ရှောက်ခံပိုင်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်နှင့် ပါဝင်ခွင့်ဟူ၍ ကလေးသူငယ်ဥပဒေ တွင် ပါရှိကြောင်း။

**အားလုံးဝိုင်းဝန်းကြိုးစားပေး**

ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေး မူဝါဒ(Child Protection Policy) ရေးဆွဲရန် လိုအပ် နေသေးသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီး က ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ ကလေးသူငယ်များ



အပေါ် အကြမ်းဖက်မှုများမှ တားဆီးကာကွယ်နိုင်ရေး အတွက် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ကို ၂၀၁၅ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါစနစ်တွင် ကလေး သူငယ်ကိစ္စရပ်များအပါအဝင် ကျား၊ မ အခြေပြု အကြမ်းဖက်ခြင်း ပေါင်းစပ်ဖြေရှင်းနိုင်ရေး ဆောင်ရွက် လျက်ရှိပါကြောင်း၊ ကလေးသူငယ်များနှင့်ပတ်သက်၍ အပြုသဘောဆောင်သော သွန်သင်ဆုံးမခြင်းဆိုင်ရာ စံလက်စွဲစာအုပ်(မူကြမ်း) ရေးသားဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါကြောင်း၊ ကလေးများ၏ အခွင့်အရေးနှင့် အကြမ်းဖက်မှုကာကွယ်ရေးများတွင် နေရာဒေသ အသီးသီးတွင် အခြေအနေအမျိုးမျိုးဖြင့် ရပ်တည်နေသော ကလေးသူငယ်များအားလုံး သာတူညီမျှခံစားရရှိနိုင်ရန် ကလေးများ၏အသံများသည်လည်း အရေးကြီးပါကြောင်း နှင့် လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် အားလုံး ဝိုင်းဝန်းကြိုးစားပေးကြစေလိုကြောင်း ပြောသည်။

ဆက်လက်၍ UNICEF ၏ ဌာနေကိုယ်စားလှယ် Ms.June Kunugi က နှုတ်ခွန်းဆက်စကားပြောကြား ခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးက Overview of ASEAN Regional Plan of Action for Elimination of Violence Against Children ကို တင်ပြဆွေးနွေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၅**

မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပသည်။

အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေး များဆိုင်ရာ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း အစည်းအဝေးတို့ကို ပုံမှန်ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် မသန်စွမ်းကလေးသူငယ်များ အပါအဝင် မသန်စွမ်းသူများ၏ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း အတွက် ကနဦးစီမံကိန်းဆောင်ရွက်မည့်နေရာများနှင့် အစီအစဉ်တို့ကို ဆွေးနွေးညှိနှိုင်းခြင်း၊ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း နည်းလမ်းတို့ကို အတည်ပြုနိုင်ရန် ဆွေးနွေးခြင်း၊ ဥပဒေနှင့် နည်းဥပဒေတို့တွင်ပါရှိသည့် မသန်စွမ်းမှုအဆင့်သတ်မှတ် ခြင်းဆိုင်ရာ တာဝန်နှင့် ဝတ္တရားတို့ကို ဆွေးနွေးအတည်ပြု ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အမျိုးသား



ကျန်းမာရေးစီမံကိန်းအရ လူသားအားလုံး ကျန်းမာရေး စောင့်ရှောက်မှုကို ငွေကြေးအခက်အခဲမရှိ ရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူအားလုံး ကျန်းမာရေးပြုစုစောင့်ရှောက်မှုတို့ကို တစ်ပြေးညီရရှိခံစား နိုင်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ အထူးသဖြင့် မသန်စွမ်းသူများအတွက် လိုအပ်ချက်တို့ကို ဦးစားပေး ဆောင်ရွက်နေပါကြောင်း၊ မသန်စွမ်းသူများ၏ လက်ရှိ အခြေအနေတို့ကိုသိရှိပြီး မသန်စွမ်းဖြစ်မှုအား ကာကွယ် ခြင်း၊ မသန်စွမ်းသူများအတွက် ပညာရေး၊ ပြုစု စောင့်ရှောက်ရေး၊ မသန်စွမ်းသူများအား အဆင့်သတ်မှတ် ခြင်း၊ မသန်စွမ်းမှုအမျိုးအစားများ သတ်မှတ်ခြင်းတို့ကို နိုင်ငံတကာစံနှုန်းများအတိုင်း ဖြစ်စေရေးအတွက် လိုအပ် သောညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရန် ဆောင်ရွက် လျက်ရှိပါကြောင်း၊ မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်ရေး အဖွဲ့တို့ကိုလည်း ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးတို့ကို ဖော်ဆောင်မည့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည် အရေးကြီးသောကြောင့် ကျန်းမာရေးနှင့် လူမှုရေးအဖွဲ့အစည်းများသာမက အခြား ဌာနဆိုင်ရာများနှင့် ပြည်သူလူထုကပါ ဝိုင်းဝန်းဆောင်ရွက် မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောသည်။

ဆက်လက်ပြီး ယူနီဆက်(မြန်မာ)မှ ဌာနေ ကိုယ်စားလှယ် Ms. June Kunugi ကိုယ်စား Mr. Samman J. Thapa, Chief, Social Policy and Child Right Monitoring က ကြိုဆိုနှုတ်ခွန်းဆက် စကား ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းအတွက် ကနဦးစီမံကိန်းဆောင်ရွက်မည့် နေရာများနှင့် အစီအစဉ်၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်း နှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း ဆိုင်ရာနည်းလမ်းနှင့် ဆောင်ရွက်ရမည့် တာဝန်နှင့် ဝတ္တရားတို့ကို ဆွေးနွေးညှိနှိုင်းပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်တို့ကို ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၅**

မောင်တောမြို့နယ် နယ်မြေ(၃) အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ကျီးကျွန်းရဲကင်းစခန်းမှ ရဲအုပ်ကြည်စိုး ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်းအမြန်သွား တိုက်ခိုက်ရေး ရေယာဉ်အမှတ် (၀၀၂)ပါ နှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂) နယ်ခြားစောင့်တပ် Whykong Bop ကင်းစခန်းမှူး Naib Subedar Md. Enayet ဦးဆောင်သည့်အဖွဲ့က စက်တပ်ရေယာဉ် နှစ်စင်း၊ စုစုပေါင်း လေးစင်းတို့ဖြင့် ရေတွင်းပြင်ချောင်းဝအနီး နတ်မြစ် မြစ်လယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်(၁၅)မှ နတ်မြစ်ကြောင်းအတိုင်း သဲချောင်းချောင်းဝထိပ်ရေမိုင်(၁၈)သို့ ရောက်ရှိကာ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ဆောင်ရွက်ကြသည်။

ယင်းနောက် ရေယာဉ်အမှတ် (၀၀၂) ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံ၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**



# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဦးခင်မောင်ဦး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ၂။ | ဦးဟောက်ခန့်ဆုမ်း | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |

# မြန်မာနိုင်ငံတွင် အသက်အာမခံလုပ်ငန်းဆောင်ရွက်ခွင့်ရမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့်ပိုင်ဆိုင်သော နိုင်ငံခြားအသက်အာမခံကုမ္ပဏီများစာရင်းကို ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
ကြေညာချက်အမှတ် (၂/ ၂၀၁၉)
၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်)

**မြန်မာနိုင်ငံတွင် အသက်အာမခံလုပ်ငန်းဆောင်ရွက်ခွင့်ရမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရာနှုန်းပြည့်ပိုင်ဆိုင်သော နိုင်ငံခြားအသက်အာမခံ ကုမ္ပဏီများစာရင်းကို ထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အသက်အာမခံလုပ်ငန်း အဆိုပြုလျှောက်လွှာပါ လိုင်စင်စိစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များပြီးဆုံး၍ အကဲဖြတ်စံနှုန်းများနှင့် ကိုက်ညီသည့် နိုင်ငံခြားအသက်အာမခံကုမ္ပဏီများကို မြန်မာနိုင်ငံတွင် အသက်အာမခံလုပ်ငန်း ဆောင်ရွက်ခွင့်ရမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့်ပိုင်ဆိုင်သော အသက်အာမခံကုမ္ပဏီများအဖြစ်(အက္ခရာစဉ်အလိုက်) အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) AIA Company Limited
(ခ) Chubb Tempest Reinsurance Limited
(ဂ) Dai-ichi Life Insurance Company, Limited
(ဃ) Manufacturers Life Insurance Company
(င) Prudential Hong Kong Limited

၂။ မြန်မာနိုင်ငံတွင် အသက်အာမခံလုပ်ငန်း ဆောင်ရွက်ခွင့်ရမည့် နိုင်ငံခြားအသက်အာမခံကုမ္ပဏီများသည် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် လိုင်စင်အကြိုလုပ်ငန်းစဉ်များကို မဖြစ်မနေ ဖြည့်ဆည်းဆောင်ရွက်ရမည့်အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့်ပိုင်ဆိုင်သော ကုမ္ပဏီ၏ လုပ်ငန်းစတင်ချိန်တွင် အသက်အာမခံလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်ကိစ္စရပ်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ လိုင်စင်အကြိုလုပ်ငန်းစဉ်များ ဖြည့်ဆည်းဆောင်ရွက်ပြီးစီးပါက ဝန်ကြီးဌာနသည် အသက်အာမခံလုပ်ငန်းဆောင်ရွက်ခွင့်ရမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့်ပိုင်ဆိုင်သော အသက်အာမခံကုမ္ပဏီများအား လုပ်ငန်းလိုင်စင် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁) ရပ်ကွက်၊ ၄၀×၄၁ နှင့် ၆၇×၆၈ လမ်းကြား၊ ကံ့ကော်လမ်း၊ အမှတ် (ခ-၁/ ၇၀-ခ)တွင် ပါတီရုံးချုပ်တည်ရှိသော **ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီ၏အမည်နှင့် တံဆိပ်တို့ကို ပြောင်းလဲအသုံးပြုခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီက ပြောင်းလဲအသုံးပြုမည့်ပါတီ၏ အမည်နှင့် တံဆိပ်တို့ကိုဖော်ပြပြီး အများပြည်သူကန့်ကွက်နိုင်ကြောင်း ၁၈-၁၂-၂၀၁၈ ရက်နေ့သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ယင်းပါတီ၏ အမည်နှင့် တံဆိပ်တို့အား ကန့်ကွက်မှုရှိခဲ့သည့်အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ရာတွင်လည်း ယင်းအမည်နှင့် တံဆိပ်တို့ကို ဆက်လက်အသုံးပြုရန် မသင့်လျော်ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာပါတီကို ခေါ်ယူတွေ့ဆုံ၍ ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ပါတီအမည်နှင့်တံဆိပ်တို့ကို ပြင်ဆင်စေခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ **ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ** က ပြင်ဆင်တင်ပြလာသည့် **ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ [Shan-ni Solidarity Party (SSP)]** ဟူသည့်အမည်နှင့် ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီတံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan-ni Solidarity Party (SSP)]၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မုံရွာ-ဟုမ္မလင်းမြန်မာ့လေကြောင်းလိုင်း သင်္ကြန်တွင်း ပုံမှန်တစ်ပတ် သုံးရက်ပျံသန်းပြေးဆွဲမည်

**မုံရွာ ဧပြီ ၅**

မြန်မာ့လေကြောင်းလိုင်းအနေဖြင့် တစ်ပတ်လျှင် သုံးရက် ပျံသန်းပေးနေသော မုံရွာ-ဟုမ္မလင်း-မုံရွာ ခရီးစဉ်ကို သင်္ကြန်ကာလအတွင်း ပုံမှန်အတိုင်း ပြေးဆွဲပေးမည်ဖြစ်၍ ကြိုတင်လက်မှတ်ဝယ်ယူသူများပြားနေကြောင်း မုံရွာမြို့အခြေစိုက် My Monywa လေယာဉ်လက်မှတ်အရောင်းဌာန မန်နေဂျင်းဒါရိုက်တာ ကိုလင်းလင်းမောင်ထံမှ သိရသည်။

"မြန်မာ့လေကြောင်းက တစ်ပတ်ကို အင်္ဂါ-ကြာသပတေးနဲ့ စနေနေ့တွေမှာ ပျံသန်းပေးတယ်။ သင်္ကြန်အကြိုနေ့ လက်မှတ်တွေကတော့ ကုန်သွားပြီ။ သင်္ကြန်တွင်းလည်း ပိတ်ရက်မရှိ ပြေးဆွဲပျံသန်းပေးနေမှာပါ။ သင်္ကြန်ပြီးအတွက် လက်မှတ်တွေကိုတော့ အခုကတည်းက ကြိုဖြတ်နေကြပြီ"ဟု ကိုလင်းလင်းမောင်က ရှင်းပြသည်။

ယခင်က လုပ်ငန်းရှင်များသာ လေယာဉ်ဖြင့်သွားလာခြင်းရှိခဲ့ရာမှ ယခုနောက်ပိုင်းတွင် လူငယ်များလည်း အလုပ်ကိစ္စဖြင့် လေကြောင်းလိုင်းမှ အသွားများလာကြောင်း သိရသည်။

လေယာဉ်ဖြင့် သွားချင်သူများက ယခုနောက်ပိုင်း ပိုများလာပြီး မုံရွာ-ဟုမ္မလင်းဆိုလျှင် ကားဖြင့်သွားနိုင်သလို ရေကြောင်းမှလည်း သွား၍ရနေပြီဖြစ်သော်လည်း ရေလမ်းကြောင်းကျပ်နေသည့်အတွက် ရေကြောင်းမှ သိပ်မသွားကြတော့သလို ကုန်းလမ်းမှလည်း အချိန်ကြာပြီး ယခုနောက်ပိုင်းတွင် လမ်းမကောင်းခြင်းများရှိလာနေရာ လေကြောင်းမှာ မုံရွာမှ ဟုမ္မလင်းသို့ ၅၅ မိနစ်သာကြာ၍ လေယာဉ်စီးခရီးသည် ပိုများလာခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ဗြိတိန်နိုင်ငံ အီးယူမှခွဲထွက်ရေးအတွက် ရက်သတ်မှတ်မှုကို ထပ်မံတိုးမြှင့်ပေးရန် ဝန်ကြီးချုပ် ထရီဇာမေ တောင်းဆို

**လန်ဒန် မေ ၅**

ဗြိတိန်ဝန်ကြီးချုပ် ထရီဇာမေက ဥရောပသမဂ္ဂအဖွဲ့မှ ဗြိတိန်နိုင်ငံခွဲထွက်ရေးအတွက် နိုင်ငံအတွင်း ပါလီမန်အမတ်များနှင့် သဘောတူညီမှုတစ်ရပ် မရရှိသေးသောကြောင့် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ရေးအတွက် အချိန်အနည်းငယ် ထပ်မံတိုးမြှင့်ပေးပါရန် ဥရောပသမဂ္ဂ ကောင်စီဥက္ကဋ္ဌထံသို့ ပေးစာတစ်စောင် ပေးပို့ခဲ့ကြောင်း အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။



အဆိုပါပေးစာတွင် နိုင်ငံအတွင်းဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နိုင်ရန် ဇွန် ၃၀ ရက်အထိ အချိန်တိုးမြှင့်ပေးပါရန် ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်ထက်စ်ထံသို့ ဝန်ကြီးချုပ် ထရီဇာမေက တောင်းဆိုခဲ့ကြောင်း သိရသည်။

ဗြိတိန်ပါလီမန်က ဝန်ကြီးချုပ်ထရီဇာမေ၏ ဗြိတိန်နိုင်ငံ ခွဲထွက်ရေးအဆိုကို သုံးကြိမ်တိုင်တိုင် ပယ်ချခဲ့သည်။ ထို့ပြင် လွန်ခဲ့သောရက်သတ္တပတ်က ဥပဒေပြုအမတ်များက ယင်းနှင့်ပတ်သက်သည့် အခြားအဆိုရှစ်ခုကိုလည်း ပယ်ချခဲ့သေးကြောင်း သိရသည်။

သို့သော် ပါလီမန်အမတ်များက ဗြိတိန်ခွဲထွက်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းရန် ရက်တိုးမြှင့်သတ်မှတ်ပေးရန် ဝန်ကြီးချုပ်မေ၏ တောင်းခံမှုကို ထောက်ခံခဲ့သည်။

ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်ထက်စ်ထံ ပေးပို့ခဲ့သည့် ပေးစာတွင် ဝန်ကြီးချုပ်မေက ဗြိတိန်ခွဲထွက်ရေးကိစ္စရပ်သည် အောင်မြင်သောအဆုံးသတ်မှုဆီသို့ ရောက်ရှိခြင်းမရှိသေးသည့်အတွက် လွန်စွာစိတ်ပျက်မိပါကြောင်း ဖော်ပြထားသည်။

မေ ၂၃ ရက်တွင် ဥရောပသမဂ္ဂရွေးကောက်ပွဲကို ဗြိတိန်နိုင်ငံတွင် ကျင်းပမည်ဖြစ်သည်။ သို့သော် အဆိုပါရက်မတိုင်မီ ဗြိတိန်ဥပဒေပြုအမတ်များက ဗြိတိန်ခွဲထွက်ရေးအဆိုကို သဘောတူညီလက်မှတ်ရေးထိုးမည်ဆိုပါက ဥရောပသမဂ္ဂရွေးကောက်ပွဲကျင်းပမှုကို ပယ်ဖျက်ခွင့်ပြုပါရန် သူ၏ပေးစာထဲတွင် ရေးသားခဲ့ကြောင်း သိရသည်။

ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်ထက်စ်အနေဖြင့် ဝန်ကြီးချုပ်မေ၏ တောင်းဆိုမှုကို လက်ခံမလားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်ပြီး ၎င်းအနေဖြင့် ရက်တိုးမြှင့်သတ်မှတ်မှုကို ခွင့်ပြုနိုင်ဖွယ်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ဗြိတိန်နိုင်ငံခွဲထွက်ရေးနှင့်ပတ်သက်ပြီး သတ်မှတ်ထားသည့် မတ် ၂၉ ရက်မှ ဧပြီ ၁၂ ရက်အထိ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များက တိုးမြှင့်ပေးခဲ့သည်။

**အေအက်ဖ်ပီ**

## လစ်ဗျားနိုင်ငံအရှေ့ပိုင်းမှ တပ်ဖွဲ့ဝင်များ မြို့တော်ထရီပိုလီသို့ ဦးတည်ချီတက်

**ထရီပိုလီ ဧပြီ ၅**

လစ်ဗျားနိုင်ငံ၏ အရှေ့ဘက်ပိုင်းတွင် အခြေပြုသည့် လစ်ဗျားစစ်ဘက် တပ်ဖွဲ့ဝင်များသည် မြို့တော်ထရီပိုလီသို့ ဦးတည်ချီတက်လျက်ရှိပြီး လစ်ဗျားကြားဖြတ်အစိုးရတပ်ဖွဲ့များနှင့် တိုက်ခိုက်မှုများ ဖြစ်ပွားမည်ကို စိုးရိမ်မှုမြင့်တက်လျက်ရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

လစ်ဗျားအစိုးရ လက်နက်ကိုင်တပ်ဖွဲ့များအကြားတွင် နိုင်ငံအရှေ့ပိုင်းအခြေစိုက်အဖွဲ့နှင့် နိုင်ငံအနောက်ပိုင်း ကြားဖြတ်အစိုးရ အောက်ရှိတပ်ဖွဲ့များဟူ၍ ကွဲပြားနေသည်မှာ ကာလကြာမြင့်ပြီဖြစ်သည်။ လစ်ဗျားနိုင်ငံအား အုပ်စိုးခဲ့သည့် မွမ်မာကဒါဖီအား ရာထူးမှဖယ်ရှားခဲ့သည့် ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သော အာရပ်နွေဦးဟု အမည်ရသည့် ဒီမိုကရေစီလိုလားသည့် လှုပ်ရှားမှုပြီးကတည်းကပင် လစ်ဗျားအစိုးရလက်နက်ကိုင် တပ်ဖွဲ့များ နှစ်ပိုင်းကွဲပြားသွားခြင်းဖြစ်သည်။

လစ်ဗျားအရှေ့ပိုင်းဒေသ အခြေစိုက်တပ်ဖွဲ့များက ဧပြီ ၃ ရက်တွင် ရှေ့သို့ ချီတက်မှုများ စတင်ပြုလုပ်ခဲ့ပြီး မြို့တော်ထရီပိုလီ တောင်ဘက် ကီလိုမီတာ ၁၀၀ခန့်အကွာရှိ မြို့တစ်မြို့ကို သိမ်းယူထိန်းချုပ်ထားခဲ့သည်။

လစ်ဗျားအရှေ့ပိုင်းတပ်ဖွဲ့များ၏ ခေါင်းဆောင် ကလီဖာဟက်ဖ်တာက ဧပြီ ၄ ရက်တွင် ထရီပိုလီမြို့လွတ်မြောက်ရေး စစ်ဆင်မှုဟု ခေါင်းစဉ်တပ်ထားသည့် အသံသွင်းချက်တစ်ခုကို ထုတ်ပြန်ခဲ့သည်။

ယင်း အသံသွင်းချက်တွင် မြို့တော်ထရီပိုလီအား ထိန်းချုပ်ရန် အချိန်ရောက်လာပြီဖြစ်ကြောင်း ကြေညာခဲ့ပြီး ၎င်း၏တပ်ဖွဲ့ဝင်များအနေဖြင့် အရပ်သားများ၊ နိုင်ငံခြားသားများနှင့် လက်နက်ချအပ်သည့် တိုက်ခိုက်ရေးသမားများ၏ လုံခြုံမှုကို အာမခံပေးရန် ညွှန်ကြားခဲ့သည်။

လစ်ဗျားကြားဖြတ်အစိုးရအဖွဲ့အား သစ္စာခံသည့် လက်နက်ကိုင်များအား အမြင့်ဆုံးတပ်လှန့်ထားပြီး လစ်ဗျားစစ်ဘက် လက်နက်ကိုင် နှစ်ဖွဲ့အကြား တိုက်ခိုက်မှုများဖြစ်ပွားမည်ကို စိုးရိမ်မှုများ မြင့်တက်နေသည်။

လစ်ဗျားနိုင်ငံ ပြန်လည်ပေါင်းစည်းရေးအတွက် ကုလသမဂ္ဂမှ စေ့စပ်ညှိနှိုင်းပေးမှုဖြင့် ပြုလုပ်မည့် အမျိုးသားညီလာခံကို ဧပြီလ ၁၄ ရက်တွင် စတင်ရန် စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**



## တောင်ကိုရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ တောမီးပြင်းထန်စွာလောင်ကျွမ်း လူတစ်ဦးသေဆုံး

**ဆိုးလ် ဧပြီ ၅**

တောင်ကိုရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် တောမီးများပြင်းထန်စွာ လောင်ကျွမ်းနေမှုကြောင့် အစိုးရက နိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကျရောက်နေကြောင်း ကြေညာခဲ့ပြီး မီးသတ်သမားများက လောင်ကျွမ်းနေသည့် တောမီးများငြိမ်းသတ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်နေရဆဲဖြစ်ကြောင်းနှင့် ယင်းတောမီးကြောင့် လူတစ်ဦးထက်မနည်း သေဆုံးရပြီး ထောင်နှင့်ချီသော ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။



တောမီးများလောင်ကျွမ်းမှုဖြစ်ပွားနေသည့် နေရာအချို့အား မီးငြိမ်းသတ်ထိန်းချုပ်နိုင်ရေးအတွက် အရေးပေါ်လုပ်သား ၁၀၀၀၀ ခန့်နှင့် ရာနှင့်ချီသော မီးသတ်ယာဉ်များကို စေလွှတ်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါတောမီးသည် ဧပြီ ၄ ရက်တွင် ဂွန်ဝန်းပြည်နယ်၌ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

တောမီးလောင်ကျွမ်းစဉ်တွင် လေပူများပြင်းထန်စွာ တိုက်ခတ်ခဲ့ခြင်းကြောင့် လူနေအိမ် ၁၂၅ လုံး မီးကူးစက် လောင်ကျွမ်းခဲ့ပြီး သစ်တောဧရိယာ ဟက်တာ ၂၅၀ ခန့် တောမီးလောင်ကျွမ်းခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒေသခံပြည်သူ ၄၀၀၀ ကျော်ခန့်သည် ဧပြီ ၄ ရက်တွင် တစ်ညလုံး ယာယီခိုလှုံရေးစခန်းများ၌ နေထိုင်ကြရပြီး ယင်းတို့အနက်အချို့မှာ ဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ရာ ယာဉ်ကြောပိတ်ဆို့မှုနှင့် ကြုံတွေ့ရပြီး နှောင့်နှေးမှုများဖြစ်ပေါ်ခဲ့ရသည်ဟု ပြောကြားသည်။

ယင်းတောင်ပေါ်ဒေသတွင် ၁၄ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်ရပ်က တောင်ကိုရီးယားအစိုးရအား သဘာဝဘေးအန္တရာယ် ကျရောက်ကြောင်း ကြေညာချက် ထုတ်ပြန်ရသည်အထိ ဦးတည်စေခဲ့သည်။

တောင်ကိုရီးယားသမ္မတ မွန်းဂျေအင်းက ယင်းကိစ္စနှင့်ပတ်သက်ပြီး အရေးပေါ်အစည်းအဝေး တစ်ရပ်ခေါ်ယူကာ ရနိုင်သမျှသော အရင်းအမြစ်များကို အသုံးပြု၍ အခြေအနေအား ထိန်းချုပ်မှုရရှိအောင် လုပ်ဆောင်ရန် တာဝန်ရှိသူများအား ညွှန်ကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ ရာဇဝတ်ခုံရုံးဆိုင်ရာ သဘောတူညီမှုစာချုပ်မှ မလေးရှား နုတ်ထွက်မည်

**ကွာလာလမ်ပူ ဧပြီ ၅**

မလေးရှားနိုင်ငံအနေဖြင့် နိုင်ငံတကာ ရာဇဝတ်ခုံရုံးဆိုင်ရာ သဘောတူညီချက်မှ နုတ်ထွက်မည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်က ယနေ့ပြောကြားခဲ့သည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

မလေးရှားအစိုးရအဖွဲ့နှင့် ရိုးရာဆက်ခံအုပ်ချုပ်သူများ၏ ကိုယ်ကျိုးမျှော်အုပ်စုများအကြား ဖြစ်ပွားလျက်ရှိသည့် နိုင်ငံရေးအရှုပ်တော်ပုံကြောင့် ယင်းသို့ဆုံးဖြတ်ရခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ် မိုဟာမက်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

နိုင်ငံတကာရာဇဝတ်ခုံရုံးဆိုင်ရာ အချက်အလက်များကို ဆန့်ကျင်လိုခြင်းမဟုတ်၊ ကိုယ်ကျိုးမျှော်အုပ်စုများ၏ နိုင်ငံရေးအရှုပ်တော်ပုံကြောင့်သာ နုတ်ထွက်ခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ် မိုဟာမက်က ဆိုသည်။

နိုင်ငံတကာရာဇဝတ်ခုံရုံးဆိုင်ရာ သဘောတူညီမှုစာချုပ်တွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ စစ်ရာဇဝတ်မှု၊ လူသားချင်းစာနာမှု ကင်းမဲ့သည့် ရာဇဝတ်မှုများနှင့် ရန်စကျူးကျော်ရာဇဝတ်မှုတို့ကို ခုံရုံးတင်စစ်ဆေးခွင့်ရှိကြောင်း သိရသည်။

မတ် ၁၈ရက်အထိ နိုင်ငံတကာရာဇဝတ်ခုံရုံးဆိုင်ရာ သဘောတူညီမှုစာချုပ်အား လက်မှတ်ရေးထိုးထားသော နိုင်ငံပေါင်း ၁၂၂ နိုင်ငံရှိသည်။ အမေရိကန်၊ တရုတ်၊ ရုရှားနှင့် အိန္ဒိယနိုင်ငံတို့အပါအဝင် အချို့သောနိုင်ငံများသည် လက်မှတ်ရေးထိုးထားခြင်းမရှိသေးပေ။

မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆိုင်ဖူဒင် အာဒူလာရှ်က မတ် ၄ ရက်တွင် နိုင်ငံတကာရာဇဝတ်ခုံရုံးဆိုင်ရာ သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် စည်းမျဉ်းခံဘုရင်စနစ်ဖြစ်ပြီး ရိုးရာဆက်ခံအုပ်ချုပ်သူ ကိုးဦးက နိုင်ငံ၏အကြီးအကဲအဖြစ် အလှည့်ကျ တာဝန်ယူဆောင်ရွက်ရသည်။

မလေးရှားနိုင်ငံ၏ ရိုးရာဆက်ခံအုပ်ချုပ်သူများအနေဖြင့် ပြစ်မှုကျူးလွန်ခဲ့ခြင်းရှိပါက နိုင်ငံအတွင်းရှိ တရားရုံးတွင်သာ ပြစ်ဒဏ်စီရင်ခြင်းခံရမည်ဖြစ်သည်ဟု နိုင်ငံ၏အခြေခံဥပဒေတွင် ဖော်ပြထားသည်။ မလေးရှားနိုင်ငံက နိုင်ငံတကာရာဇဝတ်ခုံရုံးဆိုင်ရာ သဘောတူညီမှုစာချုပ်တွင် ဆက်လက်ပါဝင်မည်ဆိုပါက ၎င်းတို့အား နိုင်ငံတကာခုံရုံးတွင် ပြစ်ဒဏ်စီရင်ခြင်းခံရမည်ဖြစ်သည်။

**ဆင်ဟွာ**

# ထာဝရငြိမ်းချမ်းရေးဓမ္မသဘင် ပဉ္စမနေ့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပ



**ရန်ကုန် မေ ၅**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ထာဝရငြိမ်းချမ်းရေးဓမ္မသဘင် ပဉ္စမနေ့ကို ယနေ့ည ၇ နာရီခွဲက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ထီးတော်ရိပ်အောက်ရှိ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ အောက်စဖို့ဒ်ဆရာတော် ဒေါက်တာအရှင်ဓမ္မသာမိက နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာတော်ကို ဟောကြားချီးမြှင့်သည်။

ငြိမ်းချမ်းရေးဓမ္မသဘင် ပဉ္စမနေ့သို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဇနီး၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တရားချစ်ခင်သူတော်စင်များက နိဗ္ဗာန်ရောက်ကြောင်းတရားတော်ကို ရိုသေစွာနာယူကြည်ညိုကြသည်။

နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဉာဏ်တော်အမြင့် ခြောက်ပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူနှင့် ဉာဏ်တော်အမြင့် သုံးပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော် တစ်ဆူတို့အား ရဟန်းရှင်လူပြည်သူအများ ကုသိုလ်ယူ ပူဇော်နိုင်ရန်အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မေတ္တာရိပ်အောက်တွင် ဧပြီ ၁ ရက်မှ ၁၈ ရက်အထိ ရင်ငွေ့တော်လှုံ အပူဇော်ခံလျက်ရှိရာ ယနေ့တွင် ရဟန်းရှင်လူပြည်သူအများက လာရောက်ဖူးမြော်ကြည်ညိုလျက် စေတီတော်တည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းကြပြီး ဝတ်အသင်းအဖွဲ့များကလည်း ဝတ်ရွတ်ပူဇော်ကုသိုလ်ယူလျက်ရှိသည်။

ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရန်ရည်သန်လျက် ထာဝရငြိမ်းချမ်းရေးစေတီတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်းအနီးတွင် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ စုပေါင်းအင်အားဖြင့် တည်ထားကိုးကွယ်လျက်ရှိသည်။ **ဟန်လင်းနိုင်**

# အုတ်ကျင်းဂုန်နီစက်ရုံနှင့် အုတ်ကျင်းလျှော်ရွေးလျှော်ထုပ်စက်ရုံ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြေလည်

**ရန်ကုန် မေ ၅**
ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ အုတ်ကျင်းဂုန်နီစက်ရုံနှင့် အုတ်ကျင်းလျှော်ရွေးလျှော်ထုပ်စက်ရုံ နှစ်ရုံအားလုပ်ငန်း အရှုံးပေါ်သည့်အတွက် စက်ရုံ ပိတ်သိမ်းရခြင်းကိစ္စနှင့်ပတ်သက်၍ အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ရာ ယခုအခါ ပြေလည်မှုရရှိသွားပြီဖြစ်ကြောင်း ကျော်ထက်ကျော်ကုမ္ပဏီလီမိတက်မှ အမှုဆောင်ဒါရိုက်တာ ဦးစံထွန်း၏ ပြောကြားချက်အရ သိရသည်။



ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီစားသောက်ဆိုင်၌ အုတ်ကျင်းဂုန်နီစက်ရုံနှင့် အုတ်ကျင်းလျှော်ရွေးလျှော်ထုပ်စက်ရုံ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြေလည်ခဲ့ခြင်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ကျော်ထက်ကျော် ကုမ္ပဏီလီမိတက်မှ အမှုဆောင်ဒါရိုက်တာ ဦးစံထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး အခြေခံအလုပ်သမားအဖွဲ့အစည်း အလုပ်အမှုဆောင်အဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးဝင်းမြင့်က အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြေလည်ခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

လှိုင်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ရှေ့မှောက်တွင် ဥပဒေနှင့်အညီ အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး ဥပဒေပါ အလုပ်ရပ်စဲမှု နစ်နာကြေးအပြင် အလုပ်သမားများ၏ဘဝကို စာနာထောက်ထားသောအားဖြင့် အလုပ်ရှင်ဘက်က ပိုမိုထပ်ဆောင်းပေးသော ကရုဏာကြေးများကိုလည်း အခြေခံအလုပ်သမားအဖွဲ့အစည်း အဖွဲ့ဝင်များအပါအဝင် စက်ရုံနှစ်ရုံမှ အလုပ်သမားများအားလုံးက ထုတ်ယူခဲ့ပြီးဖြစ်ကြောင်း၊ ယခင်က အလုပ်ရှင်အပေါ် အထင်အမြင်လွဲမှားစွာဖြင့် စွပ်စွဲပြောဆိုမှုများအတွက် အနူးအညွတ်တောင်းပန်ပါကြောင်း၊ အခြေခံအလုပ်သမားအဖွဲ့အစည်း အလုပ်အမှုဆောင်အဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယခုနှစ် ဇန်နဝါရီ ၉ ရက်က အုတ်ကျင်းဂုန်နီစက်ရုံနှင့် အုတ်ကျင်းလျှော်ရွေးလျှော်ထုပ်စက်ရုံ တို့မှ ဝန်ထမ်းများသည် သဘောတူညီချက်မရဘဲ စက်ရုံအလုပ်သမားအားလုံး အလုပ်မှ ထုတ်ပယ်ခံရသည့်အတွက် ကန့်ကွက်သည့်အနေဖြင့် စက်ရုံရှေ့တွင် လာရောက်စုဝေးခဲ့ကြခြင်းကြောင့် ဇန်နဝါရီ ၁၀ ရက်တွင် စက်ရုံများ ပိတ်သိမ်းရခြင်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး ယခုအခါ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်ပြေလည်မှုရရှိခဲ့ခြင်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုထက်**

# ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ ကျင်းပ

**နေပြည်တော် မေ ၅**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၁၉ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌ (စတုတ္ထနေ့)အဖြစ် ဖြေဆိုကြရာ ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၅၇၁၇၃ ပါး အနက် ၄၆၃၉၄ ပါး ဖြေဆိုကြပြီး ၈၁ ဒသမ ၁၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



# ခမောင်းဆိပ်နှင့် ပြည်တို့တွင် မီးလောင်မှုဖြစ်ပွား

**မောင်တော မေ ၅**

ရခိုင်ပြည်နယ် ခမောင်းဆိပ်မြို့ မင်္ဂလာညွန့်ကျေးရွာ၌ မေ ၄ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခမောင်းဆိပ်မြို့ မင်္ဂလာညွန့်ကျေးရွာနေ ဦးသန်းအောင်၏



နေအိမ်၌ ဆိုလာဘက်ထရီအိုးဖြင့် မီးထွန်းရာမှ အပူလွန်ကဲ၍ ဝါယာရှော့ဖြစ်ကာ အနီးရှိဝါးထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာ ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ည ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

**ပြည်**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ်ကွက် ရုံးလမ်း၌ ယနေ့ နံနက် ၉ နာရီခွဲခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကျောင်းကြီးအိုးတန်းရပ်ကွက် ရုံးလမ်းရှိ အိမ်ရှင် ဦးကြီးတင် ပိုင်ဆိုင်သော နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးရှိ တီဗွီ မီးအားဖြတ်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ သန္ဓေမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်ငါးစီး၊ အရန်မီးသတ်တပ်ဖွဲ့မှ ၁၆ စီး စုစုပေါင်း ၂၁ စီးဖြင့် ခရိုင်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့များက ဝိုင်းဝန်းပူးပေါင်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**သူရအောင် (ပြည်)**



# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၅**

မူးယစ်တပ်ဖွဲ့စု ၃ မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၄ ရက် ညနေပိုင်းတွင် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ မော်ဟန်-တောင်စိမ်းလေး မော်သွားလမ်း နန့်ပင့်ချောင်းအနီးတွင် စိန်မောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၀ နှင့် ဘိန်းဖြူ သုံးဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

**ပုသိမ်ကြီး**

အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု ၁၇ မန္တလေး(မြောက်ပိုင်း) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၁၆)မိုင် စစ်ဆေးရေးစခန်းတွင် နိုင်လင်း မောင်းနှင်ပြီး မမွန်းဂျာအောင် လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၊ ဆေးခြောက် ၂ ဒသမ ၅ ဂရမ်၊ အိုက်စ် ၉၉၀ ဂရမ်နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃)ရပ်ကွက်ရှိ နိုင်လင်းနှင့် မမွန်းဂျာအောင်တို့၏ နေအိမ်တိုက်ခန်းကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၂ ပြားနှင့် ဆေးခြောက် ၁၈ ဂရမ်တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

**လားရှိုး**

ထို့အတူ မေ ၃ ရက် ညပိုင်းက လားရှိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ်(၁၀)ရပ်ကွက် နယ်မြေ(၂) အေးချမ်းမြေလမ်းတွင် အောင်မင်းသူ မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၀ နှင့် ဘိန်းဖြူ ၁၁ ဒသမ ၂ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

**ကလော**

အလားတူ မေ ၄ ရက် မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် လွိုင်ကော် - ပင်လောင်း - အောင်ပန်းသွားကားလမ်း နန်းတိုင်းကျေးရွာအနီး မိုင်တိုင်အမှတ်(၁၂/၂)တွင် အိုက်ဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဆီခဲ ၄ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# တနသ်ာရီမြို့နယ်၌ လေပြင်းတိုက်ခတ်သဖြင့် စာသင်ကျောင်းနှင့်နေအိမ်များ အမိုးလန်ပျက်စီး

**တနသ်ာရီ မေ ၅**

တနသ်ာရီမြို့နယ် အရှေ့မော်တုန်းကျေးရွာအုပ်စုအတွင်း မေ ၄ ရက် ညနေ ၆ နာရီခွဲခန့်က အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြို့ဟောင်းကုန်းကျေးရွာရှိ အမက(ဇလုံး)ကျောင်းဆောင်၊ နေအိမ်နှစ်လုံး၊ ဆန်စက်ရုံတို့ အမိုးလန်ခြင်းဖြစ်ပေါ်ခဲ့ပြီး အန္ဒာပြင်ကျေးရွာ၌ နေအိမ်တစ်လုံးနှင့် ပြင်ရိုးကျေးရွာတွင် နေအိမ်တစ်လုံးတို့ ယိုင်သွားခဲ့ကြောင်း သိရသည်။

ယင်းနေအိမ် အမိုးလန်ပျက်စီးမှုကြောင့် လူ ၂၅ ဦးတို့မှာ နီးစပ်ရာ ဆွေမျိုးများနေအိမ်သို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**



# စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၅**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂ ရက်မှ ၄ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ထမင်းဆိုင်ရှေ့၌ ခြောက်ဘီးယာဉ် သုံးစီးပေါ်မှ တရားမဝင် လုံးပတ်သုံးပေအောက် အင်သစ်၊ အင်ခွဲသား၊ ဖရုံခြမ်း စုစုပေါင်း ၃၉၇ လုံး/ချောင်း/ခြမ်း (၁၆ ဒသမ ၅၇၇၈ တန်)နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ကျွန်းလှမြို့နယ် မိုင်းဝန်းကြိုးဝိုင်းအတွင်းမှ တရားမဝင် သစ်စက်လေးလုံးနှင့် ကျွန်း၊ သစ်မာ သစ်လုံး/ခွဲသား စုစုပေါင်း ၃၀၄၃ လုံး/ချောင်း (၆၉ ဒသမ ၈၇၃၆ တန်)ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၆၀/၀)အနီး လမ်းအရှေ့ဘက် ဆည်ပေါင်လမ်းပေါက်အတွင်းနှင့် ဘောနတ်ကြီးရွာ မြောက်ဘက်တို့မှ တရားမဝင် ပျဉ်းကတိုး၊ တောင်သရက်ခွဲသား အချောင်း ၈၀ (၈ ဒသမ ၂၄၂ တန်)၊ ပေါင် ၉၀ ဝင် မီးသွေးအိတ် ၂၇၀ (၈၆ ဒသမ ၄၀ တန်)နှင့် ယာဉ်တစ်စီးကိုလည်းကောင်း၊ ဖြူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၁၉/၁)နှင့် (၁၁၉/၂)ကြားနှင့် မိုင်တိုင်အမှတ် (၁၁၉/၃)နှင့် (၁၁၉/၄) ကြားတို့တွင် ရပ်တန့်ထားသော Nissan Cara Van တစ်စီးနှင့် ဖောကားအနီရောင်ယာဉ်တစ်စီးတို့ပေါ်မှ တရားမဝင် ကျွန်း၊ ပိတောက်ခွဲသား ၃၇၃ ချောင်း (၃ ဒသမ ၆၆၄၂ တန်)ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြကန်သာကျေးရွာ အရှေ့မြောက်ဘက်ရှိ မြေကွက်လပ်တွင် စုပုံထားသော တရားမဝင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ယမနေ၊ အခြားသစ်လုံး/ခွဲသား စုစုပေါင်း ၁၆၃ လုံး/ချောင်း (၁၁ ဒသမ ၇၃၆၈ တန်)တို့ကို လည်းကောင်း ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်လူမော်**



## ရှမ်းပြည်နယ်တွင် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကျင်းပ



**တောင်ကြီး ဧပြီ ၅**

၂၀၁၉ ခုနှစ် ရှမ်းပြည်နယ် နွေရာသီ အခြေခံ အားကစားသင်တန်းဆင်းပွဲကို ဧပြီ ၃ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ပြည်နယ် လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က သင်တန်းတွင် ဘောလုံး၊ တင်းနစ်၊ မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ဂျူဒို၊ ကြက်တောင်၊ စားပွဲတင် တင်းနစ်၊ ရိုးရာလက်ဝှေ့၊ ဘတ်စကက်ဘော၊ ရိုးရာခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ စက်ဘီး၊ ဘော်လီဘော၊ Physical Fitness Dance နှင့် အေရိုးဗစ်စသည့် အားကစားနည်း ၁၈ နည်းသင်ကြားပေးခဲ့ရာ စုစုပေါင်း သင်တန်းသား ၁၈၆၅ ဦးတက်ရောက်ခဲ့ကြောင်း၊ လူငယ်လူရွယ်များ အနေဖြင့် နွေရာသီအားလပ်ရက်များကို အကျိုးရှိရှိ အသုံးချတတ်စေရေး၊ အားကစားနည်းတစ်ရပ်ရပ်ကို အခြေခံမှစ၍ လေ့ကျင့်လိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အချင်းမြင့်မားသည့် အားကစားသမားကောင်းများ ဖြစ်လာစေရေး၊ နိုင်ငံတော်အတွက် ထူးချွန်သောမျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးကို ရည်မှန်းပြီး သင်တန်းများကိုဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ သင်တန်းသား လူငယ်မောင်မယ်များ အနေဖြင့် မြို့နယ်၊ ခရိုင်၊ ပြည်နယ်ကိုယ်စားပြု အားကစားသမားများမှတစ်ဆင့် နိုင်ငံကိုယ်စားပြု အားကစားသမားကောင်းများဖြစ်လာအောင် ဆက်လက်ကြိုးစားသွားကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် သင်တန်းသား၊ သင်တန်းသူများအား လိုက်လံနှုတ်ဆက်ကြပြီး တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ရိုးရာခြင်း၊ မြန်မာ့သိုင်း သရုပ်ပြသမှုကို ကြည့်ရှုခဲ့ကြသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## မြန်မာ-ထိုင်း နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်များ နေရာတိုးချဲ့ဆောင်ရွက်ပေး

**တာချီလိတ် ဧပြီ ၅**

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် တာချီလိတ်မြို့တွင် ပြည်သူများ တစ်နှစ်သက်တမ်း နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Border Pass) နှင့် ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ် ( Temporary Border Pass)များ ပြုလုပ်ရာတွင် လွယ်ကူလျင်မြန် အဆင်ပြေရေးအတွက် ဧပြီ ၄ ရက် နံနက်ကစတင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ၊ တာချီလိတ်ခရိုင် ဦးစီးမှူးရုံးအောက်ထပ်၌ တိုးချဲ့ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ယင်းနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်စာအုပ်များကို ယခင်က မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ် (၁) အောက်ထပ်ရုံးခန်းတွင် ပြုလုပ်ပေးခြင်းဖြစ်ပြီး ပြည်သူများ လက်မှတ်စာအုပ်များ ပြုလုပ်ရာတွင် အဆင်ပြေစေရန်နှင့် အဆောက်အအုံအတွင်း စိတ်အေးချမ်းစွာ ဆောင်ရွက်နိုင်ရေး နေရာတိုးချဲ့ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

တာချီလိတ်မြို့မှ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Border Pass ) BP အမျိုးအစား တစ်နှစ်သက်တမ်း စာအုပ်နှင့် ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Temporary Border Pass) TBP တစ်ကြိမ်သုံးလက်မှတ်တို့ဖြင့် သွားရောက်နိုင်ပြီး BP စာအုပ်အား တာချီလိတ်ခရိုင်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ပြုလုပ်နိုင်ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## အောင်ပွဲရ အမျိုးသား၊ အမျိုးသမီးအသင်းအား ဂုဏ်ပြု

**ချမ်းအေးသာစံ ဧပြီ ၅**

၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် အောင်ပွဲရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်အသင်းအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဧပြီ ၄ ရက် ညနေ ၆ နာရီက ချမ်းအေးသာစံမြို့နယ်ရှိ အီတာနယ်ခန်းမတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်အသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများက တစ်ဦးချင်းမိတ်ဆက်ပြီး စုပေါင်းတံခွန်စိုက်ဒိုင်းဆုနှင့် အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ထံ အပ်နှံသည်။

ထို့နောက် အသင်းအုပ်ချုပ်သူက ပြိုင်ပွဲအတွေ့အကြုံများ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားကာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချီးမြှင့်သည့် ငွေကျပ်ငါးသိန်းကို ပေးအပ်ရာ အသင်းအုပ်ချုပ်သူနှင့် နည်းပြများက လက်ခံရယူသည်။

မန္တလေးတိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ပြေးခုန်ပစ်အသင်းတွင် အမျိုးသားအားကစားသမား ၁၆ ဦး၊ အမျိုးသမီးအားကစားသမား ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အမျိုးသားအသင်းလိုက်တွင် ရွှေရှစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုဖြင့် ဒုတိယ၊ အမျိုးသမီးအသင်းလိုက်တွင် ရွှေသုံးခု၊ ငွေခြောက်ခု၊ ကြေးငါးခုဖြင့် ပထမရကာ စုစုပေါင်းတံခွန်စိုက်ဒိုင်းကို မန္တလေးတိုင်းဒေသကြီးအသင်းက ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် လူထုဗဟိုပြုစီမံကိန်းဆွေးနွေးပွဲတက်ရောက်

**ဘားအံ ဧပြီ ၅**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ် အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်း မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ဧပြီ ၄ ရက် နံနက် ၁၀ နာရီခွဲက ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် တောရဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က လူထုဗဟိုပြုစီမံကိန်းဟာ ကျေးလက်အခြေခံ အဆောက်အအုံများနှင့် အခြေခံဝန်ဆောင်မှုများ တိုးတက်ရရှိလာစေပြီး ကျေးလက်နေပြည်သူများကို အကျိုးဖြစ်ထွန်းစေရန်အတွက် လူထုဗဟိုပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်သွားရန် ရည်ရွယ်ကြောင်း၊ ဒေသအတွင်းဖွံ့ဖြိုးစေရေး အတွက် ကူညီဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် လိုအပ်သည့်နေရာများတွင် အကျိုးရှိစွာ အသုံးချသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြု စီမံကိန်းမန်နေဂျာ ညွှန်ကြားရေးမှူး ဦးလှခိုင်က စီမံကိန်း၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လုပ်ဆောင်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်းဘွဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ပြုလုပ်သော ဒုတိယအကြိမ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေပေးအပ်ပွဲသို့ တက်ရောက်ပြီး လှိုင်းဘွဲမြို့နယ် ပိုင်ကျုံမြို့၊ ရှမ်းရွာသစ်မြို့တို့ရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွက် စုစုပေါင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၂၇ ခုအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေကျပ် ၁၀၄ ဒသမ ၃ သန်းအား ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



တိုတိုထွာထွာဖတ်စရာ

## ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းယောင်း**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်သည် တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ဖြင့် အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေနှင့် ၆ လက်မ ဒုရှိ ဝမ်လဲ၊ ဝမ်ယွတ်၊ ဝမ်ကောင်း၊ ဝမ်ဟွန်းနှင့် ဝမ်ဘိုးကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်၊ မြို့နယ်အဆင့်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် တာဝန်ရှိသူများက သတ်မှတ်စံချိန်စံညွှန်းကိုက်ညီမှု ရှိ၊ မရှိနှင့် အရည်အသွေးပြည့်မီစေရေးအတွက် စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

## မန်ဝိန်းရွာဒေသခံများ ရေရရှိရေးဆောင်ရွက်

**ကျောက်မဲ**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၅ သန်းဖြင့် Glory Lotus ကုမ္ပဏီမှ မန်ဝိန်းရွာသစ်ကျေးရွာ ဒေသခံပြည်သူများအတွက် တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တွင်းတိမ်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကျောက်မဲခရိုင် ကျေးလက်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မြို့နယ် ကျေးလက်ဦးစီးမှူး ဒေါ်နန်းဖြူဖြူအောင်နှင့် တာဝန်ရှိသူများက မေ ၃ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **စိုင်း (သီပေါ)**



## နေရပ်ပြန်အိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်

**ရန်ကုန် မေ ၅**

ထိုင်းနိုင်ငံ မှ နေရပ်ပြန် အိမ်ထောင်စု ၁၀ စု အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၂ ရက်နံနက် ၉ နာရီက ခေတ္တနေရာချထားပေးသည့် ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ကနောင်အိမ်ရာ၌ ကျင်းပသည်။

တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ရန်ကုန်တိုင်းရုံးမှ စားစရိတ် ငွေကျပ် ၁၁၅၂၀၀၀ တို့အား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ပြီး မေ ၂ ရက် နံနက် ၉ နာရီက အဆိုပါ အိမ်ထောင်စု ၁၀ စုအတွက် တစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၀ သိန်းကို လူမှုရေးဝန်ကြီးနှင့်တာဝန်ရှိသူများက ထပ်မံထောက်ပံ့ပေးအပ်၍ အားပေးစကားများ ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ရေထုထည်စီးနှုန်း တိုင်းတာခြင်းလုပ်ငန်းများအား လက်တွေ့သရုပ်ပြ

**မကွေး မေ ၅**

မကွေးတိုင်းဒေသကြီး တည်ဆောက်ရေး(၃) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတွင် ဆည်ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အင်ဂျင်နီယာနှင့် ဝန်ထမ်းများအား ဆည်ရေစီမံခန့်ခွဲမှု (Irrigation Water Management) ရက်တိုသင်တန်း ဖွင့်လှစ်သင်ကြားလျက်ရှိရာ ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ ပဲခူးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်နိုင် ဦးဆောင်သော အဖွဲ့သည် မေ ၂ ရက်တွင် သင်တန်းပို့ချသည်။

ထို့အပြင် ပွင့်ဖြူမြို့နယ်အတွင်းရှိ မဲဇလီ ဆည်ရေသောက် တောင်မုန်းမြောင်းမကြီး လက်တံ(၄) နှင့် (၄) မိုင်းနား (၁) မြောင်းများတွင် ရေထုထည်စီးနှုန်း တိုင်းတာခြင်းလုပ်ငန်းများ မေ ၃ ရက် နံနက်ပိုင်းတွင် လက်တွေ့သရုပ်ပြသင်ကြားပေးခဲ့ကြောင်း သိရသည်။



**သန်းနိုင်ဦး(ဇဗဲ)**



# ရိုးမတောင်ခြေ မအီမြေမှ အလင်းတေးဖွဲ့သီ မဟီရာနဒီ

ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

၂၀၁၉ ခုနှစ်ရဲ့ နှစ်သစ်အခါသမယမှာ ရခိုင်ပြည်နယ် မအီမြို့လေးကို ရောက်ရှိခဲ့ပါတယ်။ မြောက်ဦး ဆရာတော်ကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တ ဝါယာမိန္ဒရဲ့သက်တော် ၆၀ ပြည့် မွေးနေ့အထိမ်းအမှတ် စက္ခုဒါနအလှူအဖြစ် မအီမြို့နယ်အတွင်းက မျက်စိ ဝေဒနာရှင် တိုင်းရင်းသားပြည်သူတွေအတွက် အလင်း တံခါးသစ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

ကျွန်မတို့ရဲ့ မျက်စိအထူးကုအဖွဲ့ဟာ ဇန်နဝါရီလ ၂၁ ရက်နေ့ နံနက် ၈ နာရီမှာရန်ကုန်မြို့မှ ကျောက်ဖြူမြို့သို့ လေယာဉ်နဲ့ ထွက်ခွာခဲ့ကြပါတယ်။ ကျောက်ဖြူလေဆိပ် မှာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီး သန့်ဇင်ဦးမိသားစု၊ ဆရာတော်ကြီးရဲ့ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များ နဲ့ မြို့မိမြို့ဖများက လာရောက်ကြိုဆိုခဲ့ကြပါတယ်။ ကျောက်ဖြူမြို့ရဲ့အထင်ကရ တန်ခိုးကြီးဘုရားတွေဖြစ်တဲ့ ပေါ်တော်မူ ကံ့ကော်တောဘုရား၊ ကျောက်တလုံးဘုရား တို့ကို ဖူးမြော်ကြည်ညိုကြပါတယ်။ ကျောက်တလုံး ဘုရားရင်ပြင်မှာ နံနက်စာ ရခိုင်ရိုးရာစားဖွယ်စုံနဲ့ ဧည့်ခံ ခဲ့ကြပါတယ်။

**သေလာဂနိုင်..ရိပ်မြိုင်ထူလီ...မြစ်မဟီဒွ**

မအီမြို့ဟာ ရခိုင်ပြည်နယ်တောင်ပိုင်းမှာ တည်ရှိပြီး တောင်ကုတ်မြို့ရဲ့မြောက်ဘက်စွန်းမှာရှိတဲ့ မအီချောင်းရဲ့ ဝဲ၊ ယာမှာ တည်ရှိပါတယ်။ မအီချောင်းကို အစွဲပြုပြီး မအီမြို့လို့ ခေါ်တွင်ခဲ့ပါတယ်။ မအီမြို့ဟာ မြောက်ဦး ဆရာတော်ကြီးရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သလို ဆရာတော်ကြီးရဲ့ ဦးဆောင်လှူဒါန်းမှုနဲ့ မြတ်စွာဘုရားရှင် ရဲ့ခြေတော်ရာနှစ်ဆူ တည်ရှိရာလမ်းကို ဖောက်လုပ်ပြုပြင် ခဲ့တာကြောင့် ယခုအခါမှာ ဘုရားဖူးပြည်သူတွေ လွယ်လင့်တကူ လာရောက်ဖူးမြော်နိုင်ကြပြီ ဖြစ်ပါတယ်။

ကျောက်ဖြူ-မအီကားလမ်းက ၇၅ မိုင်ရှိပြီး နှစ်နာရီ ကျော် မောင်းရပါတယ်။ လမ်းတစ်လျှောက်မှာ ကျောက်ပြောက်၊ ဝမျှောင်၊ ငအုပ်၊ ဇင်ချောင်း၊ ပေါက်ပြင်၊ စနဲ၊ ကျောက်ဆောက် စတဲ့ ရွာစဉ်တွေကို ဖြတ်ကျော်လာ ခဲ့တယ်။ မအီကို မရောက်ခင်မှာတော့ မင်းကြောင်း တံတား၊ ဝန်ဖိုက်တံတား၊ သဇင်ပေါက်၊ သံသမချေ၊ သံသမကြီး၊ ဒီးဒုတ်ချောင်းတံတား၊ လုံးတော်ပေါက်၊ စနဲပေါက်၊ ကျောက်ကြီးပေါက် စတဲ့ တံတားကြီး ကိုးစင်း ကို ဖြတ်ကျော်ရပါတယ်။

ကျွန်မတို့အဖွဲ့ဟာ နံနက် ၁၁ နာရီခွဲမှာ မအီမြို့ကို ရောက်တာနဲ့ ဆေးရုံကို မသွားသေးဘဲ ခြေတော်ရာကို ဖူးမြော်ဖို့ စနဲကျေးရွာဆီ သွားခဲ့ကြတယ်။ မအီကနေ စနဲကို ခုနစ်မိုင်၊ စနဲကျေးရွာကနေ စက်တော်ရာကို ကိုးမိုင် လေးဖာလုံ ကွာဝေးပါတယ်။ လမ်းတစ်လျှောက်မှာ တသွင်သွင် စီးဆင်းနေတဲ့ စမ်းချောင်းငယ် အသွယ်သွယ်၊ သစ်ပင်၊ ဝါးပင်တောအထပ်ထပ်၊ တောင်စွယ်တောင်ကွေ့ အရပ်ရပ်ကို ဖြတ်ကျော်လာခဲ့ရတယ်။

“မဏိသေလ.နာမထွန်းပြောင်..မြကျောက်ဆောင် ထက်မှာ လက်ယာခြေတော်ရာ ထက်ပေါ်လျှံရှိ.. တြိသေလ...နာမမည်တွင်...ဆင့်တင်..ကျောက်ဆောင် မွေထိပ်ခေါင်၌....ဘုန်းရောင်ထွန်းပ..တေဇတုမော်.. လက်ဝဲစက်တော်...” စတဲ့ ပါဒခြေတော်ရာ နှစ်ဆူဟာ မအီမြို့နယ် စနဲကျေးရွာမှာ ရှိပါတယ်။

သမိုင်းကြောင်းလာစာများအရ ကမ္ဘာပေါ်မှာ ခြေတော်ရာပေါင်း ၁၂ ဆူရှိတဲ့အနက် မြန်မာနိုင်ငံရဲ့ ငါးနေရာမှာ ခုနစ်ဆူတည်ရှိနေတာက ထူးခြားလွန်းလှပါ တယ်။ ရခိုင်ပြည်နယ် ရသေ့တောင်မြို့ မုံစည်ကျွန်းမှာ တစ်ဆူ၊ စစ်တွေ ဖရုံကာကျွန်းစု မြေငိုကျွန်းမှာ တစ်ဆူ၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မန်းချောင်း အတွင်းမှာရှိတဲ့ အထက်၊ အောက် လက်ဝဲခြေတော်ရာ နှစ်ဆူ၊ ဝနယ်လှိုင်မူတောင်မှာ တစ်ဆူနဲ့ မအီမြို့နယ် အတွင်းက အထက်၊ အောက် ဝဲ၊ ယာ နှစ်ဆူတို့ ဖြစ်ကြပါ တယ်။ ဒါကြောင့် မြတ်စွာဘုရားရှင်ရဲ့ဝဲ၊ ယာခြေတော်ရာ နှစ်ဆူတည်ရှိရာ တစ်ခုတည်းသော မြေမဟာဖြစ်တာ ကြောင့် ထူးခြားတဲ့ ပူဇော်ဖူးမြော်ထိုက်သော ဒေသ ပဲဖြစ်ပါတော့တယ်။

မဟီရာနဒီရဲ့အလယ်ဗဟိုမှာ ရေအိုင်ကြီးရှိပါတယ်။ အဲဒီရေအိုင်ကြီးဟာ အလွန်နက်ရှိုင်းကျယ်ဝန်းပြီး အေးမြ ကြည်လင်တဲ့ရေက တသွင်သွင် စီးဆင်းလို့နေပါတယ်။ ပတ်ဝန်းကျင်တစ်ခိုမှာ တသုန်သုန် တိုက်ခတ်နေတဲ့ လေနု အေးနဲ့အတူ စံပယ်၊ ကြက်ရုန်း၊ ဂမုန်း၊ ခတ္တာ၊ ဆပ်သွားဝါ၊ နှင်းဆီ၊ သရဖီ၊ အင်ကြင်း၊ ငုမင်း၊ ထပ်တစ်ရာ၊ ဇီဇဝါ၊ ရင်ခတ်၊ ဇလပ်၊ ပိတောက်၊ တောကြက်မောက်စတဲ့ ပန်းပေါင်းစုံတဲ့ ရနံ့တို့နဲ့ သင်းပျံ့မွှေးကြိုင်နေခဲ့တယ်လို့ ဆိုပါတယ်။

> **မဟီရာနဒီရဲ့အလယ်ဗဟိုမှာ ရေအိုင်ကြီးရှိပါတယ်။ အဲဒီရေအိုင်ကြီး ဟာ အလွန်နက်ရှိုင်းကျယ်ဝန်းပြီး အေးမြကြည်လင်တဲ့ ရေက တသွင်သွင် စီးဆင်းလို့နေပါတယ်။ ပတ်ဝန်းကျင်တစ်ခိုမှာ တသုန်သုန်တိုက်ခတ်နေတဲ့ လေနုအေးနဲ့အတူ စံပယ်၊ ကြက်ရုန်း၊ ဂမုန်း၊ ခတ္တာ၊ ဆပ်သွားဝါ၊ နှင်းဆီ၊ သရဖီ၊ အင်ကြင်း၊ ငုမင်း၊ ထပ်တစ်ရာ၊ ဇီဇဝါ၊ ရင်ခတ်၊ ဇလပ်၊ ပိတောက်၊ တောကြက်မောက်စတဲ့ ပန်းပေါင်းစုံတဲ့ ရနံ့တို့နဲ့ သင်းပျံ့မွှေးကြိုင်နေခဲ့တယ်လို့ဆို . . .**

အဲဒီအိုင်ရဲ့အလယ် မဏိသေလ ကျောက်ဆောင်ပေါ်မှာ တော့ “ဇမ္ဗူ မှာ ဒွေး ယာမှာဇ” ဆိုတဲ့အတိုင်း ကမ္ဘာပေါ်မှာ တစ်ဆူ တည်းရှိတဲ့ ဘုရားရှင်ရဲ့ လက်ယာခြေတော်ရာ ရှိပါတယ်။ ရေအိုင်ထဲမှာတော့ ငါးလေးတွေက လွတ်လပ်စွာ ကူးခတ် မြူးထူးနေကြတယ်။ အေးမြကြည်လင် တသွင်သွင် စီးဆင်းနေတဲ့ မအီချောင်းကိုဖြတ်ပြီး ပေ ၆၀၀ ကျော်မြင့်တဲ့ “မြင်မတိန်တောင်” ပေါ်ကို ဝါးတောင်ဝှေး လေးတွေနဲ့ ထောက်ကာ တက်ကြရပါတယ်။ မြင်းတောင် မတက်နိုင်အောင် မတ်စောက်လို့ မြင်မတိန် တောင်လို့ ခေါ်တွင်ခဲ့တယ်လို့ ဆိုပါတယ်။ တောင်ရဲ့ အဆုံးမှာရှိတဲ့ နာဠာဂီရိ တောင်ထက်က တြိသေလခေါ်တဲ့ ဆင့်တင် ကျောက်ဆောင်ပေါ်မှာ လက်ဝဲပါဒခြေတော်ရာရှိပါတယ်။

ကျွန်မတို့အဖွဲ့ဟာ ခြေတော်ရာ နှစ်ဆူကို ဖူးမြော်ခဲ့ကြ ပြီး တောင်ပေါ်ကဆင်းလာတဲ့အချိန်မှာတော့ နေကလည်း ပူလာပါပြီ။ ခရီးကပန်း ဗိုက်ကဆာ နေကြပါပြီ။ တောင် အောက်ရောက်တော့ ဘုရားတန်ဆောင်းထဲမှာ အရီးရှည်တို့အဖွဲ့က ရခိုင်ထမင်းဟင်းတွေနဲ့ အသင့်စောင့် နေကြပါတယ်။ ကျွန်မတို့အားလုံး ခေါင်းမဖော်တမ်း စားကြတယ်။ ဆရာတော်ကြီးရဲ့ ဘုန်းတန်ခိုးက ကြီးလှ ပါတယ်။ တောထဲတောင်ထဲမှာ နတ်သုဒ္ဓါတမျှ ဟင်းခွက် ပေါင်းများစွာနဲ့ စားခဲ့ကြရပါတယ်။ ကျွန်မတို့အားလုံးလည်း ကံထူးကြလို့သာ ဒီလိုထူးခြားတဲ့ မြေမဟာကို ရောက်ခွင့်၊ ဖူးခွင့် ကြုံကြရတာလို့ တွေးနေမိပါတယ်။

**အလင်းပေးဖို့သွားကြပြီ**

မွန်းလွဲ ၂ နာရီမှာ တောင်ပေါ်က ဆင်းလာခဲ့ပြီး မအီတိုက်နယ်ဆေးရုံဆီ သွားခဲ့ကြတယ်။ တိုက်နယ် ဆရာဝန် ဒေါက်တာတင်မောင်ထွန်းနဲ့ ဆေးရုံဝန်ထမ်းများ၊ ပရဟိတအဖွဲ့များ၊ တောင်ကုတ်မြို့နယ် အထွေထွေအုပ်ချုပ် ရေးမှူး ဦးလှမိုးနဲ့ တာဝန်ရှိသူများ၊ ဒေသခံမြို့မိမြို့ဖများက စောင့်ကြိုနေကြပါတယ်။ ဆေးရုံဝင်းထဲမှာ လူနာတွေ စောင့်စားနားခိုဖို့ မဏ္ဍပ်ကြီးက အသင့်ဖြစ်နေပြီ။ မျက်စိ ဆရာဝန်တွေ လူနာစစ်ဆေးမယ့်နေရာ၊ ခွဲစိတ်ရမယ့် လူနာ တွေ သွေးစစ်ရမယ့်နေရာ၊ မျက်တွင်းမှန်ပါဝါတိုင်းမယ့် နေရာ၊ မျက်မှန်ပါဝါ စမ်းသပ်မယ့်နေရာ စသဖြင့် သူ့နေရာ နဲ့သူ စနစ်တကျရှိနေပါတယ်။ ခွဲစိတ်ခန်းထဲမှာလည်း မိုက်ခရိုစကုတ်တွေ၊ ခုတင်တွေ၊ ဆေးဝါးပစ္စည်းတွေနဲ့ ခွဲစိတ်ဖို့ အသင့်ဖြစ်နေပါပြီ။

**အစားလည်းကျွေး ကားလည်းပေး**
**နားခိုစရာလည်း ပေးမယ်**

၂၂ ရက်နေ့ နံနက် ၇ နာရီကစပြီး လူနာကြည့်ကြမယ်။ အခုအချိန်အထိ စာရင်းပေးသူပေါင်း ၃၀၀၀ ကျော်နေပြီ။ ခရီးဝေးက လာရောက်ပြသသူတွေကို ဆရာတော်ကြီးရဲ့ တောကျောင်းမှာ တည်းခိုဖို့ စီစဉ်ထားပါတယ်။ လာပြတဲ့ လူနာတွေ၊ လူနာစောင့်တွေအားလုံးကို ထမင်းကျွေးမယ်။ ကျေးရွာတွေဆီအရောက် ကားလွှတ်ပေးတယ်။ အိမ်တိုင် ရာရောက် ပြန်ပို့ပေးဦးမယ်ဆိုတော့ ဒီလောက်ပြီးပြည့်စုံ တဲ့အလှူမျိုး ရှိပါဦးမလား တွေးနေမိပါတယ်။ မအီမြို့လူထု ဟာ ဆရာတော်ကြီးရဲ့ မွေးနေ့အလှူအတွက် တက်ကြွ ပျော်ရွှင်နေကြတယ်။ သူ့ကဏ္ဍနဲ့သူ တာဝန်ခွဲဝေ လုပ်ဆောင်ကြတယ်၊ စည်းလုံးညီညွတ်ကြတယ်၊ ရိုးသား ဖြောင့်မတ်ကြတယ်၊ တင်းတိမ်ရောင့်ရဲ လောဘနည်းကြ တယ်။

ကြိုတင်စီစဉ်ထားမှုတွေက အင်မတန် စိတ်တိုင်းကျ စရာ ကောင်းလှတယ်။ ၂၂ ရက်နေ့ နံနက်မှာတော့ ကျွန်မတို့ လုပ်ငန်းစပါပြီ။ ဆေးရုံဝင်းတစ်ခုလုံး မဏ္ဍပ်ကြီး တစ်ခုလုံး လူတွေပြည့်လျှံနေပြီ။ ခရီးဝေးကလာသူ ဦးစား ပေး၊ နှစ်ဖက်လုံး မမြင်သူ ဦးစားပေး စတဲ့ ဦးစားပေးစနစ် နဲ့ လူနာရွေးချယ်ကြတယ်။ အသက် ၄၀ အောက်အုပ်စု၊ ၄၀ နဲ့ ၇၀ ကြား၊ အသက် ၇၀ အထက်အုပ်စုဆိုပြီး နေရာခွဲ လိုက်တယ်။ အသက် ၇၀ ကျော်တွေထဲက အတွင်းတိမ်တွေ အရင်ဆုံး ရွေးလိုက်တော့ ဖြူဖွေးရင့်မှည့်နေတဲ့ လူနာ ၅၀ ကျော် ထွက်လာတယ်။ သူတို့ကို ချက်ချင်းခွဲစိတ်ဖို့ ပြင်ဆင် ရပါတယ်။ လူနာမှတ်ပုံတင်တဲ့နေရာမှာ စနစ်တကျရှိစေဖို့ ကျွန်မတို့အဖွဲ့ရဲ့ ဦးဆောင်သူဖြစ်တဲ့ ဦးအောင်မျိုးမင်းနဲ့ MCM ကုမ္ပဏီမှ ဝန်ထမ်းများက မြို့ခံလူမှုရေးအသင်း အဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်နေကြပါပြီ။ ရောက်တဲ့နေ့ ကတည်းက ဆရာဝန်နဲ့ လူနာအကြား ဘာသာစကား အခက်အခဲဖြေရှင်းပေးဖို့၊ အမြင်အား တိုင်းတာစစ်ဆေးဖို့၊ ခွဲစိတ်ရမယ့်လူနာရဲ့ မျက်စိကို အမှတ်အသားလုပ်ဖို့၊ သက်ဆိုင်ရာ နေရာဌာနတွေကို လိုက်လံပို့ဆောင်ပေးဖို့ ပရဟိတလူငယ်လေးတွေကို ကြိုတင်သင်ကြားပေးထား တာကြောင့် အစစ အဆင်ပြေနေခဲ့ပါတယ်။

ပထမနေ့မှာတော့ OPD ကြည့်မယ့်နေရာမှာ မမဒေါက်တာသန်းသန်းထွေးက ဦးဆောင်ပြီး ကျွန်မနဲ့ အတူ ဒေါက်တာဉာဏ်ဖြိုးအောင်၊ ဒေါက်တာမိဆွေဆွေ (ကျောက်ဖြူ)၊ ဒေါက်တာအိမွန်နိုင်(သံတွဲ)၊ ဒေါက်တာ နေလင်းထွန်း(အမ်း)၊ ဒေါက်တာကျော်တေဇ(အမ်း)၊ ဒေါက်တာပြည့်ဖြိုးပိုင်၊ ဒေါက်တာနိုင်လင်းထူးတို့က ကြည့်ရှုပေးကြပါတယ်။ ဒေါက်တာရဲခိုင်ကျော်(စစ်တွေ)၊ ဒေါက်တာဖြိုးမင်းကျော်နဲ့ မကြေးမုံခင်တို့က ခွဲစိတ်ရမယ့် လူနာတွေကို ရေချိန်တိုင်း၊ မျက်တွင်းမှန်ပါဝါ တိုင်းနေကြ ပါပြီ။

သွေးစစ်တာကို တောင်ကုတ်ဆေးရုံက ဓာတ်ခွဲခန်းမှူး ဆရာဦးထွန်းခင်နဲ့ မအီဆေးရုံက ဦးဆန်းလင်းအောင်တို့က စစ်ဆေးပေးကြပါတယ်။ အခုလို ဝန်ထမ်းအင်အားတွေ ဖြည့်တင်းစီစဉ်ပေးခဲ့တဲ့ တောင်ကုတ်မြို့နယ် ကျန်းမာရေး ဦးစီးမှူး ဒေါက်တာလှထွန်းဇော်ကို အထူးကျေးဇူးတင်မိပါ တယ်။ ကျွန်မအနေနဲ့တော့ ရခိုင်ဒေသကို သွားပြီဆိုရင် အခြားဒေသတွေထက် လူနာများမယ်၊ အတွင်းတိမ်၊ ရေတိမ်တွေ များမယ်ဆိုတာ မကြာခဏ သွားခဲ့ဖူးတော့ ကြိုသိနေပါတယ်။ ဒါကြောင့်လည်း ဆေးဝါးပစ္စည်း အင်အား၊ လူအင်အား များများဖြည့်တင်းပြီးမှ လာခဲ့ပေ မယ့်လည်း အခုလို မြို့နယ်တာဝန်ရှိသူတွေရဲ့ အားပေး ကူညီမှုမရှိဘူးဆိုရင် ရာနှုန်းပြည့် မအောင်မြင်နိုင်ပါဘူး။

အခုဆိုရင် မအီမြို့နယ်အနီးဝန်းကျင်က ပြည်သူတွေ ပဲ လာပြကြမယ် ထင်မှတ်ထားခဲ့ပေမယ့် လက်တွေ့မှာ စနဲ၊ ရမ်းဗြဲ၊ တောင်ကုတ်၊ မာန်အောင်၊ အမ်း၊ သံတွဲ၊ ငပလီ၊ တပ်တောင်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ကျောက်ဖြူ စတဲ့ မြို့နယ် ၁၃ ခုက လာရောက်ပြသကြ တာကြောင့် မအီတစ်မြို့လုံး ကြည့်လေတိုင်းမှာ လူအုပ်ကြီးနဲ့ စည်ကားလို့နေပါတယ်။ အတွင်းတိမ် ရင့်မှည့်ဖြူဖွေးနေသူတွေနဲ့ ထိခိုက်ဒဏ်ရာရသူတွေ များလှပါတယ်။ မျက်မှန်ပါဝါ လိုအပ်သူတွေလည်း များပြားလွန်းတာကြောင့် မျက်မှန်ကျွမ်းကျင် အင်ဂျင်နီယာ ဦးဝင်းနိုင်ထွန်းနဲ့ ဒေါ်မြင့်မြင့်မူတို့မှာ လူအုပ်ကြီးအလယ် ချွေးပြန်အောင် စမ်းပေးနေရပါတယ်။ မျက်မှန်ပေးတဲ့နေရာက အစ်မ ဒေါ်စန်းစန်းမြင့်နဲ့ ဒေါ်ခင်ခင်စောတို့မှာလည်း ခေါင်းမဖော်နိုင်၊ လက်မလည် နိုင်ရှာပါဘူး။

ခွဲစိတ်ခန်းထဲမှာတော့ ဒေါက်တာမိုးကျော်၊ ဒေါက်တာစောသွင်မွန်သိန်း၊ ဒုတိယ ဗိုလ်မှူးကြီး ဇေယျကျော်သူနဲ့ ဒေါက်တာစိုးစိုးဝင်းတို့က မေ့ဆေး ဆရာဝန်ကြီး ဒေါက်တာ လှဌေးမြင့်၊ ဆရာမ ဒေါ်အေး အေးမြင့်၊ ဒေါ်ဉာဏ်ငိုက်ဒွန်း၊ ဒေါ်အေးသန္တာသောင်း၊ ဒေါ်အေးရည်မွန်သန့်၊ ဒေါ်ခင်မျိုးမျိုးအေးတို့နဲ့ တောင်ကုတ်၊ မအီဆေးရုံက ဆရာမလေးတွေ အကူအညီ နဲ့ လူနာတစ်ယောက်ပြီးတစ်ယောက် ခွဲစိတ်ပေးနေကြ ပါပြီ။

အရီးရေအောက်ကိုကရိ (အရီးရေအောက်ကို ကြည့်)၊ အဘိုးရေအသာချေကရိဖို့ (အဘိုးရေအသာချေ ကြည့်ဖို့)၊ အဘောင်ရေငြိမ်လို့နေပါဆိုတဲ့ အသံတွေနဲ့ လှိုင်နေပါတယ်။ အသက်ကကြီး မျက်စိကမမြင်ရတဲ့အထဲ စကားကမပေါက်၊ နားကပါမကြားဆိုတော့ ခွဲနေတဲ့ ဆရာဝန် ဘယ်လိုပြောပြော သူတို့ကိုပြောနေတာ မဟုတ်သလို နေချင်သလိုသာ နေတော့တယ်။ ခေါင်းကို ယမ်းလားယမ်းရဲ့ နာမည်ဘယ်လိုခေါ်သလဲ မေးလည်း ပြန်မဖြေ၊ ကိုယ်ကလည်းပြော သူတို့ကလည်းဖြေချင်ရာ ဖြေ၊ ဘေးကကူညီနေတဲ့ ဒေသခံဆရာမလေးတွေခမျာမှာ စကားပြန်လုပ်လိုက်၊ လက်အိတ်ဖောက်လိုက်၊ မျက်စည်း ခတ်ပေးလိုက်၊ ခွဲစိတ်ကိရိယာတွေ ပြေးပေါင်းလိုက်၊ ပလာစတာကပ်လိုက်နဲ့ တစ်ချက်ကလေးမျှ မနားရရှာ ဘူး။ အသက်ကြီးသူတွေများတော့ ခွဲစိတ်ခုတင်ပေါ် တင်ဖို့အရေး အချိန်အတော်ပေးရတယ်။

တောင်ကုတ် ကင်းခြေရွာကလာတဲ့ အဘိုးဦးမောင် ဖြူသန်းဆိုရင် အသက်က ၉၄နှစ်၊ မျက်လုံးတစ်ဖက်က ကွယ်နေပြီ၊ ကောင်းတဲ့ဘက်ကလည်း အတွင်းတိမ်က ရင့်မှည့်မည်းနက် အလင်းရောင်ပျပျသာမြင်ရတော့တယ်၊ ခြေထောက်နှစ်ဖက်လုံး ချည့်နေပြီး အောက်ပိုင်းသေ သလို ဖြစ်နေတာကြာပြီတဲ့။ လမ်းမလျှောက်နိုင်တော့ ခွဲစိတ်ခန်းထဲကို သားဖြစ်သူက ပွေ့ချီလာရတယ်။ ခွဲနေ တုန်းမှာ ငြိမ်ငြိမ်မနေဘူး။ ခြေလက်တွေကို ဝိုင်းချုပ် ထားပြီးခွဲရတာ ပင်ပန်းလိုက်ပုံများ။ အဘိုးအသက်ရှင်နေ သေးသရွေ့တစ်ဖက်တည်းရှိတဲ့မျက်လုံးလေး အလင်းရောင် ပြန်ရပါစေဆိုတဲ့စိတ်နဲ့ စိတ်ရှည်ရှည်ထားပြီး ခွဲပေးခဲ့ရပါ တယ်။ နောက်တစ်နေ့ အုပ်ထားတဲ့ဂွမ်းကို ဖယ်လိုက်တာ နဲ့ မြင်သွားပြီဆိုတော့ လင်းပြီ..လင်းပြီ ဆိုပြီး အော်လိုက် တာ သားဖြစ်သူမှာ မျက်ရည်တွေဝဲလို့ ပျော်နေရှာ တယ်။

မအီ တောင်ကြီးရွာက ဦးဘလှိုင်က ၉၃နှစ်၊ တောင်ကုတ် ဖောင်းသောင်းရွာက ဦးငကြန်က ၈၄နှစ်၊ ဘူးရွှေမော်က ဦးစိုးရွှေက ၈၅နှစ်၊ အသက် ၈၀ကျော် - ၇၀ကျော်တွေ အများကြီးကို ခွဲစိတ်ပေးနိုင်ခဲ့တယ်။ အသက်ရှည်ကြပေမယ့် မျက်စိကမမြင်တော့ လူ့ဘဝကြီး မှာ အသက်ရှင်နေရတာ အဓိပ္ပာယ်မဲ့နေသလိုပါပဲ။ ပြီးတော့လည်း ဒီဒေသက အဘိုးအဘွားတွေက ဒေသ စွဲစိတ်တွေနဲ့ သူတို့အိမ်၊ သူတို့ယာ၊ သူတို့ဒေသကနေ တစ်ဖဝါးမှ မခွာချင်ကြဘူး။ ရန်ကုန်လိုက်ခွဲဖို့ မဆိုထားနဲ့ ကျောက်ဖြူ၊ တောင်ကုတ်၊ သံတွဲကိုတောင် သွားမပြချင် ကြဘူး “ဝီးရေမလားနိုင်ပါ”တဲ့။

စာမျက်နှာ ၁၈ သို့ »»

»»» စာမျက်နှာ ၁၇ မှ

အခုလို ဆရာတော်ကြီးသာ မစီစဉ်ဘူး၊ ကျွန်မတို့သာ မလာဘူးဆိုရင် သူတို့ခမျာ အမှောင်ကမ္ဘာထဲမှာပဲ ဘဝဆုံးကြရမှာပါ။

မဏ္ဍပ်ထဲက လူနာတွေ စနစ်တကျရှိစေဖို့နဲ့ ဆရာဝန်တွေရှေ့မှောက် လူနာအဆက်မပြတ် ရောက်စေဖို့ ကိုသက်လှိုင်ထွန်း၊ မခင်ဝတ်ရည်သိန်းတို့ ဇနီးမောင်နှံနဲ့ အတူ MCM ကုမ္ပဏီဝန်ထမ်းများက နေရာချပေးနေကြပါတယ်။ ဒါကြောင့်လည်း သုံးရက်အတွင်းမှာ လူနာပေါင်း ၂၉၉၈ဦး၊ အတွင်းတိမ် လူနာ ၃၃၁ ဦးတို့ကို ခွဲစိတ်ပေးနိုင်ခဲ့ပါတယ်။ ၂၄ ရက်နေ့ နံနက်မှာတော့ မျက်စိအခမဲ့ ခွဲစိတ်ကုသမှု အခြေအနေတွေကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးချမ်းသာနဲ့ တာဝန်ရှိသူတွေ လာရောက်ကြည့်ရှုအားပေးခဲ့ပြီး ဆရာတော်ကြီးထံ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြပါတယ်။

ဒီဇင်ဘာလ ၁၆ ရက်နေ့ ကြေးမုံသတင်းစာမှာ ဖော်ပြပါရှိတဲ့ ကျွန်မရဲ့ "မဟီရာနဒီမြစ်ကမ်းနံဘေးက ပါဒခြေတော်ရာဆီသို့"ဆောင်းပါးကို ဖတ်ရှုမိပြီး အမေဒေါ်တင်လှ၊ ဒေါ်ခင်မေစီ၊ ဦးလွင်ထွန်း၊ ဒေါ်သရဖီကျော်မြင့်၊ ဦးခင်မောင်သန်း၊ ဒေါ်မိမိလေး၊ ဒေါ်နီလာအောင်၊ ဒေါ်ရတနာကျော်တို့က လမ်းပြုပြင်ဖို့နဲ့ မျက်စိအလှူအတွက် ဝတ္ထုငွေကို ကျွန်မကတစ်ဆင့် လာရောက်လှူဒါန်းခဲ့တာကြောင့် ၂၅ ရက်နေ့ နံနက်မှာ MCM ကုမ္ပဏီက လှူဒါန်းငွေများနဲ့အတူ ဆရာတော်ကြီးထံ လှူဒါန်းခဲ့ကြပါတယ်။ ဒါ့အပြင် မရမ်းကုန်းမြို့နယ်က ဒေါ်အေးအေးငြိမ်းမိသားစုကလည်း မျက်စိအထူးကုအဖွဲ့မှာ လိုက်ပါခဲ့ကြတဲ့သူအားလုံးအတွက် ကိုရီးယားအနွေးထည်တွေ လှူဒါန်းပေးခဲ့တာကြောင့် အေးမြတဲ့ဆောင်းလအခါမှာ နွေးထွေးစွာအလုပ်လုပ်နိုင်ကြပါတယ်။

ဒါကြောင့် ဒီခရီးစဉ်ကတော့ ဆရာတော်ကြီး ဖြစ်စေချင်တဲ့ ဘယ်အလှူနဲ့မှ မတူတဲ့၊ ထူးခြားတဲ့ အလင်းအလှူဖြစ်ခဲ့ပါတယ်။ ခရီးစဉ်တစ်လျှောက်လုံး အခက်အခဲဆိုတာမရှိ၊ စိတ်ချမ်းသာကျေနပ်မှုအပြည့်နဲ့ 'မရှိ' ဆိုတဲ့ စကားမကြားခဲ့ရတဲ့ ခရီးတစ်ခုဖြစ်ခဲ့ပြီး ဆရာတော်ကြီးရဲ့ မေတ္တာရိပ်၊ တရားရိပ်အောက်မှာ အဘက်ဘက်က ပြည့်စုံတဲ့ အလင်းအလှူပွဲဖြစ်ခဲ့ပါတယ်။

၂၄ ရက်နေ့က ကုသမှုရဲ့နောက်ဆုံးနေ့ဖြစ်လို့ ကျွန်မတို့အားလုံး ပိုပြီးအားစိုက်ရပါတယ်။ မအီမြို့နယ် အနီးဝန်းကျင်က လူနာတွေကို နောက်ဆုံးမှ ခေါ်ထားရတော့ မဖြစ်မနေခွဲစိတ်ရမယ့်သူတွေ ကျန်ခဲ့မှာစိုးတယ်။ ဒီနေ့မှ လူနာတွေ ပိုများလာသလို မပြေလိုက်ရမှာစိုးတာကြောင့် အတင်းတိုးဝှေ့နေခဲ့ကြတယ်။ ခွဲစိတ်ခန်းရှေ့မှာ အတွင်းတိမ်ဖြူဖြူဖွေးဖွေးလေးတွေ တဖွဲဖွဲရောက်နေတာကြောင့် အပြင်က ခုံတန်းတွေမှာ အပြည့်ဖြစ်နေခဲ့ပြီ။ အချိန်က ညနေ ၆ နာရီ ရှိနေပြီ။ ဒီနေ့ ည ၇ နာရီမှာ မီးပုံပွဲနဲ့ အောင်ပွဲအခမ်းအနား ကျင်းပမယ်။ လက်တွေ့မှာ လူနာတွေ ဖြတ်လို့မရသေးဘူး။ မနေ့ကလည်း ည ၁၂ နာရီမှ ခွဲခန်းပြီးတယ်။ နံနက် ၁ နာရီကျော်မှ အိပ်ကြရပါတယ်။ ဒီနေ့ မီးပုံပွဲရှိတာကြောင့် ခွဲခန်းစောစော ပိတ်ချင်ပေမယ့် ခွဲခန်းရှေ့မှာ စောင့်နေကြတဲ့သူတွေက နှစ်ဖက်လုံး မမြင်ရာတဲ့သူတွေ ဖြစ်နေတယ်။ သူတို့ခမျာ ခွဲချင်ရာလွန်းလို့ ညစာထမင်းကျွေးတာတောင် မစားဘဲ ခွဲခန်းရှေ့မှာ တုတ်တုတ်မျှမလှုပ်၊ မရွှေ့ဘဲ ဇွဲနဲ့ထိုင်စောင့်နေကြတယ်။ ည ၉ နာရီ အချိန်အထိ ခွဲစိတ်ပြီးချိန်မှာတော့ အပြင်မှာ လူနာ ၇၂ ယောက် ကျန်နေပါတယ်။ စိတ်မကောင်းပေမယ့် ကျန်တဲ့လူနာတွေကို တောင်းပန်ရပါတယ်။ သူတို့ရဲ့ လိပ်စာတွေကိုယူထားဖို့၊ နောက်တစ်ခေါက် ပြန်လာပြီး ခွဲပေးပါ့မယ်လို့ ကတိပေးပြီး ပြန်လွှတ်ခဲ့ရပါတယ်။

**"မီးပုံပွဲည..ရွှန်းမြမြ..ရွှေလမင်းကြီး သာလီစွ"**

အဲဒီအချိန် တောကျောင်းဝင်းအတွင်းမှာ ရခိုင်ရိုးရာ အလှအပတွေနဲ့ ဖျော်ဖြေနေကြပြီ။ မအီမြို့နယ် ရွာနီးချုပ်စပ်က လာရောက်ကြည့်ရှုသူတွေနဲ့ တောကျောင်းဝင်းအတွင်းမှာ ကွင်းလုံးပြည့်နေခဲ့ပြီ။ ဒေသထွက်မုန့်ဆိုင်ဈေးဆိုင်လေးတွေနဲ့ စည်ကားနေခဲ့ပြီ၊ ကျောင်းဝင်းထဲကို ကျွန်မတို့ပြန်ရောက်တော့ ည ၁၀ နာရီထိုးပြီ။ မီးပုံပွဲကို စတင်ဖွင့်လှစ်လိုက်ပြီး မျက်စိအခမဲ့ခရီးစဉ် အောင်ပွဲအခမ်းအနား စတင်ပါတယ်။

ကောင်းကင်မှာတော့ လမင်းကြီးက ဝင်းဝင်းပပ သာနေတယ်။ မွှေးပျံ့ချိုအီတဲ့ တောပန်းရနံ့လေးတွေကို မြောက်ပြန်လေညင်းက တသင်းသင်း သယ်ဆောင်လာခဲ့တယ်။ မီးပုံပွဲက ပေါ်ထွက်လာတဲ့ မီးတောက်မီးလျှံတွေက တလင်းလင်း တလက်လက်နဲ့ မိုးယံထက်ဆီ လွင့်ပျံလို့နေတယ်။ ပျော်ရွှင်နေတဲ့ လူအုပ်ကြီးရဲ့မျက်နှာတွေက မီးရှိန်အလင်းနဲ့ ဝင်းပလို့နေတယ်။ ဒေါက်တာမိုးကျော်နဲ့ ဒေါက်တာစောသွင်မွန်သိန်းတို့က မဟာနွယ်သီချင်းကို ဆိုတော့ ကျွန်မတို့အားလုံး လူအုပ်ကြီးနဲ့အတူ မီးပုံကြီးကို ဝိုင်းပတ်ပြီး ကခုန်ကြတယ်။ အင်မတန်ကြည်နူးစရာကောင်းလှတဲ့ မြင်ကွင်းလေးပါပဲ။

အဲဒီနောက်မှာတော့ ဆရာတော်ကြီးက မွေးနေ့အထိမ်းအမှတ် သြဝါဒစကားမိန့်ကြားခဲ့ပြီး ဦးဆောင်စီစဉ်သူ ဦးအောင်မျိုးမင်း၊ တိုက်နယ်ဆရာဝန် ဒေါက်တာတင်မောင်ထွန်း၊ ဦးဝင်းလွင်နဲ့ ကျွန်မတို့က ဝမ်းသာပီတိစကားတွေပြောကြတယ်။ လက်ဆောင်ပစ္စည်းတွေ ပေးအပ်ကြတယ်။

ဒီအောင်ပွဲအခမ်းအနားမှာ ထူးခြားတာကတော့ တောင်ကုတ်မြို့က ဦးကျောက်တောင်နဲ့ ဒေါက်တာစံလှိုင်တို့ လာရောက်အားပေးခဲ့ကြတာ ဖြစ်ပါတယ်။ တောင်ကုတ်မြို့ကနေ ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့တွေကို ခေါ်ဆောင်လာခဲ့တာကြောင့် အကအလှတွေနဲ့ ရှုမငြီးအောင် ဖြစ်ခဲ့ရပါတယ်။ ယခင်ကတော့ ရခိုင်ခရီးစဉ်မှန်သမျှ ဆရာကြီးဒေါက်တာဦးကံညွန့်က ခေါင်းဆောင်ပြီး ဦးကျောက်တောင်တို့က ပံ့ပိုးလှူဒါန်းခဲ့ကြတယ်။ ကျွန်မတို့နဲ့အတူ တွဲလက်တွေညီခဲ့တယ်၊ ရခိုင်ဒေသပြည်သူတွေသာမက မြန်မာနိုင်ငံတစ်ဝန်းက ပြည်သူတွေအတွက် အလင်းတံခါးသစ်တွေ ဖွင့်လှစ်ပေးခဲ့ကြတယ်၊ အလင်းတံတားတွေ ခင်းပေးခဲ့ကြတယ်၊ အလင်းစကားတွေ ဆိုခဲ့ကြတယ်၊ အလင်းတေးတွေ သီကျူးခဲ့ကြတယ်၊ ရောက်ခဲ့ဖူးတဲ့ ရခိုင်ခရီးစဉ်တိုင်းမှာ အခုလိုပဲ မီးပုံပွဲတွေနဲ့ ပျော်ရွှင်ခဲ့ကြတယ်၊ ပင်ပန်းသမျှအမောတွေ ပြေခဲ့ကြရတယ်၊ အခုလို ရခိုင်ပြည်သူတွေကို အလင်းပေးနိုင်တဲ့ အချိန်တိုင်းမှာ ဆရာကြီးကို သတိရမိကြပါတယ်။

တဖြည်းဖြည်းအချိန်လင့်လာခဲ့ပြီး စင်ပေါ်မှာ သီချင်းတွေဆိုနေကြသလို စင်အောက်မှာလည်း စည်းချက်ညီညီ ကခုန်နေကြတယ်။ ဦးကျောက်တောင်ရဲ့ အိပ်၍မပျော်သောညများ၊ ဦးအောင်မျိုးမင်းရဲ့သီချင်း၊ ဆရာဦးစံလှိုင်က ပွင့်ဦးသီချင်းကိုဆိုတော့ ဆရာ့သီချင်းမှာ စီးမျောခံစားမိရင်း လွမ်းစရာညလေး ဖြစ်သွားခဲ့တယ်။ နောက်တစ်နေ့မှာ ကျွန်မတို့ ပြန်ကြရမယ်။ နံနက်စောစော ထကြရမယ်။ တီးဝိုင်းအဖွဲ့သားတွေလည်း နားချင်ရှာရော့မယ်။ တောင်ကုတ်အဖွဲ့ကလည်း ညတွင်းချင်းပြန်ကြမယ်ဆိုတော့ အခမ်းအနားသိမ်းကြမယ်၊ အားလုံးကို နှုတ်ဆက်ကြချိန်မှာ ကျွန်မရှေ့ကို အမျိုးသမီးတစ်စုရောက်လာတယ်။ "ဆရာမ ကျွန်မတို့လည်း ဆိုချင်တယ်။ သူတို့က ဝိုင်းသိမ်းတော့မယ် ပြောနေတယ်၊ ဆရာမ ပြောပေးပါ" တဲ့။ ရုတ်တရက်အံ့သြသွားတယ်။ ထမင်းချက်အဖွဲ့သားတွေခမျာ တစ်နေကုန် လူ ၇၀၀၀ စာကို ချက်ပြုတ်ကြော်လှော်နေကြရတယ်။ အခုလည်းမီးဖိုချောင်ထဲက ထွက်လာတဲ့ ပုံစံအတိုင်း ကျွန်မရှေ့မှာ လာရပ်နေကြတယ်။ ချိုပြုံးရဲ့ "ဘဝချင်းဆုံတွေ့ပါရစေ" တစ်ပုဒ်တည်းပါ ဆရာမရယ် ဆိုတော့ ကျွန်မရင်ထဲဝမ်းနည်းသွားမိတယ်။ သူတို့လည်း အများနဲ့အတူ ဆိုချင်၊ ပျော်ချင်ရှာမှာပေါ့။ စက်အဖွဲ့ကို တောင်းပန်ကာ ကျွန်မတို့လည်း ထိုင်ခုံမှာ ပြန်ထိုင်ပြီး သူတို့ဆိုတာ၊ ကတာ အားပေးကြရတယ်။ ဒီလိုအခွင့်အရေးမျိုး တစ်သက်မှာတစ်ခါ မရနိုင်ပါဘူး ဆရာမရယ်ဆိုတော့ ကျွန်မမှာ ဝမ်းသာ၊ ဝမ်းနည်းခံစားလိုက်ရတယ်။ သူတို့နိုင်တဲ့ဝန်၊ နိုင်တဲ့အားတွေနဲ့ ဆရာတော်ကြီးရဲ့မွေးနေ့အလှူမှာ တစ်တပ်တစ်အားပါဝင်ကူညီခဲ့ကြတယ်။ ဆရာတော်ကြီးရဲ့မေတ္တာ၊ ဇာတိစွဲစိတ်၊ အလှူရှင်တွေရဲ့ဝတ္ထုငွေအား၊ ကျွန်မတို့ရဲ့ပညာလုပ်အား၊ ဆွေတော်မျိုးတော်တွေရဲ့ အပင်ပန်းခံပံ့ပိုးမှုအားတွေနဲ့ အလင်းအလှူပွဲကြီး အောင်မြင်ပြီးမြောက်ခဲ့ရပါတယ်။

၂၅ ရက်နေ့ နံနက်မှာ သုံးရက်တာ ခွဲစိတ်ထားတဲ့လူနာတွေအားလုံးကို တစုတဝေးတည်းကြည့်ရှုပေးကြတယ်။ ဆရာတော်ကြီးနဲ့အတူ ရဟန်းမယ်တော်ကြီး ဒေါ်လှကြည် (မာမား)နဲ့ အလှူရှင်များက မျက်စဉ်း၊ ဆေးဝါးများ၊ ရေသန့်အလှူငွေများ လှူဒါန်းကြတယ်။ ပဲခူးမြို့မှ ဦးနီပွန်၊ ဒေါ်ခင်လေးရီ (သင်္ဂဟ) မျက်မှန်ဆိုင်မိသားစုက နေကာမျက်မှန်တွေ လှူဒါန်းခဲ့ကြပါတယ်။ ဆရာမိုးကျော်နဲ့ ကျွန်မက ခွဲစိတ်ပြီးနောက် ရှောင်ရန်၊ ဆောင်ရန်တွေကို ပြောကြတယ်။ ကြုံကြိုက်တုန်း ကျန်းမာရေး အသိပညာပေးတွေပါ ဟောပြောကြပြီး နံနက် ၉ နာရီခွဲမှာ မအီမြို့က ထွက်ခွာခဲ့ကြပါတယ်။

ကျောက်ဖြူမြို့ကိုရောက်တဲ့အခါ ဆရာတော်ကြီးရဲ့ ရဟန်းအမဖြစ်တဲ့ အစ်မကြီးဒေါ်အေးကြည်မိသားစုရဲ့ ကြံတိုင်းအောင် အိမ်ဆောက်ပစ္စည်းဆိုင်မှာ နေ့လယ်စာ ဝင်စားကြတယ်။ မငယ်ရဲ့လက်ရာ ရခိုင်ထမင်းဟင်းတွေကို စားခဲ့ကြတယ်။ ခရီးစဉ်တစ်ခုလုံး အဘက်ဘက်က ကူညီပံ့ပိုးပေးခဲ့ကြတဲ့ ကိုစောထွန်း၊ မငယ်မိသားစုရဲ့စေတနာတွေကို မှတ်တမ်းတင်မိရပါတယ်။ ဒီနေရာကနေ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးစကားဆိုချင်ပါတယ်။

**"နှုတ်ဆက်ခဲ့ပြီ မြို့မအီ"**

အပြန်လမ်းတစ်လျှောက်မှာတော့ မဟီရာနဒီမြစ်နံဘေး မအီမြို့လေးဆီက မျက်စိအလင်း ရရှိသွားခဲ့ကြတဲ့ ရခိုင်ပြည်သူတွေရဲ့ အပြုံးမျက်နှာတွေကို မြင်ယောင်နေမိပါတယ်။ ဆရာတော်ကြီးရဲ့ ဦးဆောင်လှူဒါန်းမှုနဲ့ ကျွန်မတို့ ဆောင်ကြဉ်းပေးခဲ့တဲ့ အလင်းရောင်တွေကဖြင့် အားသစ်ရောင်ခြည်တွေအဖြစ်နဲ့ မအီမြို့လေးမှသည် ရခိုင်ပြည်နယ်ကြီးတစ်ခုလုံးအထိ လင်းလက်စေနိုင်ခဲ့ရပါပြီ။

ခွဲစိတ်ခန်းထဲမှာ ခွဲနေကြရင်း ဆရာမိုးကျော်က ကျွန်မမကြားဖူးတဲ့ ရခိုင်သီချင်းတစ်ပုဒ် ဆိုပြခဲ့တယ်။ ရခိုင်အဆိုတော်ကြီး ဦးအောင်ကျော်သာရဲ့"ရိုးမတောင်ကို မပြိုစေချင်" တဲ့

.......စိမ်းစိမ်းလန်းလန်း.....ဆန်းလဲဆန်းရေ...ရိုးမတောင်စွယ်....တည်ကြည်ခန့်ညား....ခန့်ညားလှပါရေ..ငါတို့ချက်ကြွီ...မွေးရပ်မြီ ရခိုင်ပြည်သမိုင်း အစရိုးမတောင်ကပြောပြနိုင်ပါပေ..

ငါတို့ရပ်မြီရဲ့ ပြည့်တံတိုင်းကြီးသဖွယ် အထွတ်အမြတ်ဖြစ်တဲ့ ရိုးမတောင်ကြီးကို ကျွန်တော်မပြိုစေချင်ပါလို့ စာဆိုရှင်က ရေးသားထားပါတယ်။

ကျွန်မတို့အားလုံးဟာ စကြဝဠာကြီးရဲ့အောက်မှာ အတူတကွ နေထိုင်လာခဲ့ကြပါတယ်။ ရှမ်း၊ ချင်း၊ ကချင်၊ ကယား၊ မွန်၊ မြန်မာ၊ ရခိုင်လူမျိုးတွေ ဘာသာ ၊ အယူဝါဒတွေ ဘယ်လိုပဲ ကွဲပြားခြားနားနေကြပါစေ "အလင်း" ဆိုတဲ့ ဆုကိုတော့ လူတိုင်းတန်းတူရယူလိုကြပါတယ်။

ကျွန်မတို့ခင်းပေးခဲ့တဲ့ အလင်းတံတားရဲ့ဟိုတစ်ဖက်ဆီက လက်ကမ်းလို့ ကြိုနေကြတဲ့ ရခိုင်ပြည်သူအားလုံးကို ရှင်သန်ခြင်းရောင်ခြည်သစ်၊ မျှော်လင့်ခြင်း ခွန်အားသစ်တွေနဲ့အတူ ဘဝသစ်တွေဆီ ပို့ဆောင်နိုင်ခဲ့ကြပါပြီ။ ရိုးမတောင်တန်းကြီးပေါ်မှာ လှပစွာပျံဝဲနေကြတဲ့ ရောင်စုံယှက်နွယ် နွယ်ချိုမျက်သွယ် ဖိုးခေါင်ငှက်ငယ်လေးတွေရဲ့ အလင်းတေးတို့ သီကျူးသံနဲ့အတူ ရခိုင်ပြည်နယ်ကြီးတစ်ခုလုံး သာယာအေးချမ်းမှုအပေါင်းနဲ့ အမှောင်ကိုခွင်း၍ လင်းလက်နိုင်ကြပါစေ။ ရိုးမတောင်ကြီး တည်တံ့ခိုင်မြဲနိုင်ပါစေလို့ ဆုမွန်တောင်းလိုက်ရပါတော့တယ်။ ။

## သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်

၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံး အနေဖြင့် ယာဉ်မတော်တဆမှု ၃၅၀ မှု ဖြစ်ပွားခဲ့ကာ ဒဏ်ရာရသူ ၆၉၀၊ သေဆုံးသူ ၁၃၃ ဦးရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။
၄။ ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်းမပြုရ။
၆။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်း မပြုရ။
၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်းမပြုရ။
၈။ မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍ စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြား မပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍ စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများမပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာ အသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသော စာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သော ပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

**(ယာဉ်ထိန်းရဲတပ်ဖွဲ့)**

## လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှုများအား ထောက်ပံ့

**ကျွန်းလှ မေ ၅**

ကျွန်းလှမြို့နယ် ညောင်ပင်ကျေးရွာတွင် မေ ၂ ရက် ည ၉ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာဘုန်းတော်ကြီးကျောင်းမှ ဆွမ်းစားကျောင်းဆောင်၊ ဓမ္မာရုံနှင့် လူနေအိမ်များရှိ သွပ်ပြားများ အမိုးလန်ပျက်စီးခဲ့ရာ မေ ၄ ရက် နံနက် ၈ နာရီခွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ၊ ကျွန်းလှမြို့နယ်မှူး ရဲမှူး အောင်မျိုးဦးနှင့် တပ်ဖွဲ့ဝင်များက တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် ငွေကျပ် ၁၃၅၀၀၀၀ တို့ကို ညောင်ပင်ကျေးရွာရှိ လေဘေးသင့်အိမ်ထောင်စုများထံ သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



## မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ရန်ကုန် မေ ၅**

လှည်းကူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းငွေသည် မတ်လနောက်ဆုံးပတ်က အောင်မင်္ဂလာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ သက်ငယ်မုဒိမ်းမှုများ လျော့နည်းပပျောက်စေရန်နှင့် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို ဟောပြောခဲ့ကြောင်း သိရသည်။

**ဟန်စိုး**

# ရှေ့နေနှင့် စီပီယူ




## ✍ ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် စီပီယူ (CPU) တဲ့"

"စီပီယူ ( CPU ) ဆိုတာဘာလဲဆရာ"

"စီပီယူ ( CPU ) ဆိုတာ Corruption Prevention Unit ဖြစ်ပါတယ်။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့လို့ အဓိပ္ပာယ် ရပါတယ်"

"ကျယ်ကျယ်ပြန့်ပြန့် သိပါရစေ"

"ဖတ်ကြည့်ကြစို့"

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ**

၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ဖြင့် ၇-၈-၂၀၁၃ တွင် ပြဋ္ဌာန်းခဲ့သည်။ ပိုမိုပြည့်စုံစေရန် (၄) ကြိမ်အထိ ပြင်ဆင်ခဲ့သည်။ တည်ဆဲဥပဒေဖြစ်ပါသည်။

**တာဝန်ပေးဆောင်ရွက်စေခြင်း**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရစီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးဌာန၊ အဖွဲ့အစည်းများ၏ အရာထမ်း၊ အမှုထမ်းများအား ကော်မရှင်၏လုပ်ငန်းတာဝန်များကို လိုအပ်ပါက သက်ဆိုင်ရာ၏ခွင့်ပြုချက်ဖြင့် တာဝန်ပေးဆောင်ရွက်စေခြင်းဟု အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆ (ဌ) တွင် ပြဋ္ဌာန်းသည်။

**နိုင်ငံ့ဝန်ထမ်းဥပဒေအရ**

တိုင်ကြားစာများကို စိစစ်၍ လက်ခံခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်း၊ မမှန်မကန်တိုင်ကြားကြောင်း စိစစ်တွေ့ရှိသည့် တိုင်ကြားစာများကို ပယ်ခြင်း၊ မမှန်မကန်တိုင်ကြားသူကို ဥပဒေအရ အရေးယူခြင်းနှင့် တိုင်ကြားခံရသူအပေါ် တိုင်ကြားချက်သည် နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူသင့်သည်ဟု စိစစ်တွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးပို့ အရေးယူစေခြင်းဟု အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆(၃) တွင် ပြဋ္ဌာန်းသည်။

**ဘာရည်ရွယ်လဲ**

ဘာရည်ရွယ်ချက်နှင့် CPU ဖွဲ့ပါသလဲ။

(က) ပြည်သူတစ်ဦးချင်းအပေါ်သို့ ကြီးမားစွာ တိုက်ရိုက်သက်ရောက်နေသော ဖိစီးမှုများ ဖြစ်ပေါ်စေသည့် အသေးစားအဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းစေခြင်း၊

(ခ) နိုင်ငံတော်အစိုးရက ပြည်သူလူထု၏ လိုအပ်ချက်များနှင့်အညီ လုပ်ဆောင်ပေးနေသော ဝန်ဆောင်မှုများကို ပြည်သူလူထုထံသို့ ပိုမိုပြည့်စုံကောင်းမွန်စွာ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခြင်းတို့ကို ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်ပါသည်။

**ဌာနတွင်း**

CPU များ ဖွဲ့စည်းခြင်းဖြင့် ဌာနတွင်း အဂတိလိုက်စားမှုများကို အချိန်မီ သတင်းရမည်။ စီမံအုပ်ချုပ်မှုအရ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်မည်။ နိုင်ငံ့ဝန်ထမ်းများ၏ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုကျူးလွန်နိုင်ခြေ လျော့နည်းကျဆင်းမည်။ ထိန်းကျောင်းကြပ်မတ်နိုင်မည်။ ပြည်သူများက အစိုးရဌာနများအပေါ် ယုံကြည်မှု မြင့်မားတိုးတက်လာမည်။

**အလုပ်ရုံဆွေးနွေးပွဲ**

အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းရေးအလုပ်ရုံဆွေးနွေးပွဲများ ကြိုတင်ကျင်းပခဲ့သည်။ ပြည်ထောင်စုဝန်ကြီးဌာန (၁၄) ဌာနက ရှေ့ပြေးစီမံကိန်းကို အားပေး အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ဌာနအကြီးအကဲများ၊ ဝန်ထမ်းများတက်ရောက်ပြီး စိတ်ပါဝင်စားစွာ ဆွေးနွေးညှိနှိုင်းဖလှယ်ခဲ့ကြသည်။

**ကျင့်ဝတ်**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၏ ခါးဝတ်ပုဆိုးပမာမြဲမြံရမည့် ကျင့်ဝတ်ဖြစ်ပါသည်။

**ကျင့်ဝတ်၏ ရည်ရွယ်ချက်**

(က) ဂုဏ်သိက္ခာနှင့်အညီ တာဝန်ထမ်းဆောင်ရာတွင် မှန်ကန်တည့်မတ်စွာ ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်မှုအဖြစ် အသုံးပြုရန်၊

(ခ) ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် တည်ဆဲဥပဒေများကိုသာမက ပိုမိုမြင့်မားသော ကိုယ်ကျင့်တရားဆိုင်ရာ စံနှုန်းများကို လိုက်နာရန်၊

(ဂ) ကော်မရှင်၏ တာဝန်ဝတ္တရားများကို ကျင့်ဝတ်နှင့်အညီ သမာသမတ်ကျစွာ ထမ်းဆောင်ခြင်းဖြင့် အများပြည်သူ၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးရန်၊

(ဃ) ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ လိုက်နာစောင့်ထိန်းရသည့် ကျင့်ဝတ်များကို အများပြည်သူက သိရှိနားလည်စေခြင်းဖြင့် ယုံကြည်စိတ်ချမှုတိုးပွားရရှိရန်တို့ ဖြစ်ပါသည်။

**အခြေခံမူများ**

အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် ကော်မရှင်က အကောင်အထည်ဖော်ရာတွင် ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်စွာရပ်တည်နိုင်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှု၊ အားလုံးပါဝင်နိုင်မှု စသည့် အခြေခံမူများကို တန်ဖိုးထားပါသည်။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့များသည်လည်း ကျင့်ဝတ်ကို အလားတူ တန်ဖိုးထားလေးစားကြပါသည်။

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များသည် -

(၁) ဌာနအလိုက်လာဘ်ပေးလာဘ်ယူမှုနှင့်သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများအား စိစစ်ဖော်ထုတ်ရန်၊

(၂) တွေ့ရှိလာသောပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်၊

(၃) အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန် ဖြစ်ပါသည်။

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၏ လမ်းညွှန်မှုနှင့်အညီ အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ပါသည်။ ဖွဲ့စည်းရန်ကျန်သော ဝန်ကြီးဌာနများကလည်း ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

**ကိုယ်ကျင့်တရား**

Corruption သည် ကိုယ်ကျင့်တရားပျက်ယွင်းခြင်းဖြစ်သည်။

Anti-Corruption သည် ကိုယ်ကျင့်တရား ပျက်ယွင်းခြင်းကို တိုက်ဖျက်ခြင်းဖြစ်သည်။ (တစ်နည်းအားဖြင့်) ကိုယ်ကျင့်တရားကောင်းမွန်လာစေရန် ပြုပြင်ပေးခြင်းဖြစ်သည်။

**ဌာနဆိုင်ရာ**

နိုင်ငံ့ဝန်ထမ်းဥပဒေပါ ဝန်ထမ်း၏တာဝန်များတွင် ပုဒ်မ ၁၀(င) အရ လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်းဟု တားမြစ်ထားပါသည်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ၁၆၃၊ နည်း ဥပဒေခွဲ(ဌ)၊(၃)၊(ပ)၊(ဏ) နှင့်(တ)တို့အရ နိုင်ငံ့ဝန်ထမ်းက လာဘ်ပေးလာဘ်ယူပြုခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း၊ ယူခြင်းတို့နှင့် စပ်လျဉ်းသည့် ပြုလုပ်မှုများကို ဌာနဆိုင်ရာအရေးယူ အပြစ်ပေးနိုင်ကြောင်းဖြင့် ဌာနဆိုင်ရာ၏လုပ်ပိုင်ခွင့်ကို ပြဋ္ဌာန်းထားပါသည်။

**ကော်မရှင်၏ဆုံးဖြတ်ပိုင်ခွင့်**

တိုင်ကြားချက်သည် နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူသင့်သည်ဟု စိစစ်တွေ့ရှိရပါက သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးပို့ အရေးယူစေခြင်းပြုနိုင်ပါသည်။

စုံစမ်းစစ်ဆေးချက်အရ စွပ်စွဲခံရသူအပေါ် ဝန်ထမ်းစည်းကမ်းအရသာ အရေးယူသင့်သည်ဟု ယူဆပါက ယင်း၏ဝန်ထမ်းအကြီးအကဲထံ အကြောင်းကြားရမည်ဟု အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၀ (ခ) တွင် ဖော်ပြထားပါသည်။

ထိုဖော်ပြချက်သည် မဖြစ်သင့်သည်များ မဖြစ်ရလေအောင် ကျူးလွန်သည့်ပြစ်မှု အတိုင်းအတာအလျောက် ချိန်ချိန်ဆဆဆုံးဖြတ်နိုင်သည့် အခွင့်အရေးဖြစ်ပေသည်။ ပြစ်မှုနှင့်ပြစ်ဒဏ်မျှတရေး သုံးသပ်ချက်ဟုလည်း ကောက်ယူနိုင်ပါသည်။ နိုင်ငံ့ဝန်ထမ်းများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်များကို စောင့်ထိန်းရာလည်းရောက်ပေသည်။

**CPU စီမံချက်**

CPU ( Corruption Prevention Unit ) သည် တစ်ဖက်တွင် ဝန်ထမ်းများအတွင်း အဂတိ ကင်းရှင်းစေရန် ရည်ရွယ်ထားသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ဌာနဆိုင်ရာများနှင့် ပြည်သူလူထုအကြား အောက်ခြေအဆင့်တွင်ဖြစ်ပွားနေသော အသေးစား အဂတိလိုက်စားမှု (Petty Corruption) အများအပြားကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဟန်ချက်ညီညီ တိုက်ဖျက်ရာတွင် ထိရောက်မှုရှိစေရန် ဖြစ်ပါကြောင်း၊ အကြီးစားအဂတိလိုက်စားမှုများ (Grand Corruption) ၏ ပင်ရင်းဇဟိုချက်တစ်ခုဖြစ်သော နိုင်ငံတော်၏ ဝယ်ယူရေးလုပ်ငန်းများအပါအဝင်ဖြစ်သည့် တင်ဒါလုပ်ငန်းစဉ်များတွင် အဂတိလိုက်စားမှုများ မဖြစ်ပွားစေရေးအတွက် ထိရောက်စွာ တားဆီးကာကွယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ CPU အဖွဲ့များ ဖွဲ့စည်းပြီး သတ်မှတ်ပေးထားသော ရည်ရွယ်ချက်များအတိုင်း ထိရောက်အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်လာခြင်းဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ပြင်းပြသော နိုင်ငံရေးခံယူချက် တက်ညီလက်ညီ အကောင်အထည်ဖော် ဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်ကြောင်းဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ နည်းပညာသင်တန်းအမှတ်စဉ် (၁/၂၀၁၉) ဖွင့်ပွဲအခမ်းအနားတွင် ရှင်းလင်းပြောကြားခဲ့ပေသည်။

**ဝန်ထမ်းအဖွဲ့အစည်း**

နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများသည် နိုင်ငံတော်၏ အကျိုး သယ်ပိုးရသည်။ ဝန်ထမ်းအဆင့်မျိုးစုံ တာဝန်ထမ်းကြရသည်။ အဖွဲ့အစည်းတစ်ခု၏ စံနှုန်းများ တန်ဖိုးများ၊ အတွေးအမြင်များ၊ သဘောထားခံယူချက်များ၊ ယူဆချက်များ စသည်တို့ကို ဆန်းစစ်လေ့လာရသည်။ အဖွဲ့အစည်း၏ မျှော်မှန်းချက်သည်ဘာလဲ။ တာဝန်များက မည်သို့ရှိသည်။ အဖွဲ့အစည်းကို အထောက်အပံ့ဖြစ်၊ မဖြစ်။ အဟန့်အတား ဖြစ်၊ မဖြစ်စသည်များ သုံးသပ်ရသည်။ ဆုံးဖြတ်ရသည်။ ဘယ်လိုထိန်းသိမ်းမည်လဲ။ မည်သို့ ပြောင်းလဲမည်လဲ။ အခက်အခဲဘာရှိသလဲ။ ချို့ယွင်းချက်၊ အားနည်းချက်ဘာလဲ။ ချို့ယွင်းချက်ကို ဘယ်လိုကုစားမလဲ။ ဌာနအချို့က အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဝန်လေးခြင်းရှိနိုင်သော်လည်း စုပေါင်းဆန္ဒဖြင့် ညီညီညွတ်ညွတ် အကောင်အထည်ဖော်ကြပါမည်။

**နည်းလမ်းများ**

အလုပ်ထဲမှာ လက်တွေ့ အဖြေရှာဖို့လိုမည်။ ကွင်းဆင်းကြည့်ဖို့လိုမည်။ လေ့လာစောင့်ကြည့်ဖို့လိုမည်။ ဝန်ထမ်းများနှင့် တွေ့ဖို့လိုမည်။ ဆွေးနွေးဖို့လိုမည်။ မျက်နှာချင်းဆိုင်ဖို့လိုမည်။ ပြီးတော့ စစ်တမ်းကောက်ဖို့လိုမည်။ မူဝါဒသိဖို့လိုမည်။ လုပ်ထုံးလုပ်နည်း မှန်ဖို့လိုမည်။ စာရွက်စာတမ်း အခြေခံဖို့လိုမည်။ လေ့လာဖို့လိုမည်။ သုံးသပ်ဖို့လိုမည်။ နည်းလမ်းအဖြာဖြာရှာဖို့လိုမည်။

**စီမံခန့်ခွဲခြင်း**

ဌာနတွင်းစီမံခန့်ခွဲရေး အရေးကြီးသည်။ လွတ်လပ်မှု၊ စနစ်တကျစစ်ဆေးမှု၊ အဆင့်များအားလုံး မှန်ကန်မှု၊ သေချာမှု၊ ကောင်းစွာစီမံခန့်ခွဲမှုများ လည်ပတ်ရပေမည်။ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ ဝန်ထမ်းရေးရာ ဘာပြဿနာရှိပါသလဲ။ အားနည်းချက်ကဘာလဲ။ နည်းလမ်းမည်သို့ ရှာဖွေမည်လဲ။ ဖွဲ့စည်းပုံကို အမြဲဆန်းစစ်ဖို့လိုဦးမည်။ စီမံခန့်ခွဲမှုဆိုင်ရာ အကောင်းဆုံးနည်းလမ်းကို ရွေးချယ်ကြစို့။ ဤသို့ ကျွန်တော်ယုံသည်။

**အဂတိလိုက်စားနိုင်ခြေ**

အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment) လိုအပ်သည်။ စစ်တမ်းတွေ့ရှိချက်၊ ဆန်းစစ်လေ့လာချက်ရှိရမည်။ စီမံချက်ဖြင့် အကောင်အထည်ဖော်ရမည်။ ဝန်ထမ်းများ နှစ်နှစ်ကာကာ ပါဝင်ဆောင်ရွက်နိုင်မှု (Staff Commitment) ရှိရမည်။ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု (Networking) လိုအပ်သည်။ ကျွမ်းကျင်သော ခေါင်းဆောင်မှုရှိလျှင် အောင်မြင်ပါမည်ဟု ပညာရှင်များက ထောက်ပြထားပါသည်။ ကျွန်တော်တို့လည်း လေ့လာသင်ယူ ကြိုးစားဆောင်ရွက်နေကြပါသည်။

**နိဂုံး**

(၁) CPU ( Corruption Prevention Unit ) များ၏ အခန်းကဏ္ဍ တင်ပြခြင်းဖြစ် ပါသည်။

(၂) နိုင်ငံ့ဝန်ထမ်းများ၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အားပေးဆောင်ရွက်နိုင်ကြပါစေကြောင်း။

# ရေနံချောင်းမြို့နယ် ပင်းချောင်းသာဒ္ဒ သင်္ကြန်မတိုင်မီ ရေကစားအပန်းဖြေသူများဖြင့် နေ့စဉ်စည်ကား

**ရေနံချောင်း မေ ၅**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဥယျာဉ်စုကျေးရွာအနီး ပင်းချောင်းသာဒ္ဒ သင်္ကြန်မတိုင်မီ ရေကစားအပန်းဖြေလာရောက်အနားယူသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

"ကျွန်မတို့ ဒေသခံဈေးသည်တွေက သင်္ကြန်ကာလမတိုင်မီ မတ်လကတည်းက စတင်ပြင်ဆင်ခဲ့တာပါ။ ချောင်းဘေးမှာ ဆိုင်ခန်းတွေဆောက်တယ်။ ရေပေါ်မှာတော့ လာရောက်အပန်းဖြေသူတွေ နားနေနိုင်ရန် ထန်းရွက်တဲလေးတွေ ဆောက်ထားပါတယ်။ ရေပေါ်ထန်းရွက်တဲလေးတွေမှာ အေးအေးဆေးဆေးနားပြီးတော့ မိမိကြိုက်နှစ်သက်ရာ အစားအသောက်တွေကိုလည်း မှာယူစားသုံးနိုင်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲတွေ ဖြေပြီးတဲ့ချိန်ကစပြီး နေ့စဉ်လာနေကြတာ။ သင်္ကြန်ရက်နီးလေ ပိုပြီးစည်ကားလာလေပဲ။ ချောင်းထဲမှာ ရေချိုးတဲ့သူနဲ့ ဓာတ်ပုံရိုက်တဲ့သူနဲ့။ သင်္ကြန်ရက်ဆိုရင် ဒေသခံတွေနဲ့ အနယ်နယ်အရပ်ရပ်က လာရောက်ရေကစားတဲ့သူတွေနဲ့ အလွန်စည်ပါတယ်"ဟု အဆိုပါချောင်းဘေးတွင် ဈေးဆိုင်ဖွင့်လှစ်ရောင်းချနေသူ တစ်ဦးက ပြောသည်။

အဆိုပါပင်းချောင်းသာဒ္ဒ နှစ်စဉ်သင်္ကြန်မတိုင်မီ မတ်လမှစတင်၍ ဒေသခံပြည်သူများနှင့် ဝန်ထမ်းများ နေ့စဉ်ရေကစား အပန်းဖြေလာရောက်လျက်ရှိပြီး လာရောက်ရေကစားသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားနေကြောင်း သိရသည်။

**ကိုစိုးကြီး**



# မုံရွာမြို့ပြည်သူ့ဆေးရုံကြီးတွင် အရေးပေါ်အဖွဲ့ဖွဲ့စည်း

**မုံရွာ မေ ၅**
မုံရွာမြို့ပြည်သူ့ဆေးရုံကြီးတွင် အရေးပေါ်အဖွဲ့ဖွဲ့စည်းကာ သင်္ကြန်ကာလတွင်ရောက်လာမည့် အရေးပေါ်လူနာများကို ဆေးကုသပေးသွားမည်ဖြစ်ကြောင်း မုံရွာဆေးရုံအုပ်ကြီး ဒေါက်တာသိန်းဝင်းထံမှသိရသည်။

"အရေးပေါ်အဖွဲ့ဖွဲ့ထားပြီးပါပြီ။ ဆရာဝန်ခြောက်ယောက်က အလှည့်ကျ တာဝန်ထမ်းဆောင်ကုသပေးသွားမှာပါ။ ခွဲစိတ်ဆောင်၊ အရိုးဆောင်တွေမှာလည်း လက်ထောက်ဆရာဝန်နဲ့ ပထမလက်ထောက်အထူးကုဆရာဝန်တွေ သင်္ကြန်ကာလမှာ တာဝန်ခွဲဝေချထားပြီး ဖြစ်ပါတယ်"ဟု ဒေါက်တာသိန်းဝင်းက ရှင်းပြသည်။

အရေးပေါ်သွေးလိုအပ်ခြင်းနှင့် ဓာတ်မှန်ရိုက်နိုင်ရန်အတွက် ဆရာဝန်များနှင့် ဝန်ထမ်းများကို ၂၄ နာရီ အလှည့်ကျ တာဝန်ပေးထားကြောင်း သိရသည်။

၂၀၁၇ ခုနှစ် သင်္ကြန်ကာလတွင် မုံရွာဆေးရုံကြီးသို့အမျိုးသားလူနာ ၁၅၀ ကျော်၊ အမျိုးသမီးလူနာ ၄၀ ကျော် စုစုပေါင်း ၁၉၀ ကျော် တက်ရောက်ခဲ့သည်။ ၂၀၁၈ ခုနှစ်သင်္ကြန်ကာလတွင် ယာဉ်တိုက်မှု၊ ခိုက်ရန်ဖြစ်ပွားမှုနှင့် အခြားထိခိုက်မှုများကြောင့် လူနာ ၂၆၀ ကျော် မုံရွာဆေးရုံကြီးသို့ တင်ပို့ကုသပေးခဲ့ရပြီး သင်္ကြန်တွင်း ရေနစ်သေဆုံးသူသုံးဦးနှင့် ယာဉ်တိုက်မှုကြောင့်သေဆုံးသူ လေးဦးရှိကြောင်း မုံရွာဆေးရုံကြီးစာရင်းများအရ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ဝါးစိုက်ပျိုးလိုသူများအား မျှင်ဝါးဖြူမျိုးစေ့များ ဖြန့်ဝေပေးမည်

**မုံရွာ မေ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီး၊ ယင်းမာပင်၊ ကနီ၊ ဘုတလင်၊ အရာတော်မြို့နယ်များသို့ ဝါးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအသင်းမှ ၂၀၁၉ ခုနှစ်အတွင်း ဝါးပင်များစိုက်ပျိုးနိုင်ရန် မျှင်ဝါးဖြူမျိုးစေ့များကို ဖြန့်ဝေပေးသွားရန် စီစဉ်လျက်ရှိကြောင်း ဝါးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအသင်းဥက္ကဋ္ဌ ဦးသန့်ဇင်က ပြောသည်။

"၂၀၁၈ ခုနှစ်အတွင်းမှာတော့ ဝါးပင်တွေကို အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ သစ်တောဦးစီးဌာန၊ ကျွန်တော်တို့အသင်းနဲ့ ဒေသခံပြည်သူတွေပူးပေါင်းပြီးတော့ စိုက်ခဲ့တယ်၊ ၂၀၁၉ ခုနှစ်အတွင်းမှာတော့ ဝါးပျိုးပင်တွေကို မဖြန့်ဝေတော့ဘဲ ဒေသနဲ့ကိုက်ညီတဲ့ မျှင်ဝါးဖြူမျိုးစေ့တွေကို လှူဒါန်းသွားဖို့ စီစဉ်နေတယ်၊ တချို့နေရာတွေဆိုရင် ဖြန့်ဝေပေးပြီးသွားပြီ၊ ကျေးရွာတွေကိုသာမက တချို့သစ်ပင်စိုက်တဲ့အသင်းတွေက သူတို့လည်း စိုက်ချင်တယ်ဆိုရင် ကျွန်တော်တို့နဲ့ ချိတ်ဆက်ပါ၊ မျိုးစေ့ကို လှူဒါန်းပေးသွားမှာပါ၊ ရာသီဥတုတွေ ပြန်လည်ကောင်းမွန်လာဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ကျွန်တော်တို့ ပူးပေါင်းလုပ်ဆောင်နေသလို၊ ပြည်သူများကလည်း ဝိုင်းဝန်းပါဝင်ကြပါလို့ ပြောချင်ပါတယ်" ဟု ဝါးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအသင်းဥက္ကဋ္ဌ ဦးသန့်ဇင်က ပြောသည်။

၂၀၁၉ ခုနှစ်တွင် မျှင်ဝါးဖြူမျိုးစေ့များကို ဆားလင်းကြီး၊ ယင်းမာပင်၊ ကနီ၊ ဘုတလင်၊ အရာတော်မြို့နယ်သို့ သက်ဆိုင်ရာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ သစ်တောဦးစီးဌာနတို့နှင့် ချိတ်ဆက်ပြီး လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ဝါးပင်စိုက်ပျိုးလိုသူအသင်းအဖွဲ့များအနေဖြင့် ဝါးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအသင်းနှင့် ဆက်သွယ်ပြီး မျှင်ဝါးဖြူမျိုးစေ့များ ထုတ်ယူနိုင်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## အနုပညာ



# ရုပ်သံဇာတ်လမ်းတွဲသစ်မှာ တွဲဖက်ပါဝင်သွားဖို့ရာ ဆွေးနွေးနေတဲ့ ဟွန်ဘင်းနဲ့ ဆန်းရယ်ဂျင်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသား၊ မင်းသမီးတွေဖြစ်ကြတဲ့ ဟွန်ဘင်းနဲ့ ဆန်းရယ်ဂျင်တို့ဟာ လတ်တလောမှာတော့ ဇာတ်လမ်းတွဲတစ်ခုကို တွဲဖက်ရိုက်ကူးသွားဖို့ရာ ဆွေးနွေးနေကြကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ပါတယ်။ ယခင်ကလည်း တွဲဖက်သရုပ်ဆောင်ခဲ့ဖူးတဲ့ သူတို့နှစ်ဦးဟာ လိုက်ဖက်သူတွေဖြစ်တယ်လို့လည်း ပရိသတ်တွေက ဝေဖန်ခဲ့ကြပါတယ်။

ဟွန်ဘင်းနဲ့ ဆန်းရယ်ဂျင်တို့ဟာ ပြီးခဲ့တဲ့ နှစ်အတွင်းကလည်း ဇာတ်လမ်းတွဲမှာ အတူသရုပ်ဆောင်ခဲ့ပြီး အောင်မြင်မှုတွေရရှိခဲ့ကာ ချစ်သူတွေဖြစ်နေကြကြောင်းပင် သတင်းတွေထွက်ပေါ်ခဲ့ပါတယ်။ လတ်တလောမှာတော့ tvN ရုပ်သံလိုင်းမှ တာဝန်ယူရိုက်ကူးသွားမှာဖြစ်ပြီး "The Legend of the Blue Sea(ပင်လယ်ပြာဒဏ္ဍာရီ)" ဇာတ်လမ်းတွဲရဲ့ဇာတ်ညွှန်းဆရာမ ပါ့ခ်ဂျီအွန်း ရေးသားသွားမယ့် ဇာတ်လမ်းတွဲမှာ အတွဲပါဝင်ဖို့ရာ ဆွေးနွေးနေတာလည်း ဖြစ်ပါတယ်။

ဇာတ်လမ်းတွဲသစ်မှာ အတူတွဲဖက်ပါဝင်ဖြစ်ပါက ဒီတစ်ကြိမ်ဟာ ဟွန်ဘင်းနဲ့ ဆန်းရယ်ဂျင်တို့အတွက် ဒုတိယအကြိမ်တွဲဖက်မှု ဖြစ်လာမှာပါ။ အဆိုပါကြယ်ပွင့်နှစ်ဦးဟာ ပြီးခဲ့တဲ့ နှစ်အတွင်းက ထုတ်လွှင့်ပြသခဲ့တဲ့ ဇာတ်လမ်းတွဲ ရုပ်ရှင် "The Negotiation"မှာ အဓိကဇာတ်ဆောင်တွေအဖြစ် ပါဝင်ရိုက်ကူးခဲ့ကြတာ ဖြစ်တယ်လို့ သိရပါတယ်။

# "Game of Thrones" ရဲ့နောက်ဆုံးရာသီ အထူးပွဲပြသ

အောင်မြင်ကျော်ကြားတဲ့ ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "Game of Thrones" ရဲ့နောက်ဆုံးရာသီအတွက် ရုပ်ရှင်တွေကို လတ်တလောမှာတော့ အထူးပွဲပြသခဲ့တာ ဖြစ်ပါတယ်။ ဒီအခမ်းအနားကိုတော့ ဇာတ်လမ်းတွဲမှာ ပါဝင်ထားကြတဲ့ ဇာတ်ဆောင်တွေ စုံစုံလင်လင်တက်ရောက်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

HBO ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့ပြီး လူကြိုက်များတဲ့ "Game of Thrones" ဇာတ်လမ်းတွဲတွေရဲ့နောက်ဆုံးသောရာသီကို ရုပ်သံကနေ ထုတ်လွှင့်ပြသဖို့ရာ သီတင်းပတ် နှစ်ပတ်ခန့်သာ ကြာတော့တာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲအတွက် အထူးပွဲကိုတော့ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က နယူးယော့ခ်မှာ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

ရှစ်ရာသီမြောက် ပြသသွားမယ့်အပိုင်းတွေအတွက် အထူးပွဲကိုတော့ ဇာတ်လမ်းတွဲရဲ့အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ကစ်ထ်ဟာရင်တန်၊ မက်ဆီဝီလီယမ်၊ ဆိုဖီယာတာနာ၊ အီမီလာကလာ့ခ်ကီတို့လည်း တက်ရောက်ခဲ့တာတွေ့ရပါတယ်။ ကစ်ထ်ဟာရင်တန်ကတော့ အခမ်းအနားရဲ့ ကော်ဇောနီပေါ်ကို ဇနီးဖြစ်သူ ရို့ဟ်လက်စလီနဲ့ တွဲဖက်တက်ရောက်ခဲ့ပါတယ်။ ရို့စ်လက်စလီကလည်း "Game of Thrones"မှာ ပါဝင်သရုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်ပြီး ဒီဇာတ်လမ်းတွဲဟာ သူတို့နှစ်ဦးကို တွေ့ဆုံစေခဲ့တဲ့ ဇာတ်လမ်းတွဲလည်း ဖြစ်ပါတယ်။

"Game of Thrones"ရဲ့နောက်ဆုံးသောရာသီရဲ့ ဇာတ်လမ်းတွေကိုတော့ လာမယ့် ဧပြီ ၁၄ ရက်မှာ HBO ရုပ်သံလိုင်းမှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း မေးလ်အွန်လိုင်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

**အေးပြည့်- စုစည်းသည်**



## ဇောတိက သင်္ကန်း ဝင်ရင်းအရောင်းဆိုင်များ

zawtika thingan robe contact@zawtika.com www.zawtika.com 09-253348646, 09-799888667, 09-785013609

ထီးသစ္စင်ဝတ်စုံများ

**ရဟန်းခံရှင်ပြု သင်္ကန်း လှူဒါန်းခြင်းသည် ဝိနည်းဒေသနာတော်အရ လှူဒါန်းခြင်းဖြစ်ပါသည်။**

Zawtika Seal

ရဟန်းတစ်ပါးအတွက် ကိုရီးယားစီဒိုင်စီသင်္ကန်း၊ ဒုကုဋ်၊ သံသပိတ်၊ ယပ်၊ ပရိက္ခရာချပ်ပါအပြီး ၃၃၀၀၀ကျပ် (သင်္ကန်းအမျိုးအစားအလိုက် ဈေးနှုန်းပြောင်းလဲနိုင်ပါသည်။)




# STAR AWARDS 2018 ရုပ်ရှင်ဆုနှင့် ရုပ်သံဇာတ်လမ်းတွဲ ထူးချွန်ဆုပေးပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၅

**မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)က ကြီးမှူးကျင်းပပြီး Organizer အဖြစ် Stellar Seven Entertainment က လက်တွဲဆောင်ရွက်သည့် STAR AWARDS 2018 ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲထူးချွန်ဆုပေးပွဲကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘူမိ Event Park ၌ ကျင်းပသည်။**




STAR AWARDS 2018 ရုပ်ရှင်ဆုနှင့် ရုပ်သံဇာတ်လမ်းတွဲ ထူးချွန်ဆုပေးပွဲအခမ်းအနားတွင် ဆုရရှိကြသူများအား တွေ့ရစဉ်။

ဆုချီးမြှင့်ပွဲမစတင်မီ နိုင်ငံတော်အလံအားအလေးပြုပြီး STAR AWARDS 2018 Theme Song ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် STAR AWARDS 2018 ရုပ်ရှင်ဆု ၁၅ ဆုမှ တစ်ဆုဖြစ်သော Honourable Award ကို ဒါရိုက်တာ ဦးဝင်းဖေ(ဝင်းဖေ)အား STAR AWARDS ဆုရွေးချယ်ရေးကော်မတီ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးလှမြင့်(လှမြင့်ဆွေ)က ပေးအပ်ချီးမြှင့်သည်။

**ဖတ်ကြား**

ဆက်လက်၍ STAR AWARDS 2018 ရုပ်ရှင်ဆုနှင့် ရုပ်သံဇာတ်လမ်းတွဲ ထူးချွန်ဆုပေးပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်ထံမှပေးပို့သော သဝဏ်လွှာကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးမြတ်ခိုင်က ဖတ်ကြားသည်။

ထို့နောက် STAR AWARDS 2018 ဆုရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းငြိမ်းက ဆုရွေးချယ်ချီးမြှင့်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

# ၂၀၁၉ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်ပွဲရ ဂေါက်သီးရိုက်ကစားသမားများအား ဂုဏ်ပြု

**ရန်ကုန် မေ ၅**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူးကျင်းပသော ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် အဓိကကူညီပံ့ပိုးမည့် စပွန်ဆာကုမ္ပဏီများနှင့် စပွန်ဆာစာချုပ်လက်မှတ်ရေးထိုးခြင်း၊ နိုင်ငံတကာပြိုင်ပွဲများတွင် ယှဉ်ပြိုင်နေသည့် မြန်မာနိုင်ငံမှ ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမားများဖြစ်သော ရဲထက်အောင်၊ ဟိန်းစည်သူတို့အား ၂၀၁၉ ခုနှစ်အတွက် Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort မှ စပွန်ဆာအဖြစ် အသိအမှတ်ပြုလက်မှတ်ရေးထိုးခြင်းနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရခဲ့သည့် မြန်မာဂေါက်သီးရိုက်ကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Dagon Golf City ၌ ကျင်းပခဲ့သည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

အခမ်းအနားတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် ပါမောက္ခ ဒေါက်တာဦးမြင့်မောင်မောင်တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက လက်မှတ်ရေးထိုးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဒုဥက္ကဋ္ဌ ဦးအောင်ကြည်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ◯

ကြေးမုံ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

## ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပို ပါရှိ

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၄)မျက်နှာဖြင့် ဖော်ပြထားပါသည်။**

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် မေ ၅**

မေ ၅ ရက် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှလာသော လေအေးများနှင့် ဘင်္ဂလားပင်လယ်အော်မှလာသော လေနွေးများစုဆုံမှုကြောင့် မေ ၆ ရက်မှ ၁၀ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ



ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၆၊ ၂၀၁၉ (စနေနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

# ထိရောက်ခေတ်မီ၍ စရိတ်ကျဉ်းသည့် သယ်ယူပို့ဆောင်ရေးစနစ်အတွက် ကြိုးပမ်းဆောင်ရွက်


ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်

**တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဓာတ်ပုံ - မေဦးမိုး**

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ နည်းပညာမြင့်မားရေးနှင့် လျှပ်စစ်မီးရရှိရေး စသည်တို့သည် အလွန်အရေးကြီးသည်။ အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်း အပါအဝင် များပြားသည့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ တာဝန်များကို အစိုးရသစ်တာဝန်ယူပြီးချိန်မှစ၍ ထမ်းဆောင်ခဲ့သည်မှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဖြစ်သည်။**

အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်ရန်နှင့် ဒေသတွင်း နိုင်ငံများအကြား နိမ့်ကျလျက်ရှိသည့် ပို့ဆောင်ရေး အခြေခံအဆောက်အအုံများကို အလျင်အမြန် အဆင့်မြှင့်တင်နိုင်ရန်အတွက် ရှင်းလင်းတိကျသည့် မူဝါဒသစ်တစ်ရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

ထိရောက်ခေတ်မီပြီး စရိတ်ကျဉ်းသည့် သယ်ယူပို့ဆောင်ရေးစနစ် ထူထောင်ရေးသည် ပို့ဆောင်ရေးမူဝါဒဖြစ်ပြီး အစိုးရ၏ တတိယတစ်နှစ်တာအတွင်း ဝန်ကြီးဌာန ဖြတ်သန်းမှုများကို သိရှိနိုင်ရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြလိုက်ပါသည် -

**မေး။ ။ အများပြည်သူအတွက် ဝန်ဆောင်မှုပေးအပ်နေပြီး ပြည်သူနဲ့အနီးစပ်ဆုံး ပို့ဆောင်ရေးကဏ္ဍကို တတိယတစ်နှစ်တာအတွင်း ဘယ်လိုမူဝါဒတွေနဲ့ ဖြတ်သန်းဖော်ဆောင်ခဲ့ပါသလဲ။**

**ဖြေ။** ။ အဓိကကတော့ ဝန်ကြီးဌာနကနေ စီးပွားရေးပိုင်းနဲ့ စည်းမျဉ်း၊ စည်းကမ်းပိုင်းအရ ညီညွတ်မှုရှိတဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကောင်းတစ်ရပ် ဖြစ်လာဖို့အတွက် အသုံးပြုသူတွေက ရွေးချယ်နိုင်တဲ့ပုံစံ၊ အသုံးပြုသူတွေရဲ့ လိုအပ်ချက်နဲ့အညီ ဝန်ဆောင်မှုပေးနိုင်မယ့်ပုံစံ၊ အစိုးရရဲ့စွက်ဖက်မှုကင်းလွတ်ရမယ့် ပုံစံ၊ ဈေးကွက်က သတ်မှတ်တဲ့နှုန်းထားနဲ့ ကိုက်ညီတဲ့ပုံစံတွေနဲ့ ဖော်ဆောင်နေတာ ဖြစ်ပါတယ်။

အစိုးရနဲ့ ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေအကြား ယှဉ်ပြိုင်နိုင်စွမ်းကို လမ်းဖွင့်ပေးဖို့ လုပ်ဆောင်နေပါတယ်။ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံ အသုံးပြုဖို့အတွက် ရရှိတဲ့အခွန်အခတွေနဲ့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်စေဖို့ အပါအဝင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ကော်ပိုရေးရှင်းအသွင် ပြောင်းလဲနိုင်ဖို့၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်တဲ့၊ လူမှုရေးလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်တဲ့ သယ်ယူပို့ဆောင်ရေးစနစ် ပေါ်ထွန်းလာဖို့ စတာတွေ ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ ပြည်သူတွေ အားထားရတဲ့ ရထားပို့ဆောင်ရေးကဏ္ဍမှာ တိုးတက်ဆောင်ရွက်မှုတွေအကြောင်းကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။** ။ မြန်မာ့မီးရထားအနေနဲ့ ပြည်သူလူထုကို ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ ပေးနိုင်ဖို့၊ စီးပွားရေးဆန်ဆန် လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့နဲ့ အခြားသယ်ယူပို့ဆောင်ရေးကဏ္ဍတွေထက် နောက်ကျကျန်ခဲ့တာမျိုး မဖြစ်အောင် ဆောင်ရွက်နေပါတယ်။ အမြန်ရထား ၃၉ စင်း၊ စာပို့ရထား ၅၃ စင်း၊ လူစီးကုန်တင်ရထား ၄၇ စင်း၊ မြို့ပတ်နဲ့ ဆင်ခြေဖုံးရထား ၂၂၁ စင်းနဲ့ လက်ရှိမှာ ပြေးဆွဲပေးနေပါတယ်။ လိုအပ်တဲ့စက်ခေါင်းတွေနဲ့ တွဲအသစ်တွေ ဝယ်ယူဖြည့်တင်းနေရသလို အရေးပါတဲ့ ရထားလမ်းပိုင်းတွေကို ပြန်လည်အဆင့်မြှင့်တင်တာတွေ လုပ်ဆောင်နေပါတယ်။

ယခုနှစ်ပိုင်းအတွင်းမှာ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၊ ရန်ကုန် - မန္တလေး ရထားလမ်း၊ ပဲခူး - မော်လမြိုင်ရထားလမ်း၊ မန္တလေး-မြစ်ကြီးနားရထားလမ်း၊ ရန်ကုန်-ပြည် ရထားလမ်းတွေကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ ရန်ကုန်မြို့ပတ် ရထားလမ်း အဆင့်မြှင့်တင်မှုအကြောင်းကို သိချင်ပါတယ်ရှင့်။**

**ဖြေ။** ။ မြို့ပတ်ရထားလမ်းတစ်လျှောက် ရေမြောင်းတွေ တူးတယ်။ ဘူတာပလက်ဖောင်းတွေ အဆင့်မြှင့်တင်တယ်။ သံလမ်းတွေ အဆင့်မြှင့်တင်ခဲ့ပါတယ်။ မြို့ပတ်ရထားလမ်း PC Girder လဲလှယ်ထားတဲ့ တံတားတွေရဲ့အောက်ခြေအပိုင်းကို အဆင့်မြှင့်တင်တာ၊ သံလမ်းတိုင်နဲ့ သံဆန်ခါခြံစည်းရိုးကာရံတာ၊ လမ်းခင်းကျောက်ဖြည့်တင်းတာ၊ သံမဏိသံပေါင်နေရာမှာ PC Concrete တံတားပေါင်နဲ့ အစားထိုးလဲလှယ်တာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ယခုစီမံကိန်းကို ဂျပန်ချေးငွေ အမေရိကန်ဒေါ်လာ ၂၀၇ သန်းနဲ့ ပြည်ထောင်စုဘတ်ဂျက် ငွေကျပ် ၅၄ ဘီလီယံတို့နဲ့ ဆောင်ရွက်ပါတယ်။ ချေးငွေနဲ့ အချက်ပြစနစ်တွေ၊ DEMU တွဲတွေ ဝယ်ယူဖြည့်တင်းပြီး မြို့ပြလုပ်ငန်းတွေကို ဘတ်ဂျက်နဲ့ ဆောင်ရွက်နေပါတယ်။

အကြီးစား ပြုပြင်ရေးတွေအတွက် ပုဂ္ဂလိကကုမ္ပဏီတွေကို တင်ဒါခေါ်ယူပြီး ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိမှာ သံလမ်းဂဟေဆက်ခြင်း ၅၉ မိုင် ဆောင်ရွက်ထားပြီး ဘူတာ စကြံပြုပြင်ခြင်း ၁၄ ခု၊ ဆောင်ရွက်ဆဲ ၁၀ ခု ရှိပါတယ်။ လူကူးခုံးကျော်တံတား တည်ဆောက်ခဲ့ရာမှာ ပြီးစီးမှု ကိုးခု၊ တည်ဆောက်ဆဲ နှစ်ခုနဲ့ တည်ဆောက်ရန် ၃၀ ကျန်ရှိနေပါသေးတယ်။ ကားလမ်းကူး အဆင့်မြှင့်တင်ခြင်းမှာ ဆောင်ရွက်ပြီး နှစ်ခု၊ ဆောင်ရွက်ဆဲ ၁၅ ခုနဲ့ ဆောင်ရွက်ရန် ရှစ်ခုခန့် ကျန်ရှိနေပါတယ်။

**မေး။ ။ ပဲခူး - မော်လမြိုင်နဲ့ ရန်ကုန် - မန္တလေး ရထားလမ်းတွေ အဆင့်မြှင့်တင်နေတဲ့အပိုင်းကို ပြောပြပေးပါဦးရှင့်။**

**ဖြေ။** ။ ပဲခူး - မော်လမြိုင် ရထားလမ်း အကြီးစားပြင်ဆင်ခြင်း ၁၂၉ မိုင် ပြုလုပ်ဖို့ရှိတဲ့နေရာမှာ ကိုးချောင်းဆက်သံလမ်းဂဟေဆက်ခြင်းလုပ်ငန်းက ၁၂၉ မိုင်


မန္တလေးခေတ်မီဆိပ်ကမ်း ဖွံ့ဖြိုးရေးစီမံကိန်းကို တွေ့ရစဉ်။

အထူးကဏ္ဍ [ ခ ] သို့ »»

»»» အထူးကဏ္ဍ [ က ] မှ

ဆောင်ရွက်ပြီးစီးနေပါပြီ။ လမ်းခင်းကျောက်ဖြည့် ပက်ကင်ရိုက်ခြင်းက မိုင် ၈၀ ပြီးစီးနေပြီး လုပ်ဆောင်ရန် ၄၉ မိုင်ခန့် ကျန်ရှိနေပါတယ်။

ရန်ကုန် - မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းမှာ မိုင်အားဖြင့် ၃၈၅ မိုင်ရှိပြီး ဂျပန်နိုင်ငံရဲ့ချေးငွေ အမေရိကန်ဒေါ်လာ ၂၁၁၅ သန်း၊ နိုင်ငံတော်ကျခံငွေ အမေရိကန်ဒေါ်လာ ၄၆၈ ဒသမ ၉၅၂ သန်း အကုန်အကျခံပြီး အဆင့်နှစ်ဆင့်ခွဲဆောင်ရွက်နေပါတယ်။ ပထမအဆင့်က ရန်ကုန် - တောင်ငူ ၁၆၆ မိုင်နဲ့ ဒုတိယအဆင့်မှာ တောင်ငူ -မန္တလေး ၂၁၉ မိုင်တို့ ဖြစ်ပါတယ်။

**စီမံကိန်းလုပ်ငန်းစဉ်များ ခွဲခြားဆောင်ရွက်နေ**

ဒီစီမံကိန်းမှာ မြန်မာဘက်ခြမ်းကနေ ဆောင်ရွက်ရမယ့် လမ်းခင်းကျောက်စုဆောင်းရမယ့်အပိုင်းမှာ ကျင်းပေါင်း ၁၄၁၁၇၉ ကျင်း၊ ကွန်ကရစ်ဇလီဖား ၁၆၆၅၄၈ တုံး ထုတ်လုပ်ခြင်းတွေနဲ့ အုတ်ခြံစည်းရိုးကာရံခြင်း ပေ ၁၄၅၅၀ ဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံဘက်က ရန်ကုန် - တောင်ငူ လမ်းပိုင်းအတွက် တင်ဒါ ရှစ်ခုခေါ်ယူရန်ကိစ္စမှာ တင်ဒါအမှတ် (CP 102၊ 103၊ 104၊ 107၊ 108) ငါးခုကို စာချုပ်ချုပ်ဆိုခဲ့ပြီး လုပ်ငန်းစတင်နေပါပြီ။ CP - 101 ကို စာချုပ်ချုပ်ဆိုနိုင်ဖို့ ရေးဆွဲနေသလို CP - 105 အတွက် PQ ခေါ်ယူထားပြီး CP- 106 ကို ရထားလမ်းတည်ဆောက်ရေးနဲ့ မြို့ပြလုပ်ငန်းတွေ ပြီးစီးသွားတဲ့အခါ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းအဆင့်(၂) တောင်ငူ-မန္တလေး လမ်းပိုင်းအတွက် တိုင်းတာရေးလုပ်ငန်းတွေကို ၂၀၁၈ ခုနှစ် မေလမှာ စတင်နေပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာမှာပြီးစီးမယ်လို့ ခန့်မှန်းထားပါတယ်။ Detail Design အတွက် ယခုနှစ် ဇန်နဝါရီလမှာ မြန်မာ့မီးရထားနဲ့ JICA တို့ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ စီမံကိန်းအတိုင်ပင်ခံ ခန့်အပ်နိုင်ရေးအတွက် တင်ဒါအောင်မြင်တဲ့ OCG - JV နဲ့ လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ မြန်မာနိုင်ငံ အထက်ပိုင်း မြစ်ကြီးနားရထားလမ်းပိုင်းနဲ့ လူအသွားအလာများတဲ့ ရန်ကုန်-ပြည် ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုကိုလည်း သိပါရစေ။**

**ဖြေ။** ။ မန္တလေး - မြစ်ကြီးနား ရထားလမ်း မိုင် ၃၄၀ အကြီးစားပြင်ဆင်ခြင်းစီမံကိန်းမှာ ရထားလမ်းခုန်၊ ဆောင့်နဲ့ လူးတာတွေ မဖြစ်ပေါ်ဖို့၊ စက်ခေါင်းနဲ့တွဲတွေ ချို့ယွင်းမှုလျော့နည်းဖို့အတွက် ကိုးချောင်းဆက် သံလမ်းဂဟေဆက်လုပ်ငန်းနဲ့ စက်ကြီးနဲ့ ပက်ကင်ရိုက်တဲ့ လုပ်ငန်းကို မန္တလေး - မြစ်ကြီးနားလမ်းပိုင်း ၈၅ မိုင်မှာ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။


ရထားလမ်းပိုင်းတွေရဲ့ မတ်စောက်တဲ့ ဆင်ခြေလျှောတွေနဲ့ ကွေ့တွေကို လျှော့ချနိုင်ဖို့အတွက် အဓိကလမ်းပိုင်းတွေဖြစ်တဲ့ ဂျိုးထောင် - မဲဇာ ၂၄ မိုင်နဲ့ မော်ဟန် - ကာဒူ ၁၀ မိုင်တို့ကို အဆင့်မြှင့်တင်နိုင်ဖို့ ကိုရီးယားနိုင်ငံရဲ့ အကူအညီယူပြီး ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အပြီးသတ်အစီရင်ခံစာကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှာ ပေးပို့လာတဲ့အတွက် ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ရယူနိုင်ဖို့ ကြိုးစားနေပါတယ်။

ရန်ကုန် - ပြည် ရထားလမ်း ၁၆၆ မိုင် အကြီးစားပြင်ဆင်ခြင်းစီမံကိန်းမှာ တံတားပေါင်း ၄၄၇ စင်းကို တိုင်းတာစစ်ဆေးပြီး ဖြစ်ပါတယ်။ ကီလိုမီတာ ၁၂၀ နှုန်းနဲ့ ပြေးဆွဲနိုင်ဖို့ တန် ၂၀ Axle Load ရရှိရေးကို လေ့လာတွက်ချက်ထားပြီးဖြစ်လို့ ချေးငွေအတွက် ADB နဲ့ အကြိုညှိနှိုင်းတာတွေ လုပ်ဆောင်နေပါတယ်။

**မေး။ ။ ရန်ကုန်မြို့တွင်း မြို့ပတ်လမ်း လုပ်ဆောင်မှုတွေ အပါအဝင် ရထားပို့ဆောင်ရေး ကဏ္ဍမှာ တတိယ (၁)နှစ်တာအတွင်း ဆောင်ရွက်ချက်တွေကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။** ။ Urban Transport Development Plan in Greater Yangon (၂၀၁၆ - ၂၀၃၅) နှစ်ရှည်စီမံကိန်းကို ဂျပန်နိုင်ငံရဲ့အကူအညီနဲ့ ရေးဆွဲထားပါတယ်။ ခေတ်မီရထားပို့ဆောင်ရေးစနစ် (Yangon Urban Mass Rapid Transit - YUMRT) တောင်မြောက်လမ်းပိုင်း (ဒလ - မင်္ဂလာဒုံ ၂၇ ကီလိုမီတာ) နဲ့ အရှေ့အနောက်လမ်းပိုင်း (လှိုင်သာယာ-တိုးကြောင်ကလေး ၂၅ ကီလိုမီတာ) လမ်းပိုင်းတည်ဆောက်ဖို့ တိုက်တွန်းတဲ့အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ အကူအညီနဲ့ အသေးစိတ်လေ့လာမှုတွေ လုပ်ဆောင်တဲ့အခါ ၂၀၁၉ ခုနှစ် စက်တင်ဘာလမှာ ပြီးစီးမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့တော်ရဲ့ ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းနိုင်ဖို့ ရထားနဲ့ ခရီးသည်အများကြီးကို ပို့ဆောင်ပေးနိုင်ခြင်းအပေါ် အများကြီးမူတည်နေတာကြောင့် စီမံကိန်းကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဖို့ ကြိုးပမ်းနေတာ ဖြစ်ပါတယ်။

**စက်ခေါင်းအသစ်နဲ့ လေအိတ်ပါ ဘိုကီတပ်ဆင်ထားတဲ့ လူစီးတွဲသစ်တွေကို မန္တလေး- မြစ်ကြီးနား ရထားလမ်းပိုင်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်က စတင်ပြေးဆွဲ အသုံးပြုခဲ့ပါတယ်။ ကိုရီးယားသမ္မတနိုင်ငံ EDCF ချေးငွေနဲ့ လူစီးတွဲသစ် ၁၀၀ ဝယ်ယူခြင်းစီမံကိန်းကို အမေရိကန်ဒေါ်လာ ၄၅ သန်းနဲ့ ၂၀၁၇ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိ သုံးနှစ်တာကာလအတွင်း ဆောင်ရွက်မှာဖြစ်ပါတယ်။ Design Meeting တွေကို မြစ်ငယ်တွဲပြင်စက်ရုံမှာ ပြုလုပ်နေပြီး တွဲသစ်တွေကို ၂၀၂၀ ပြည့်နှစ်မှာ အပြီး ရောက်ရှိတပ်ဆင်တည်ဆောက်သွားဖို့ရှိ**



ရထားလမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ခရီးသည်နဲ့ ကုန်စည်တွေ လုံခြုံချောမွေ့စွာနဲ့ သယ်ယူပို့ဆောင်ပေးနိုင်ဖို့အတွက် စက်ခေါင်းသစ်နဲ့ လူစီးတွဲသစ်တွေ တည်ဆောက်ဖြည့်တင်းနိုင်ဖို့က အရေးကြီးပါတယ်။ ဒါကြောင့် မြစ်ငယ် လူစီးတွဲတည်ဆောက်ရေးစက်ရုံနဲ့ နေပြည်တော် စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံတွေကနေ ထုတ်လုပ်နေတာ ဖြစ်ပါတယ်။ နေပြည်တော် စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံကနေ ၂၀၁၈ ခုနှစ် ဧပြီလကနေ ၂၀၁၉ ခုနှစ် မတ်လအထိ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းသစ် ၁၀ စင်းကို တည်ဆောက်နိုင်ခဲ့ပါတယ်။ ဒီဇယ်စက်ခေါင်း ငါးခုကို အင်ဂျင်အသစ်လဲလှယ်တာ ဆောင်ရွက်ခဲ့ပါတယ်။ စက်ခေါင်းတွေ အချိုးကျမွမ်းမံပြင်ဆင်ခြင်းအဖြစ် အကြီးစားမွမ်းမံမှု ၁၀၀၊ အလတ်စားမွမ်းမံမှု ၇၉ ခုနဲ့ လိုအပ်ချက်အရ ပြင်ဆင်မှု ၄၃၂ ခု ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြစ်ငယ်လူစီးတွဲ တည်ဆောက်ရေးစက်ရုံကနေ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ချေးငွေနဲ့ လေအိတ်ဘိုကီပါ လူစီးတွဲသစ် ၂၀ တွဲကို တည်ဆောက်နိုင်ခဲ့ပါတယ်။ နိုင်ငံတော်ဘတ်ဂျက်နဲ့ လေအိတ်မပါ ပုံမှန်လူစီးတွဲသစ် ၃၅ တွဲ တည်ဆောက်ခဲ့သလို ပြန်လည်မွမ်းမံတည်ဆောက်မှုတွဲ ၄၀ ကို တည်ဆောက်ခဲ့ပါတယ်။

**လူစီးတွဲသစ်များဖြင့် စတင်ပြေးဆွဲ**

စက်ခေါင်းအသစ်နဲ့ လေအိတ်ပါ ဘိုကီတပ်ဆင်ထားတဲ့ လူစီးတွဲသစ်တွေကို မန္တလေး- မြစ်ကြီးနား ရထားလမ်းပိုင်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်က စတင်ပြေးဆွဲ အသုံးပြုခဲ့ပါတယ်။ ကိုရီးယားသမ္မတနိုင်ငံ EDCF ချေးငွေနဲ့ လူစီးတွဲသစ် ၁၀၀ ဝယ်ယူခြင်း စီမံကိန်းကို အမေရိကန်ဒေါ်လာ ၄၅ သန်းနဲ့ ၂၀၁၇ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိ သုံးနှစ်တာကာလအတွင်း ဆောင်ရွက်မှာဖြစ်ပါတယ်။ Design Meeting တွေကို မြစ်ငယ်တွဲပြင်စက်ရုံမှာ ပြုလုပ်နေပြီး တွဲသစ်တွေကို ၂၀၂၀ ပြည့်နှစ်မှာ အပြီးရောက်ရှိ တပ်ဆင်တည်ဆောက်သွားဖို့ ရှိပါတယ်။

တရုတ်နိုင်ငံ အတိုးမဲ့ချေးငွေ ယွမ်သန်း ၈၀ ကို အသုံးပြုပြီး လူစီးတွဲ ၂၈ တွဲဝယ်ယူခြင်းစီမံကိန်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှာ လွှတ်တော်ရဲ့ အတည်ပြုချက်အရ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းစတင်ပြီး နှစ်နှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မတော်တဆမှုများ လျော့နည်းကျဆင်းအောင်ကြိုးပမ်း**

ရထားပို့ဆောင်ရေးမှာ မတော်တဆဖြစ်ပွားမှုအနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ၂၇၇ ကြိမ်ခန့် ဖြစ်ပွားခဲ့ပါတယ်။ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှာ မတော်တဆဖြစ်ပွားမှုအကြိမ်ရေ ၃၆၃ ကြိမ်ရှိခဲ့ပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှာ အကြိမ်ရေ ၃၅၀ ခန့် ဖြစ်ပွားခဲ့တဲ့အတွက် ထပ်မံပြီးလျော့နည်းကျဆင်းအောင် သတိပေးချက်တွေ၊ ပညာပေးအစီအစဉ်တွေပြုလုပ်ပြီး ကြိုးပမ်းနေပါတယ်။

ကုန်းတွင်းဆိပ်စီမံကိန်း အကောင်အထည်ဖော်မှုမှာ တင်ဒါအောင်မြင်တဲ့ Kerry Logistics ကုမ္ပဏီလီမိတက်နဲ့ Resource Group Logistics ကုမ္ပဏီလီမိတက်တို့က BOT စနစ်နဲ့ ရွာသာကြီးကုန်းတွင်းဆိပ်ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်မှာ စတင်ဆောင်ရွက်သလို မြစ်ငယ်ကုန်းတွင်းဆိပ်ကိုလည်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ Dry Port ဖွင့်လှစ်ပြီးတဲ့ အချိန်ကနေစပြီး ကုန်သေတ္တာတင်ရထား ခရီးစဉ်တွေကို ရန်ကုန် - မန္တလေးအကြားမှာ ခရီးစဉ်တစ်ပတ်ကို ပျမ်းမျှအစုန်/အဆန် နှစ်ခေါက်စီ ပြေးဆွဲပေးနိုင်ခဲ့ပါတယ်။ ယနေ့အချိန်ထိ အစုန်/အဆန် ၆၉ ခေါက်စီ ပြေးဆွဲခဲ့ပြီး ကုန်သေတ္တာ ၃၀၁၇ လုံး၊ တန်ချိန် ၅၃၇၈၆ တန် ပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍမှာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ဘယ်လိုစီမံဆောင်ရွက်ပေးနေပါသလဲရှင့်။**

**ဖြေ။** ။ မော်တော်ယာဉ်တွေကို စစ်ဆေးမှတ်ပုံတင်ပေးတာ၊ အငှားယာဉ်တွေကို လုပ်ငန်းလိုင်စင်ထုတ်ပေးတာနဲ့ ယာဉ်မောင်းလိုင်စင်တွေ ထုတ်ပေးတာ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းအောင် စစ်ဆေးကြပ်မတ်တာတွေကို ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် မတ်လမှာ

အထူးကဏ္ဍ [ ဂ ] သို့ »»»

»» အထူးကဏ္ဍ [ ခ ] မှ



ရွာသာကြီး ကုန်တွင်းဆိပ်ကို ဝေဟင်မှ မြင်တွေ့ရစဉ်။

ယာဉ်စီးရေ ၅ ဒသမ ၅ သန်း ရှိရာကနေ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်မှာ ၇ ဒသမ ၂ သန်းအထိ ယာဉ်စီးရေ တိုးတက်မှတ်ပုံတင်ပေးနိုင်ခဲ့ပါတယ်။

ယာဉ်မတော်တဆမှုတွေ မဖြစ်ပွားရေးနဲ့ လျော့နည်းကျဆင်းရေးအတွက် အမျိုးသားယာဉ်အန္တရာယ်ကင်းရှင်းရေးကော်မတီရဲ့ ကြီးကြပ်မှုနဲ့ ဆောင်ရွက်ပေးနေပါတယ်။ နှိုင်းယှဉ်ပြရမယ်ဆိုရင် ၂၀၁၃ ခုနှစ်မှာ ယာဉ်စီးရေ ၁၀၀၀၀ မှာ သေဆုံးမှုနှုန်း ၉ ဒသမ ၂၆ ရာခိုင်နှုန်းရှိပါတယ်။ ၂၀၁၈ ခုနှစ်မှာ ယာဉ်စီးရေ ၁၀၀၀၀ မှာ သေဆုံးမှုနှုန်းက ၇ ဒသမ ၁၈ ရာခိုင်နှုန်းကို လျော့နည်းကျဆင်းလာခဲ့ပါတယ်။

**မေး။ ။ လေကြောင်းပို့ဆောင်ရေး ကဏ္ဍမှာ နိုင်ငံတော်အစိုးရရဲ့ တတိယတစ်နှစ်တာအတွင်း ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ခဲ့တာရှိရင် ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။** ။ လေကြောင်းကဏ္ဍမှာ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်ရဲ့ စံညွှန်းသတ်မှတ်ချက်တွေ၊ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်တွေနဲ့အညီ ဘေးအန္တရာယ်ကင်းစွာ၊ လုံခြုံစိတ်ချစွာနဲ့ စွမ်းအားပြည့်ပျံသန်းနိုင်ရေး၊ စဉ်ဆက်မပြတ် တိုးတက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွေကို ဆောင်ရွက်နေပါတယ်။

ခရီးသည်ဝင်ထွက်မှုများတဲ့ မြစ်ကြီးနား၊ ပူတာအို၊ လားရှိုး၊ ဟဲဟိုး၊ မိုင်းဆတ်၊ စစ်တွေ၊ သံတွဲ၊ လွိုင်ကော်၊ မာန်အောင်နဲ့ ညောင်ဦးလေဆိပ်တွေရဲ့ လေဆိပ်အဆောက်အဦ၊ ပြေးလမ်းတိုးချဲ့တာတွေနဲ့ လိုအပ်တဲ့ပြင်ဆင်မှုတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဟဲဟိုး၊ မော်လမြိုင်နဲ့ ကော့သောင်းလေဆိပ်တွေကို PPP အစီအစဉ်နဲ့ အကောင်အထည်ဖော်ဖို့ ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူ ရွေးချယ်ခဲ့ပြီး မူဆယ်လေဆိပ်သစ်တည်ဆောက်ဖို့အတွက် တင်ဒါခေါ်ယူထားပါတယ်။

ဝေးလံခေါင်းပါးပြီး တောင်တန်းထူထပ်ပေါများတဲ့ ချင်းပြည်နယ်အတွင်းက ဒေသခံပြည်သူတွေ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေဖို့ ချင်းပြည်နယ် ဖလမ်းမြို့မှာ ATR - 72 လေယာဉ်တွေ ဆင်း၊ တက် အသုံးပြုနိုင်တဲ့လေဆိပ်ကို နိုင်ငံတော်ဘတ်ဂျက်နဲ့ တည်ဆောက်ခဲ့ရာမှာ ၅၀ ရာခိုင်နှုန်းအထိ ပြီးစီးသွားပြီဖြစ်ပါတယ်။ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်မှာ လေယာဉ်ဆင်း၊ တက် အသုံးပြုနိုင်ဖို့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေပါတယ်။

တိုးတက်မြင့်မားလာတဲ့ လေကြောင်းခရီးသွားလာမှုကို နိုင်နင်းစွာကိုင်တွယ်နိုင်ရေးအတွက် ကမ္ဘာ့အဆင့်မီ လေဆိပ်တစ်ခုအဖြစ် ရည်ရွယ်ပြီး ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကို ဂျပန်နိုင်ငံရဲ့ ချေးငွေအကူအညီနဲ့ တည်ဆောက်နိုင်ဖို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ပြည်တွင်း၊ ပြည်ပခရီးသည် ဝင်ထွက်မှုမှာ ၂၀၁၈ ခုနှစ်တွင် ခရီးသည် ၉ ဒသမ ၉ သန်းရှိပြီး ၂၀၁၆ ခုနှစ်တုန်းက ခရီးသည်စုစုပေါင်း ၉ ဒသမ ၂၆ သန်းနဲ့ ၂၀၁၇ ခုနှစ်မှာ ၁၀ ဒသမ ၁၂ သန်းတို့ ဝင်ရောက်ခဲ့ပါတယ်။

**မေး။ ။ မြန်မာအမျိုးသားလေကြောင်းလိုင်းရဲ့ ဆောင်ရွက်မှုတွေ၊ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို ပြောပြပေးပါဦးရှင့်။**

**ဖြေ။** ။ မြန်မာအမျိုးသားလေကြောင်းလိုင်းကို ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်ကနေစပြီး ကော်ပိုရေးရှင်းအသွင် ပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းပြေးဆွဲနေရာကနေ နိုင်ငံတကာကို ထိုးဖောက်နိုင်ဖို့အတွက် အသွင်ကူးပြောင်းတာ၊ အဆင့်မြှင့်တာတွေကို အချိန်တိုအတွင်း ရင်းနှီးမြှုပ်နှံမှုတွေ လုပ်နိုင်ခဲ့တဲ့အတွက် အောင်မြင်ခဲ့တယ်လို့ ပြောနိုင်ပါတယ်။

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေနဲ့ ပြည်တွင်း ၂၈ မြို့ကို ပြေးဆွဲပေးနေပြီး ပြည်ပခရီးစဉ် စင်ကာပူ၊ ဗန်ကောက်၊ ချင်းမိုင်၊ ဟောင်ကောင်၊ ချန်ဒူးနဲ့ ဂယာမြို့တို့ကို ပုံမှန်ခရီးစဉ်တွေ ပျံသန်းပေးလျက်ရှိတဲ့အပြင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်မှာ ရန်ကုန် - ပုသိမ် စင်းလုံးငှားခရီးစဉ်ကို စတင်ပျံသန်းနိုင်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ်တွင် Boeing လေယာဉ် သုံးစင်း၊ Embraer လေယာဉ် နှစ်စင်း၊ ATR လေယာဉ် ငါးစင်း၊ Caravan လေယာဉ် လေးစင်းနဲ့ Beech Craft လေယာဉ် နှစ်စင်း စုစုပေါင်းလေယာဉ် ၁၆ စင်း ရှိခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာ Boeing လေယာဉ် လေးစင်း၊ Embraer လေယာဉ် နှစ်စင်း၊ ATR လေယာဉ် ကိုးစင်းနဲ့ Caravan လေယာဉ် နှစ်စင်း စုစုပေါင်း လေယာဉ် ၁၇ စင်းရှိလာခဲ့ပါတယ်။ ATR လေယာဉ် အကြီးစားပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံစီမံကိန်းကို ဧပြီလမှာ စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီလိုပြုပြင်ထိန်းသိမ်းနိုင်အောင် ပြီးခဲ့တဲ့နှစ်က European Aviation Safety Agency(EASA)ရဲ့ အသိအမှတ်ပြုလက်မှတ်ရရှိအောင် ကြိုးပမ်းခဲ့ရပါတယ်။ ပြည်တွင်းမှာရှိတဲ့ ATR လေယာဉ်တွေကို ကုန်ကျစရိတ် သက်သာစွာနဲ့ ပြင်ဆင်နိုင်ပြီဖြစ်လို့ နိုင်ငံခြားငွေယိုစီးမှုကို လျော့နည်းသက်သာစေခဲ့ပြီဖြစ်ပါတယ်။

ယခုလို လေယာဉ်တွေ ထပ်မံဖြည့်တင်းတာ၊ ပြည်ပခရီးစဉ်တွေ တိုးချဲ့ပြေးဆွဲတာတွေကြောင့် ခရီးသည်ပို့ဆောင်ပေးမှုဟာ ယခင်နှစ်ထက် နှစ်ဆခန့် မြင့်တက်လာမယ်လို့ မျှော်မှန်းထားပါတယ်။ ခရီးသည်ပို့ဆောင်ပေးနိုင်မှုမှာ ၂၀၁၆ ခုနှစ်မှာ ပြည်တွင်း၊ ပြည်ပခရီးသည် ၁၀၄၁၉၈၁ ဦး၊ ၂၀၁၇ ခုနှစ်မှာ ခရီးသည် ၁၄၅၉၈၈၂ ဦး ပို့ဆောင်ပေးခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ ခရီးသည် ၁၇၀၉၇၁၅ ဦး ပို့ဆောင်ပေးခဲ့ပါတယ်။

**မေး။ ။ ရေကြောင်းပို့ဆောင်ရေးကဏ္ဍနဲ့ ကမ်းပါးပြိုတာ၊ မြစ်ရေတိုက်စားတာတွေကြောင့် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးတွေ ဆောင်ရွက်နေတဲ့အပိုင်းကို ရှင်းပြပေးပါရှင့်။**

**ဖြေ။** ။ နိုင်ငံရဲ့ အဓိက မြစ်ကြီးတွေဖြစ်တဲ့ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနဲ့ သံလွင်မြစ်တွေမှာ ရေကြောင်းသွားလာနိုင်တဲ့ ရေလမ်းကြောင်း ၆၇၃၇ ကီလိုမီတာ ရှိပါတယ်။ မြစ်ကြီးတွေ ရေနည်းချိန်တွေမှာ ရေအနက်မလုံလောက်တာနဲ့ ရေလမ်းကြောင်းတွေ တည်ငြိမ်မှုမရှိဘဲ မကြာခဏ ပြောင်းလဲတတ်တာတွေ ဖြစ်တတ်ပါတယ်။ မြစ်တွေရဲ့ ရေဝေဒေသအတွင်းမှာ သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုတွေကြောင့် မြစ်အတွင်းစီးဆင်းနေတဲ့ ရေထုစီးဆင်းမှုပမာဏ လျော့နည်းလာတာ၊ သဲနုန်းတွေ အနည်ထိုင်မှုတွေ များပြားလာတာ၊ ရေကြီးရေလျှံမှု ဖြစ်ပေါ်လာတာ၊ ရေလမ်းကြောင်း ပြောင်းလဲမှုတွေကြောင့် မြစ်ကမ်းပါးတိုက်စားမှုတွေ ဖြစ်ပေါ်လျက်ရှိပါတယ်။

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်ကနေ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွေအထိ ရေလမ်းကောင်းမွန်ရေးအတွက် နေရာပေါင်း ၄၀၊ ကမ်းပြိုကာကွယ်ရေးအတွက် နေရာပေါင်း ၆၈၃ နေရာ၊ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ထိစပ်နေတဲ့ ပါချန်၊ သောင်ရင်းနဲ့ ရွှေလီမြစ်၊ မဲဆိုင်မဲဟောက်၊ နမ့်ဝမ်၊ နမ့်ယမ်နဲ့ မုံးကိုးချောင်းတွေမှာ မိမိတို့ဘက်က ကမ်းတွေမပြိုဖို့ အရေးကြီးတဲ့နေရာတွေကို ဦးစားပေးအဖြစ် မြေထိန်းနံရံတည်ဆောက်ခဲ့ရာ ယခင်ပေ ၃၉၀၀၀ ကျော်ရှိရာမှ ယခုအလျား ၆၄၁၃၇ ပေအထိ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

**မေး။ ။ ရေကြီးရေလျှံမှုတွေ သက်သာလျော့ပါးရေးအတွက် ဆောင်ရွက်နေမှုတွေကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။** ။ တစ်နိုင်ငံလုံးမှာ ရေကြီးရေလျှံလျော့ပါးရေးအတွက် လာမယ့်သုံးနှစ်အတွင်း ရေတိုရေရှည်အစီအမံတွေ ရေးဆွဲဆောင်ရွက်ဖို့၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးက လုပ်ငန်းတွေအတွက် ရေကြီးရေလျှံ လျော့ပါးရေးကော်မတီတွေ ဖွဲ့စည်းဆောင်ရွက်ဖို့ ရှိပါတယ်။

ဒါတွေကို မန္တလေး - မြစ်ကြီးနားရထားလမ်း (ကောလင်းမြို့ ဒေါင်းမြူးချောင်း)၊ ရန်ကုန် - မော်လမြိုင် ရထားလမ်းနဲ့ ကားလမ်း(ဘီးလင်းမြို့ ဘီလင်းမြစ်)၊ ရန်ကုန်- မန္တလေး ရထားလမ်းနဲ့ ကားလမ်း(ပဲခူးမြို့နယ် ပဲခူးမြစ်)၊ သံလွင်မြစ် ဘားအံမြို့ ရေကြီးရေလျှံမှုကာကွယ်ရေး၊ စစ်တောင်းမြစ် ရေကြီးရေလျှံမှုနဲ့ စစ်တောင်းမြစ်ဝ ဒီရေတိုက်စားမှုကာကွယ်ရေးအပါအဝင် တနင်္သာရီမြစ်ရေကြီးမှု လျော့ပါးသက်သာရေးစတဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။ ရေကြီးရေလျှံမှု လျော့ပါးရေးအတွက် သံလွင်၊ ဘီးလင်း၊ ပဲခူး၊ စစ်တောင်း၊ တနင်္သာရီမြစ်နဲ့ ဒေါင်းမြူးချောင်းတွေမှာ လုပ်ငန်းစဉ် ၁၁၅ ခုအနက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ၁၁ ခုကို ဆောင်ရွက်နေပါတယ်။

**ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း**

ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ကမ္ဘာ့ဘဏ်အကူအညီ အမေရိကန်ဒေါ်လာသန်း ၁၀၀ နဲ့ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်ကနေ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အထိ ဆောင်ရွက်နေပါတယ်။ ရေအရင်းအမြစ်တွေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေဖို့နဲ့ ရေနှင့်ပတ်သက်တဲ့ သဘာဝဘေးအန္တရာယ်တွေ လျော့ပါးရေးအပါအဝင် ရေအရင်းအမြစ် စီမံခန့်ခွဲတဲ့ အဖွဲ့အစည်းတွေ အားကောင်းလာရေး၊ ရေနဲ့ဆိုင်တဲ့ အချက်အလက် ကောက်ယူမှုတွေနဲ့ ကြိုတင်သတိပေးစနစ်တွေ အားကောင်းလာရေး၊ ရေကြောင်းကနေ စရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ကိုရီးယားနိုင်ငံကနေ ချေးငွေ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၃ သန်းနဲ့ နိုင်ငံတော်ကျခံငွေ ၇ ဒသမ ၉၄၂ သန်းတို့နဲ့ ဆောင်ရွက်နေပါတယ်။ တွံတေးတူးမြောင်း ကမ်းပါးထိန်းသိမ်းတာ၊ တွံတေးတူးမြောင်း သုညမိုင်အနီး ရေဝဲအတွင်း ကျောက်ကြီးဖြည့်တာ၊ တူးမြောင်းတစ်လျှောက် ရေကြီးရေလျှံမှုတွေ ကာကွယ်တာ၊ ရေထိန်းကမ်းပတ်တာ တည်ဆောက်တာတွေကို ၂၀၁၈ ခုနှစ်ကနေ ၂၀၂၃ ခုနှစ်အထိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ရခိုင်ဒေသ ရေလမ်းခရီးစဉ်တိုးချဲ့**

ရခိုင်ပြည်နယ် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဂျပန်နိုင်ငံအစိုးရရဲ့ ဒေသစီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အရ ကစ္ဆပနဒီ(၁) ရေယာဉ်ကို ၂၀၁၇ ခုနှစ် မတ်လ၊ ကစ္ဆပနဒီ (၂)ရေယာဉ်ကို ၂၀၁၇ ခုနှစ် ဇူလိုင်လနဲ့ ကစ္ဆပနဒီ (၃) ရေယာဉ်ကို ၂၀၁၉ ခုနှစ် မတ်လ ၈ ရက်တို့မှာ လက်ခံရရှိတဲ့အတွက် ရခိုင်ပြည်နယ်အတွင်း ခရီးစဉ်တွေ တိုးချဲ့ပြေးဆွဲပေးနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ ဆိပ်ကမ်း အဆင့်မြှင့်တင်ရေးကဏ္ဍမှာ ယခုကာလအတွင်း သိသာထင်ရှားတဲ့ အပြောင်းအလဲတွေအကြောင်း ပြောပြပေးပါဦးရှင့်။**

**ဖြေ။** ။ မန္တလေးခေတ်မီဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဂျပန်နိုင်ငံ JICA ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၄၂ သန်းနဲ့ ၂၀၁၈ ခုနှစ် နိုဝင်ဘာလကနေ စတင်ဆောင်ရွက်နေပါတယ်။ စီမံကိန်းတွင် ဆိပ်ခံတံတားတည်ဆောက်ခြင်း မီတာ ၁၈၀၊ ကွန်တိန်နာတည်ဆောက်ခြင်း စတုရန်းမီတာ ၂၉၅၄၀၊ ချဉ်းကပ်လမ်း တည်ဆောက်

အထူးကဏ္ဍ [ ဃ ] သို့ »»

**ချင်းပြည်နယ်အတွင်းက ဒေသခံပြည်သူတွေ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေဖို့ ချင်းပြည်နယ် ဖလမ်းမြို့မှာ ATR - 72 လေယာဉ်တွေ ဆင်း၊ တက် အသုံးပြုနိုင်တဲ့လေဆိပ်ကို နိုင်ငံတော် ဘတ်ဂျက်နဲ့ တည်ဆောက်ခဲ့ရာမှာ ၅၀ ရာခိုင်နှုန်းအထိ ပြီးစီးသွားပြီဖြစ်ပါတယ်။ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်မှာ လေယာဉ် ဆင်း၊ တက် အသုံးပြုနိုင်ဖို့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေ**

»»» အထူးကဏ္ဍ [ ၈ ] မှ

ခြင်း ၃၀၄ မီတာ၊ ချဉ်းကပ်တံတားနှစ်စင်းတည်ဆောက်ခြင်း ၂၃၈ မီတာနဲ့ ၁၈၃ မီတာတို့ ပါဝင်ပါတယ်။ ဂျပန်နိုင်ငံမှာ ဧပြီလအတွင်း ဆိပ်ကမ်းတည်ဆောက်ပေးဖို့ တင်ဒါခေါ်ယူမှာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလမှာ တည်ဆောက်ရေးလုပ်ငန်းတွေစတင်နိုင်ဖို့ လျာထားပြီး ၂၀၂၁ ခုနှစ်မှာ ပြီးစီးမှာဖြစ်ပါတယ်။

**ရန်ကုန်ဆိပ်ကမ်း အဆင့်မြှင့်တင်**

ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုမှာ မြန်မာနိုင်ငံရဲ့ ပင်လယ်ကမ်းရိုးတန်းအလျား ၁၃၈၅ မိုင်တစ်လျှောက် ဆိပ်ကမ်းကိုးခုရှိပါတယ်။ ရန်ကုန်ဆိပ်ကမ်းက အဓိကဆိပ်ကမ်းဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ရေကြောင်းကုန်သွယ်မှုပမာဏရဲ့၉၀ ရာခိုင်နှုန်းကျော်ကို ကိုင်တွယ်လျက်ရှိပါတယ်။ ယခင်နှစ်တွေက ရန်ကုန်ဆိပ်ကမ်းမှာ အပြည်ပြည်ဆိုင်ရာ ရေယာဉ်ကြီးတွေ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ခံတံတား ၃၃ စင်းရှိပြီး သုံးနှစ်တာကာလအတွင်းမှာ အပြည်ပြည်ဆိုင်ရာရေယာဉ်ကြီးတွေ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ခံတံတား ရှစ်စင်း တည်ဆောက်ပြီးစီးခဲ့၍ ဆိပ်ခံတံတား ၄၁ စင်း ရှိလာပါပြီ။

ထပ်မံတည်ဆောက်ပြီး ဆိပ်ခံတံတားတွေက မီတာ ၂၀၀ ရှည်တဲ့ Green Asia ဆိပ်ခံတံတား၊ Elite Petro Chemical ဆိပ်ကမ်း၊ Wilmar International ဆိပ်ခံတံတားနဲ့ International Bulk Terminal Thilawa တို့ ဖြစ်ပါတယ်။ Puma Energy Asia Sun ဆိပ်ခံတံတားက ၁၃၅ မီတာရှည်ပြီး သီလဝါမြေကွက်အမှတ် ၂၅၊ ၂၆ က ဂျပန် ODA ချေးငွေနဲ့တည်ဆောက်တဲ့ ဆိပ်ခံတံတားနှစ်စင်းက မီတာ ၄၀၀ ရှည်ပါတယ်။ Kyimyindaing International Port Terminal ဆိပ်ခံတံတားက မီတာ ၈၀ ရှိပါတယ်။ အစိုးရသက်တမ်း သုံးနှစ်တာအတွင်း ကုန်သေတ္တာပေါင်း ၃၀၃၅၁၂၃ လုံးနဲ့ ကုန်တန်ချိန် ၇၆၃၂၃၅၈၀ တန် တို့ကို ကိုင်တွယ်ပေးနိုင်ခဲ့ပါတယ်။

ရန်ကုန်ဆိပ်ကမ်းကို ဝင်ထွက်တဲ့ ရေယာဉ်တွေ ဘေးအန္တရာယ်ကင်းရှင်းဖို့အတွက် ရေကြောင်းပြဝန်ဆောင်မှုကို ဆောင်ရွက်ပေးနေပါတယ်။ ရာသီဥတုဆိုးရွားတဲ့အချိန်မှာ Pilot Station ကို ဘေးကင်းတဲ့နေရာရွှေ့ရတာ၊ ပြုပြင်စရိတ်ကြီးမားတာကြောင့် သံကူကွန်ကရစ်သုံးထပ် ရေကြောင်းပြအဆောက်အအုံကို တည်ဆောက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှ လုပ်ငန်းများပြီးစီး၍ မတ်လ ၃၀ ရက်က လွှဲပြောင်းလက်ခံကာ လုပ်ငန်းတွေ စတင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဆိပ်ကမ်းလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်တွေကို ကွန်ပျူတာအသုံးချဝန်ဆောင်မှုနဲ့ စီမံခန့်ခွဲမှုစနစ်အဖြစ် အစားထိုးအဆင့်မြှင့်တင်ဖို့ ဆက်စပ်ဌာနများရဲ့လုပ်ငန်းစနစ်တွေနဲ့ ပေါင်းစပ်လုပ်ကိုင်နိုင်အောင် Port - EDI စီမံကိန်းကို ဂျပန်နိုင်ငံ Grant Aid အထောက်အပံ့ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၂၇ သန်းနဲ့ ၂၀၁၆ ခုနှစ် မတ်လကနေ ၂၀၁၈ ခုနှစ် မေလအထိ အကောင်အထည်ဖော် စတင်အသုံးပြုနေပြီး ပိုမိုပြည့်စုံတဲ့စနစ်ဖြစ်အောင် ဆောင်ရွက်နေပါတယ်။

**မေး။ ။ ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက်ကဏ္ဍရဲ့ မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်းအသုံးပြုတဲ့နှုန်းနဲ့ ဆက်သွယ်ရေးဆိုင်ရာ တိုးတက်မှုတွေကို သိရှိလိုပါတယ်။**


**ဖြေ။** ။ ဆက်သွယ်ရေးကဏ္ဍ တစ်ခေတ်ဆန်းခဲ့တာက ၂၀၁၄ ခုနှစ် ဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာခဲ့တာကြောင့် ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်း ၂၀၁၆ ခုနှစ်မှာ လူဦးရေ ၅၁ ဒသမ ၄၈၆ သန်းရှိတဲ့အခါ တယ်လီဖုန်းသိပ်သည်းဆ ၈၆ ဒသမ ၂၀ ရာခိုင်နှုန်း ရှိခဲ့ပြီး ယခုအချိန်မှာ လူဦးရေ ၅၄ ဒသမ ၀၇၄ သန်းအထိ ခန့်မှန်းတွက်ချက်မှုအရ တယ်လီဖုန်းသိပ်သည်းဆ ၉၉ ဒသမ ၅၇ ရာခိုင်နှုန်းအထိ မြင့်တက်လာပါတယ်။

အင်တာနက်သုံးစွဲသူက ၂၀၁၆ ခုနှစ်မှာ ၅၅ ဒသမ ၄၁ ရာခိုင်နှုန်းကနေ ယခုအချိန် ၈၂ ဒသမ ၅၆ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။ လူဦးရေအရ မိုဘိုင်းဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံနိုင်တဲ့ အနေအထားမှာ မြန်မာနိုင်ငံလူဦးရေရဲ့ ၉၂ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်ခဲ့ပါပြီ။

တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ၂၀၁၆ ခုနှစ်မှာ မိုဘိုင်းဆက်သွယ်ရေး တာဝါတိုင်ပေါင်း ၁၀၀၀၀ ရှိခဲ့ပြီး ယခုအခါ တာဝါတိုင် စုစုပေါင်း ၂၀၉၆၄ တိုင် တည်ဆောက်ပြီး ဖြစ်ပါတယ်။ Fiber Cable ချခင်းဆောင်ရွက်ခြင်းတွင် ဖိုင်ဘာလမ်းကြောင်း ကီလိုမီတာ ၆၈၁၃၀ ခွင့်ပြုထားခဲ့ရာမှာ ၄၉၄၅၂ ကီလိုမီတာကို ချခင်းဆောင်ရွက်ပြီးစီးခဲ့ပြီး ၁၈၆၇၉ ကီလိုမီတာကို ဆက်လက်ဆောင်ရွက်နေပါတယ်။ အင်တာနက် Bandwidth တိုးချဲ့ချိတ်ဆက်ဆောင်ရွက်မှုမှာ ယခင်က ၅၅ ဒသမ ၈၂ Gbps ရှိရာမှ ယခုအခါ ၆၁၄ ဒသမ ၃၀ Gbps ရှိလာပြီဖြစ်ပါတယ်။

**မေး။ ။ e-Government လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေကို ရှင်းပြပါရှင့်။**

**International Standard Organisation(ISO) 10646 နဲ့ ကိုက်ညီတဲ့ မြန်မာ Unicode ကို "အမျိုးသားစံချိန်စံညွှန်းကောင်စီ" က ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှာ အတည်ပြုထုတ်ပြန်ခဲ့ပါတယ်။ အဲဒီစံစနစ်ကို အစိုးရဌာနတွေကို ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်မှာ ပြောင်းလဲအသုံးပြုဖို့၊ Telecom Operator တွေကို ယခုနှစ် အောက်တိုဘာလ ၁ ရက်က စတင်အသုံးပြုဖို့နဲ့ မြန်မာနိုင်ငံတစ်ဝန်း ပြောင်းလဲသုံးစွဲနိုင်ရေးအတွက် အစီအစဉ်တွေ ရေးဆွဲထား**




မိုးလေဝသသတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်။

**ဖြေ။** ။ e-Government လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar e-Governance Master Plan ကို ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ ရေးဆွဲခဲ့ပါတယ်။ Master Plan နဲ့အညီ လုပ်ငန်းတွေ အကောင်အထည်ဖော်နိုင်ဖို့ ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ဆပ်ကော်မတီတွေကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ ဖွဲ့စည်းခဲ့ပြီး e-Government ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ကိုင်လျက်ရှိပါတယ်။

အစိုးရဌာနနဲ့ အဖွဲ့အစည်းတွေရဲ့ ဝန်ဆောင်မှုတွေနဲ့ သတင်းအချက်အလက်တွေကို ပြည်သူတွေက တစ်နေရာတည်းမှ လွယ်လွယ်ကူကူ ရယူအသုံးပြုနိုင်ဖို့ Myanmar National Portal ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာ စတင်လွှင့်တင်နိုင်ခဲ့ပါတယ်။

**မြန်မာဘာသာ စံစနစ်တည်ထောင်**

e-Government လုပ်ငန်းတွေအတွက် နည်းပညာစံတစ်ခုဖြစ်တဲ့ မြန်မာ Unicode Font ကို ဌာနတွေမှာ အသုံးပြုဖို့အတွက် ညွှန်ကြားချက်ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှာ ထုတ်ပြန်ခဲ့ပါတယ်။ International Standard Organisation(ISO) 10646 နဲ့ ကိုက်ညီတဲ့ မြန်မာ Unicode ကို "အမျိုးသားစံချိန်စံညွှန်းကောင်စီ"က ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှာ အတည်ပြုထုတ်ပြန်ခဲ့ပါတယ်။ အဲဒီစံစနစ်ကို အစိုးရဌာနတွေကို ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှာ ပြောင်းလဲအသုံးပြုဖို့၊ Telecom Operator တွေကို ယခုနှစ် အောက်တိုဘာလ ၁ ရက် က စတင်အသုံးပြုဖို့နဲ့ မြန်မာနိုင်ငံတစ်ဝန်း ပြောင်းလဲသုံးစွဲနိုင်ရေးအတွက် အစီအစဉ်တွေ ရေးဆွဲထားပြီး ဖြစ်ပါတယ်။

ဌာနဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ Server တွေကို Co-location ထားရှိနိုင်ဖို့ Tier 2 အဆင့်ရှိတဲ့ Data Center ကို နေပြည်တော်မှာ တည်ဆောက်ထားခဲ့ပြီး နိုင်ငံတကာအဆင့်မီ Tier 3 အဆင့်ရှိတဲ့ e-Government Integrated Data Center(eGIDC)ကို ကိုရီးယားသမ္မတနိုင်ငံ ချေးငွေ အမေရိကန်ဒေါ်လာ ၉၃ သန်းနဲ့ တည်ဆောက်နိုင်ဖို့ ပြည်ထောင်စုလွှတ်တော်အတည်ပြုချက်ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ ရရှိထားခဲ့ပါတယ်။ ကိုရီးယားနိုင်ငံကို Loan Pledge Acceptance Letter ပေးပို့နိုင်ရေး ဆောင်ရွက်နေပြီး ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှာ eGIDC ကို စတင်အသုံးပြုနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

**မေး။ ။ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဂြိုဟ်တုစနစ်ထူထောင်ဖို့ ဆောင်ရွက်နေတာကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။** ။ မြန်မာဂြိုဟ်တုစနစ် တည်ထောင်ဖို့အတွက် ရည်ရွယ်ဆောင်ရွက်နေတာတွေရှိပါတယ်။ နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဂြိုဟ်တုစနစ်ကို အသုံးချနိုင်ဖို့နဲ့ နေရာဒေသမရွေး အချိန်တိုအတွင်းမှာ ဆက်သွယ်မှုတွေ ပိုမိုမြင့်မားဖို့ ပထမအဆင့် Condosat စနစ်ဆောင်ရွက်ဖို့၊ ဒုတိယအဆင့်အနေနဲ့ အချိုးကျပိုင်ဆိုင်မှုစနစ်ဆောင်ရွက်ဖို့နဲ့ တတိယအဆင့်အနေနဲ့ ကိုယ်ပိုင်ဂြိုဟ်တုလွှင့်တင်နိုင်ဖို့ စီစဉ်နေပါတယ်။

ပထမအဆင့် Condosat စနစ်အတွက် MyanmarSat 1 Condosat ဂြိုဟ်တုကို Intelsat Satellite Operator ကနေ ဂြိုဟ်တု Channel မဂ္ဂါဟက် ၃၆၀ ကို ၂၀၁၆ ခုနှစ် မေ ၂၇ ရက်ကနေ ငါးနှစ်စာချုပ်ချုပ်ဆို ငှားရမ်း၊ ဆောင်ရွက်လျက်ရှိပါတယ်။ ဒုတိယအဆင့် အချိုးကျပိုင်ဆိုင်မှုစနစ်ဆောင်ရွက်ဖို့ Intelsat Satellite Operator က ၂၀၁၉ ခုနှစ် ဇွန်လမှာ လွှတ်တင်မယ့် ဂြိုဟ်တုရှိပါတယ်။ အဲဒီမှာ IRU (Indefeasible Right of Use) ရင်းနှီးမြှုပ်နှံမှုထည့်ဝင်ပြီး MyanmarSat 2 အဖြစ် ဂြိုဟ်တု (Channel) ၈၆၄ မဂ္ဂါဟက်ကို လာမယ့် စက်တင်ဘာလကနေစပြီး ၁၅ နှစ်အကြာ ဂြိုဟ်တုသက်တမ်းကုန်တဲ့အချိန်အထိ အသုံးပြုခွင့်ရမှာ ဖြစ်ပါတယ်။

မြန်မာဂြိုဟ်တုအဖြစ် ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်ရေးဆိုရင် Earth Observation Satellite (EOS)ဆိုပြီး လွှတ်တင်နိုင်ဖို့အတွက် ဂျပန်နိုင်ငံ ဟော်ကိုင်းဒိုးတက္ကသိုလ်နဲ့ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ ပူးပေါင်းဆွေးနွေးခဲ့တာ ရှိပါတယ်။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မှာ စတင်နိုင်ဖို့ ကြိုးပမ်းနေပါတယ်။

**မေး။ ။ ပြည်သူ့ဗဟိုပြုစာတိုက်ဝန်ဆောင်မှုစနစ် ဖော်ဆောင်မှုအကြောင်းကို ရှင်းပြပေးပါရှင့်။**

**ဖြေ။** ။ မြန်မာ့စာတိုက်လုပ်ငန်းကို ၂၀၁၆ ခုနှစ် ဩဂုတ်လက ပြည်သူ့ဗဟိုပြုစာတိုက်ဝန်ဆောင်မှုလုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်ဖို့ အစိုးရဌာန၊ အဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ခဲ့ပါတယ်။ ပြည်တွင်းနဲ့ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းကို မှတ်ပုံတင်စနစ်နဲ့ ဝန်ဆောင်မှုပေးခြင်း၊ ကိုယ်စားငွေကောက်ခံခြင်း(မိုဘိုင်းဖုန်းငွေဖြည့်ပေးခြင်း၊ လေယာဉ်၊ ကားလက်မှတ်၊ အမြတ်ခွန်နဲ့ အာမခံလုပ်ငန်း)၊ Online Shopping လုပ်ငန်းများအတွက် ပေးဝေခြင်းနဲ့ ငွေကောက်ခံပေးခြင်း၊ ဘဏ်လုပ်ငန်း ကိုယ်စားလှယ်ဆောင်ရွက်ခြင်း၊ Mobile Money လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စာတိုက်လုပ်ငန်းမှ ဝန်ဆောင်မှုပေးနိုင်မည့် မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပေးခြင်းတို့ ပါဝင်ပါတယ်။

၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းကာလတွေမှာ ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်တို့က လူစည်ကားတဲ့နေရာတွေမှာ Mobile Post Office ကို စတင်လုပ်ဆောင်ပေးခဲ့တဲ့အတွက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂရဲ့ ၂၀၁၈ ခုနှစ် အစီရင်ခံစာအရ မြန်မာ့စာတိုက်လုပ်ငန်းဟာ ၂၀၁၆ ခုနှစ်မှာ ဖွံ့ဖြိုးမှုအဆင့်က ၁၂၆ ကနေ ၂၀၁၈ ခုနှစ်အကုန်မှာ အဆင့် ၉၁ သို့ တိုးတက်အောင်မြင်ခဲ့တာကို တွေ့ရှိရပါတယ်။

**မေး။ ။ မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကနေ အစိုးရသစ်ရဲ့ တတိယ တစ်နှစ်တာအတွင်း ဖြတ်သန်းမှုကို ပြောပြပေးပါဦးရှင့်။**

**ဖြေ။** ။ မုန်တိုင်းတွေရဲ့တည်နေရာ၊ ပြင်းအားနဲ့ ရွေ့လျားမှုလမ်းကြောင်းတွေကို အချိန်နဲ့တစ်ပြေးညီ ထောက်လှမ်းပေးတဲ့အပြင် သတင်းပေးချက်တွေကို အခါမလပ် ထုတ်ပြန်နိုင်ဖို့အတွက် မိုးလေဝသရေဒါ သုံးလုံးကို ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်တွေမှာ ကျောက်ဖြူ၊ ရန်ကုန်နဲ့ မန္တလေးတို့မှာ တပ်ဆင်ခဲ့ပါတယ်။ မုန်တိုင်းဖြစ်ပေါ်မှုတွေကို ၁၅ မိနစ်တစ်ကြိမ် ရှာဖွေထောက်လှမ်းနေပြီး မြန်မာနိုင်ငံတစ်ဝန်း လွှမ်းခြုံနိုင်ဖို့အတွက် ထားဝယ်မြို့မှာ မိုးလေဝသရေဒါ တစ်လုံး ထပ်မံတပ်ဆင်နိုင်ဖို့ ဂျပန်နိုင်ငံနဲ့ ညှိနှိုင်းနေပါတယ်။ နိုင်ငံတစ်ဝန်း အစိုးရရဲ့ သက်တမ်းသုံးနှစ်တာအတွင်းမှာ မိုးလေဝသစခန်း နှစ်ခု၊ ဇလဗေဒစခန်း နှစ်ခုနဲ့ မြေငလျင်စခန်း ငါးခုကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

**ကျေးဇူးတင်ပါတယ်ရှင့်။**

## သကြၤန်ကာလ အားလပ်ရက်အတွင်း တစ်ခေါက်တစ်ခါအရောက်လာခဲ့ပါ
## ရှမ်းတို့ဌာနေမှ စိမ်းလန်းသာယာ ဟိုက်ပါရှာရေတံခွန်သို့



**အယ်လ်စိုင်း(ရှမ်းအညာမြေ)**

စိမ်းလန်းစိုပြည်ဟိုက်ပါမြေ သို့မဟုတ် ဟိုက်ပါ ရေတံခွန်၏ အလှတရားက နွေ၊ မိုး၊ ဆောင်းရာသီမရွေး ရှမ်းတို့ဌာနေရှိ သဘာဝတောင်တန်းများအကြား ရေတံခွန်စီးကျသံ၊ စိမ်းလန်းသောရေ၊ မြေ၊ သစ်ပင်သစ်တောများနှင့် ကျေးငှက်သာရကာမြည်သံ၊ ဥသြတွန်သံတို့ဖြင့် ထာဝရသာယာလှပလျက်ရှိပေသည်။

မကြာမီသင်္ကြန်ကာလသို့ ရောက်တော့မည်။ အားလပ်ရက် ခရီးသွားကြတော့မည်။ နိုင်ငံ့ဝန်ထမ်းများအချို့က အိမ်ပြန် အပန်းဖြေကြတော့မည်။ နေရပ်ဌာနီ မိဘ၊ ညီအစ်ကိုမောင်နှမ၊ မိသားစုဆွေမျိုးသားချင်းများနှင့် ပြန်လည်ဆုံတွေ့ကြတော့မည်။ ထို့အပြင် တချို့သောသူတို့က ကောင်းနိုးရာရာ၊ စိတ်ကူးရှိရာ၊ ဆန္ဒရှိရာ၊ မိမိတို့သွားလိုသော မရောက်ဖူးသေးသော နေရာဒေသအသီးသီးသို့ အပန်းဖြေဒေသန္တရခရီးသွားကြရတော့မည်။

ထိုသို့သော အားလပ်ရက်အတွင်း ဒေသအလိုက် အထင်ကရအပန်းဖြေစခန်းများရှိရာ တစ်နေရာရာသို့ သွားရောက်လည်ပတ်ခြင်းဖြင့် နွေသင်္ကြန်အား ဖြတ်သန်းသွားကြပေဦးတော့မည်။

သို့ဖြစ်၍ နိုင်ငံတစ်ဝန်း အပန်းဖြေစခန်းများအမြောက်အမြားရှိသည့်အနက် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် ဟိုက်ပါကျေးရွာအနီးရှိ “ဟိုင်းပါ”ရေတံခွန်သည် ယခုအခါ လာရောက်လည်ပတ်သူများ ပိုမိုများပြားစည်ကားလာပြီဖြစ်ကာ ရှမ်းပြည်နယ်၏ အထင်ကရသာယာလှပသည့် နေရာလေးတစ်နေရာအဖြစ် လူသိများလာပြီဖြစ်ကြောင်း ဟိုက်ပါကျေးရွာနေ ဒေသခံရှမ်းတိုင်းရင်းသားတို့က ပြောသည်။

“သင်္ကြန်ကာလလည်း နီးလာပြီဆိုတော့ ကျွန်မတို့ဈေးသည်တွေက ကြိုတင်ပြင်ဆင်ထားကြပြီလေ။ ဟိုက်ပါရေတံခွန် အပန်းဖြေစခန်းဖြစ်လာတာ လေးနှစ်လောက်ပဲရှိပါသေးတယ်။“ဟိုက်ပါ” ရှမ်းစကားအခေါ်ဖြစ်တယ်။ ကျွန်မတို့နေထိုင်တဲ့ ဟိုက်ပါရွာကိုကိုယ်စားပြုခေါ်ဆိုတာဖြစ်ပြီး ငါးပေါ်များတဲ့နေရာ၊ တစ်နည်းအားဖြင့် ငါးများစံပျော်ရာစိမ်းလန်းသာယာသောရေတံခွန်(ခ)ရေကန်နေရာလို့ မြန်မာလို အဓိပ္ပာယ်ရပါတယ်”ဟု ဟိုက်ပါရွာသူရွာသားများက ပြောသည်။

အထူးကဏ္ဍ [ ခ ] သို့ »»

## တိုင်းဆာ(မိုင်းသာရှမ်း)တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာပန်းပဲလုပ်ငန်းခွင်သို့ တစေ့တစောင်း

**စိုင်းဇော်လတ်( လင်းခေး)**

ဝိုင်းမော်မြို့သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ တစ်ဖက်ကမ်းတွင် တည်ရှိသော မြို့ကလေးဖြစ်သည်။ ဧရာဝတီမြစ်ကူးတံတား(ဗလမင်းထင်)ကို ဖြတ်ကျော်ကာ ၁၂ မိုင်ခရီးအကွာသွားလျှင် ဝိုင်းမော်မြို့သို့ ရောက်ရှိသည်။

မြစ်ကြီးနား-ဗန်းမော်-ပူတာအိုသွားရာ လမ်းမကြီးပေါ်တွင် တည်ရှိသောမြို့တစ်မြို့ဖြစ်သောကြောင့် စည်ကားသာယာလှပသော မြို့တစ်မြို့ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများပေါင်းစုံ အေးအတူ ပူအမျှ စုပေါင်းမှီတင်းနေထိုင်ရာဒေသမြို့ဖြစ်သည်။ ကချင်ပြည်နယ်အတွင်း မျှတသည့်ရာသီဥတုရှိပြီး စိုက်ပျိုးရေးကောင်းမွန်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့်အနေအထားရှိသော မြို့တစ်မြို့၊ အသွားအလာ အချက်အချာကျသည့် မြို့တစ်မြို့ဟု ဆိုနိုင်ပါပေသည်။ ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော ရှမ်းတိုင်းရင်းသားလူမျိုးစု ငါးမျိုးအနက် တိုင်းဆာ(မိုင်းသာရှမ်း)လူမျိုးစုများသည်လည်း ဝိုင်းမော်မြို့၌ များစွာနေထိုင်လျက်ရှိကြသည်ကို လေ့လာတွေ့ရှိရသည်။

သို့ဖြစ်ပါ၍ စာရေးသူသည် ကချင်ပြည်နယ် ဝိုင်းမော်မြို့ရှိ တိုင်းဆာ(မိုင်းသာရှမ်း)တို့ အများဆုံးနေထိုင်ရာ ပန်းပဲတန်းရပ်ကွက်ရှိ ရိုးရာပန်းပဲလုပ်ငန်းအား ကိုယ်တိုင်လုပ်ကိုင်နေသူ ဦးရွှေကော်၏ လုပ်ငန်းခွင်သို့ရောက်ရှိခဲ့ရာမှ လေ့လာသိရှိခဲ့ရသည့် တိုင်းဆာတို့၏ ရိုးရာပန်းပဲလုပ်ငန်းအကြောင်း သိကောင်းစရာအနည်းငယ်ကို တင်ပြလိုက်ပါသည်။

အထူးကဏ္ဍ [ ဂ ] သို့ »»





»» အထူးကဏ္ဍ [ က ] မှ

ရေတံခွန်ဖြာကျဆင်းရာသည် ကျယ်ပြန့်လှသည်။ ကျောက်ဖျာသဖွယ် ရေတံခွန်အဆင့်ဆင့်စီးဆင်းနေသည့် သဘာဝအလှက လာရောက် လည်ပတ်ကြသူတိုင်းအား ဆွဲဆောင်စေသည်။

**ပုစွန်၊ ငါးများပေါသည့်''ဟိုက်ပါ''**

ဆိုခဲ့သည့်အတိုင်း ဤရေတံခွန်ကျဆင်းရာ ရေကန်၌ ပုစွန်နှင့်ငါးမျိုးစုံ ပေါများသည်။ တံငါလှေဖြင့် နေ့စဉ် ငါး၊ ပုစွန် ရှာဖွေသူများကိုလည်း တွေ့ရသည်။ ပုစွန်ကြော်၊ ငါးကြော် အမျိုးမျိုးကိုလည်း ရောင်းချလျက်ရှိကြသည်။ ၁၀ ကောင် ခန့်ပါသော ပုစွန်ကြော် တစ်ပွဲလျှင် ငွေကျပ် ၅၀၀၀၊ ငါးအမျိုးမျိုး၊ အကင်၊ အကြော်လေးကောင်၊ ငါးကောင်ခန့်ပါ တစ်ပွဲလျှင် ငွေကျပ် ၃၀၀၀၊ ၄၀၀၀မှ ၅၀၀၀ အထိ ရောင်းချကြသည်။

ငါးအကောင်ကြီး တစ်ကောင်လျှင် ငွေကျပ် ၅၀၀၀မှ ၁၀၀၀၀ အထိရှိပြီး ခေါက်ဆွဲ၊ အသုပ်မျိုးစုံ၊ ထမင်းဟင်းများနှင့် သစ်သီးဖျော်ရည်မျိုးစုံ အရောင်းဆိုင်များဖြင့် ယခုအချိန်သမယ၌ အထူးစည်ကား သာယာလျက်ရှိသည်ကို လေ့လာမြင်တွေ့ခဲ့ရသည်။

ပိုက်စိပ်တိုက်ခြင်းဖြင့် ငါး၊ ပုစွန်တို့ ရှာဖွေရရှိကြောင်း၊ အကြီး၊ အလတ်၊ အသေး အစားစား ငါးပုစွန်များ ဖမ်းယူရရှိကြပါကြောင်း ကိုယ်တိုင်ရှာ ကိုယ်တိုင်ငါးဖမ်းကြသူများထံမှ သိရသည်။ လွန်ခဲ့သည့် ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိသော ရေတံခွန်ဖြစ်ကြောင်း၊ သို့သော် ထိုအချိန်က နေရာဒေသ အခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းတို့ကြောင့် လူအများ မသိရှိနိုင်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ''အခုလိုအပန်းဖြေစခန်းတစ်ခုအနေနဲ့ လူတွေမလာရောက်နိုင်ခဲ့ကြသေးဘူး။ လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်လောက်က စပြီးမှ လူသိများလာပြီး အလည်လာသူတွေ တဖြည်းဖြည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပါတယ်။ အဲဒီတုန်းကတော့ လာရောက်လည်ပတ်သူတွေအတွက် ရိုးရိုးလေးပါပဲ။ ခဏတဖြုတ်လည်ပတ်၊ ရေဆော့ကစားကြရုံလောက်ပဲရှိခဲ့ကြတယ်။ အဲဒီနောက်ပိုင်းကနေ သုံးလေးနှစ်အတွင်း ပြည်တွင်းခရီးသွားများသာမက ကမ္ဘာလှည့်ခရီးသွားများကပါ စိတ်ပါဝင်စားစွာ လာရောက်လေ့လာ အပန်းဖြေလာခဲ့ကြပါပြီ'' ဟု ဈေးရောင်းချသူ ဟိုင်းပါရွာသူ ဒေါ်နန်းမွေက ပြောသည်။

ထိုသို့ ဟိုက်ပါရေတံခွန်တည်ရှိရာသို့ ခရီးနှင်မည်ဆိုပါက ရေတံခွန်သည် နမ့်စန်-ခိုလမ်-မိုင်းနောင်-မိုင်းရှူးပြည်ထောင်စု လမ်းမကြီး၏ လက်ယာဘက် လမ်းခွဲမှအတွင်းဘက် ဟိုင်းပါ(ဟိုက်ပါ)ရွာနှင့် ခြောက်မိုင်ခွဲခန့်အကွာ လယ်ကွင်းအစပ်တောင်ခြေအနီးတွင် တည်ရှိသည်။

**ဟိုင်းပါ(ခ)ဟိုက်ပါသို့ သွားသော်**

ရပ်ဝေးခရီးသွားများအနေဖြင့် မိမိဒေသမှ တောင်ကြီးခရီးစဉ် စတင်လာနိုင်ပြီး တောင်ကြီးမှ လွိုင်လင် ၅၈ မိုင်၊ လွိုင်လင်မှ နမ့်စန်၁၆မိုင်၊ နမ့်စန်မှ ခိုလမ် ၃၂ မိုင်၊ ခိုလမ်မှ မိုင်းနောင် ၄၆ မိုင်နှင့် မိုင်းနောင်မြို့မှ မိုင်းရှူးမြို့သို့ ၃၇ မိုင်ခရီးတို့အား ဖြတ်သန်းမောင်းနှင်လာရပါသည်။ လမ်းခွဲများလည်းရှိသည်။

မိုင်းနောင်-ဟိုက်ပါလမ်းခွဲ ၂၇မိုင်၊ မိုင်းရှူး-ဟိုက်ပါလမ်းခွဲ ၁၀မိုင်ရှိပြီး ဟိုက်ပါလမ်းခွဲမှ ရေတံခွန်အထိ ခြောက်မိုင်ကျော် ကွာဝေးကြောင်း သိရသည်။



အပန်းဖြေလာရောက်သူတို့ ညအိပ်ညနေအစီအစဉ်ဖြင့် နှစ်ည၊ သုံးညအိပ် အနားယူ အပန်းဖြေကြသူများလည်း ရှိသည်။ ရေတံခွန်အထပ်ထပ်၊ တောင်ကျစမ်းရေများနှင့် နွယ်မြက်သစ်ပင် အစုံအလင်တည်ရှိကာ အေးမြသည့် သဘာဝလေကောင်းလေသန့်တို့ကို ရေတံခွန်ဇရိယာပတ်ဝန်းကျင်တစ်ခွင် လှည့်လည်ခံစားနိုင်သော နေရာတစ်ခုဖြစ်သည်။

ယင်းသို့ လှပသာယာသော ဟိုင်းပါရေတံခွန်သို့ ရောက်ရှိလာကြသူတိုင်းက ''စိမ်းလန်းစိုပြည်ဟိုင်းပါမြေ'' ''စိုပြည်လှပဟိုင်းပါ အလှ''ဟု ခံစားသမုတ်ကြလေသည်။

ရှမ်းပြည်နယ်၏ အကြီးဆုံးနှင့် အကျယ်ပြန့်ဆုံးရေတံခွန်ဟုလည်း ဆိုကြ၏။ သီတင်းကျွတ်၊ တန်ဆောင်မုန်း ပွင့်လင်းရာသီကာလမှစကာ ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့) ပွဲတော်ရက်အထိ ဤဟိုင်းပါရေတံခွန်စခန်း၌ လာရောက်လည်ပတ် အပန်းဖြေသူများနေ့စဉ်မပြတ် နေ့ညစည်ကားလျက်ရှိနေပြီဖြစ်ကြောင်း မြင်တွေ့ခဲ့ရပါသည်။

ညအိပ်ခရီးစဉ်ဖြင့် အပန်းဖြေသူများ အနေဖြင့် ရေတံခွန်ရေကို အဝချိုး၊ ရေကစားခြင်း၊ အပျော်စီးလှေစီးခြင်း မှတ်တမ်းဓာတ်ပုံ ဗီဒီယိုများ အမှတ်တရရိုက်ကူးခြင်းစသည်ဖြင့် အနားယူအပမ်းဖြေကြသည်။

**အပမ်းဖြေညအိပ်နေသူတို့အတွက်**

စောင်၊ ခေါင်းအုံးနှင့် အခင်းအကျင်းပြည့်စုံလုံလောက်သော အိပ်ရာများကို အခကြေးငွေဖြင့် ငှားပေးသည်။ ခြင်ထောင်မလို(အလုံအသင့်ချုပ်ပြီး)မိုးကာတဲများ ထားရှိပေးသည်။ တစ်ညလျှင် လူကြီးတစ်ဦး ၅၀၀၀၊ တစ်ဦးချင်း၊ မိသားစုအလိုက် အိပ်ရာများဖြစ်ပြီး ကလေးသူငယ်များပါရှိလျှင် အခကြေးငွေမယူသည့် အိပ်ဆောင်တန်းလျား တည်ဆောက်ထားသည်။

(အိပ်ခန်းဆောင် သီးသန့်မဟုတ်)အသင့်သုံး မိုးကာဖျဉ်တဲများဖြစ်သည်။ ဈေးဆိုင်ခန်းပေါင်း တစ်ရာကျော် နှစ်ရာနီးပါးခန့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယင်းဈေးဆိုင်ခန်းများ တည်ဆောက်ရောင်းချရန် မြေနေရာအကွက်အား ဟိုက်ပါရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ တာဝန်ရှိသူတို့က ကျေးရွာတွင်းလမ်းကျေးရွာမှ ရေတံခွန်သွားလမ်း တည်ဆောက်ရေးရန်ပုံငွေအဖြစ် အသုံးပြုရန် ယခုကဲ့သို့ အပန်းဖြေစခန်း ဈေးဆိုင်ခန်းများကို ခွင့်ပြုတည်ဆောက်စေခဲ့ခြင်း ဖြစ်ကြောင်း ဈေးသည် ဒေါ်နန်းမွေ(ဟိုက်ပါရွာသူ)၏ ပြောပြချက်အရ သိရသည်။

ဆိုင်ခန်းတစ်ခန်းလျှင် နှစ်သောင်းခွဲ၊ သုံးသောင်းမှ အများဆုံး ငါးသောင်းရှိပြီး ဆိုင်ခန်းမြေနေရာအကျယ်အဝန်း သတ်မှတ်ချက်အလိုက်ဝယ်ယူကာ မိမိတို့ကိုယ်တိုင် အကုန်အကျခံ ဆောက်လုပ်ရောင်းချခွင့်ပြုထားပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။

**အပျော်စီးစက်လှေဆိပ်**

''ဟေးငင်း..ဟေးခမ်း..ဟေးဆိုင်..ဝမ်ဟိုင်းပါ''ဟု ရေးသားထားသော ဆိုင်းဘုတ်။ မြန်မာဘာသာအားဖြင့် ဟိုက်ပါရွာရေတံခွန်မှ ရွှေလှေ၊ ငွေလှေ၊ ကျောက်လှေ လှေဆိပ်ဟု အဓိပ္ပာယ်ရသည့် အပျော်စီးလှေ လှေဆိပ်ရှိပြီး စက်လှေများ အတန်းလိုက်အစီအရီ အသက်ကယ်(ရေမြုပ်ဖော့ပါ) အင်္ကျီများငှားရမ်းပေး၏။ ရေတံခွန်ကန်အတွင်း အပျော်လှည့်လည် လည်ပတ်ခြင်းနှင့် ရေတံခွန်အဖျားပိုင်းကို အနီးကပ်သွားရောက် ကြည့်ရှုလေ့လာနိုင်သည်။ အပျော်စီးလှေ လူတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ ပေးရသည်။ အော်ဒါဈေးတစ်သောင်း၊ တစ်သောင်းခွဲအထိ ခရီးသည်အနည်းအများပေါ်မူတည်၍ စက်လှေသမားများအား အခကြေးငွေပေးကြရသည်။ စိတ်ကြိုက် စက်လှေငှားစီးနိုင်သည်။

စာရေးသူက''စက်လှေတွေကို ဘယ်မှာမှာယူပါသလဲခင်ဗျ''ဟု အနည်းငယ် စပ်စုကြည့်လိုက်မိသည်။

''အင်းလေးဒေသက ကျွမ်းကျင်သူ လှေလုပ်ပညာရှင်တွေကို လက်ခပေးစနစ်နဲ့ ဟိုက်ပါရွာထဲမှာပဲ တည်ဆောက်ရပါတယ်'' ဟု လှေပိုင်ရှင်တစ်ဦးက ဖြေကြားသည်။ ''သစ်သားတွေကိုတော့ တောထဲကရှာဖွေယူလာရတယ်၊ ကိုယ်တိုင်သွားခုတ်တာများပါတယ်။ စက်လှေတစ်စင်း အပြီးအစီးကုန်ကျစရိတ်မှာ အနည်းဆုံးရှစ်သိန်းကိုးသိန်းကနေ အများဆုံး ဆယ်သိန်းအထက်ရှိပါတယ်''ဟု စက်လှေပိုင်ရှင် အချို့က ပြောသည်။ မည်သို့ပင်ဆိုစေကာမူ တိုးတက်ပြောင်းလဲလာသော ယနေ့ အိုင်တီခေတ်စနစ်နှင့်အညီ ဆယ်စုနှစ် ကာလတစ်ခုအတွင်း လူတိုင်းလူတိုင်း ခရီးသွားခြင်းဖြင့် လူပင်ပန်း၊ စိတ်ပင်ပန်းနွမ်းလျလျက်ရှိသော ဘဝအမောတွေကို အပန်းဖြေကြသည့် ခေတ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ ဘာသာရေး နေ့ထူးနေ့မြတ် အခါကြီးရက်ကြီးကာလများနှင့် ခရစ္စမတ်ချိန်ခါ၊ နှစ်သစ်ကူးပွဲတော်ကာလတို့တွင်သာမက အစိုးရရုံးပိတ်ရက် အားလပ်ရက်များတွင်လည်း အနယ်နယ်အရပ်ရပ်ရှိ အထင်ကရ အပန်းဖြေစခန်းများသို့ ခရီးသွားခြင်းက ယခင်ခေတ်ကာလများထက် ပိုမိုထင်ဟပ်ပေါ်လွင်လာခဲ့ပြီ ဖြစ်ပေသည်။ ထို့ကြောင့် မကြာမီရောက်ရှိလာတော့မည့် အတာကူးသည့် လတန်ခူးသင်္ကြန်ကာလ အားလပ်ရက်မှာ တစ်ခေါက်တစ်ခါလှမ်းလာခဲ့ပါ ''ဟိုက်ပါရွာ'' ဟိုက်ပါရေတံခွန် အပန်းဖြေစခန်းသို့ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။



**ဖိတ်ခေါ်ပါသည်**

**ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

**[စာတည်း]**

»»» အထူးကဏ္ဍ [ က ] မှ

"ကျွန်တော်တို့ တိုင်းဆာ(မိုင်းသာရှမ်း) လူမျိုးတွေရဲ့ ရိုးရာလက်မှုပညာဖြစ်တဲ့ ပန်းပဲထုတဲ့ လုပ်ငန်းဟာ ဟိုးရှေးဘိုးစဉ်ဘောင်ဆက် ကာလကတည်းက လုပ်ကိုင်ခဲ့ကြတာပါ။ ကျွန်တော်တို့ထုလုပ်တဲ့ ပန်းပဲပစ္စည်းတွေကတော့ လွယ်ဓားရှည်၊ တောင်ယာခုတ်ဓား၊ လယ်ယာသုံးတံစဉ်၊ မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်နဲ့ အသားငါးလှီးဓား အရွယ်အစားအမျိုးမျိုးတွေကိုထုတ်လုပ်ပါတယ်။ ပြီးတော့ ထင်းခွေ၊ ထင်းခုတ်ဓားမတွေလည်း ထုလုပ်ကြပါတယ်"ဟု ပန်းပဲထုလုပ်မှုပစ္စည်း အမျိုးအစားများနှင့်ပတ်သက်၍ ဦးရွှေဘော်က ပြောကြားသည်။

"ဝိုင်းမော်မြို့ကို ရောက်ရှိလာခဲ့ရင် မြို့လယ်မီးပွိုင့်တွေ့မယ်။ အဲဒီကနေလက်ယာဘက်ချိုး ဆက်သွားပါက မြစ်ဆိပ်လမ်းဘက်မှာ ပန်းပဲတန်းဆိုတာတွေ့မယ်။ အဲဒီမှာ မိုင်းသာရှမ်းရိုးရာပန်းပဲလုပ်ငန်းကို လုပ်ကိုင်နေကြသူတွေ စုစည်းနေကြတဲ့နေရာပါပဲ"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ထို့နောက် ပန်းပဲလုပ်ငန်းရှင် ဦးရွှေဘော်သည် ၎င်း၏အလုပ်ရုံ၌ ပန်းပဲထုလုပ်ပုံအဆင့်ဆင့်အား လက်တွေ့ပြသပေးခဲ့ရာတွင် ပန်းပဲထုလုပ်ရန် ကားလေးသံကို



အသုံးပြုရ၏။ သံထည်ပစ္စည်းအရောင်းဆိုင်မှ ဝယ်ယူရသည်။ လုပ်ငန်းစတင်ရန် အိပ်ရာမှ နံနက်စောစောထရသည်။ အရုဏ်တက်စ လုပ်ငန်းစရပါကြောင်း၊ "နံနက်အရုဏ်တက်လာပြီ ပန်းပဲဆရာ အလုပ်စတင်သည် ဓားကောင်းတစ်လက်ရဖို့အတွက် ပန်းပဲဖိုထဲ မီးတွေထည့်၊ မီးတောက်လာတော့ သံကိုဖုတ် (မီးစားခြင်း) ရဲလာပြီဆို ထုဖို့လို သံရဲကြီးကို ပေတုံးပေါ်တင် အားနဲ့အင်နဲ့ ဝိုင်းထုလို့သာပင်"ဟူသည့် ပန်းပဲထုကဗျာလေးအား သူရွတ်ဆိုပြလျက် ရိုးရာပန်းပဲလုပ်ခြင်းအား လက်တွေ့ လုပ်ကိုင်ပြသပေးခဲ့သည်မှာ "တိုင်းဆာ"မိုင်းသာရှမ်းတို့၏ ရိုးရာပန်းပဲပညာကို ပိုမိုထင်ဟပ်ပေါ်လွင်စေပါသည်။

ထိုသို့ထုလုပ်ကြရာ၌ သံကို တစ်မီး၊ နှစ်မီး၊ သုံးမီးဖုတ်ရသည်။ ပထမဦးဆုံး ဓားပုံပေါ်လာစေအောင် ပုံသွင်းထုရသည်။ ပုံကြမ်းစထုခြင်းဖြစ်သည်။ ဆက်လက်၍ ပုံကြမ်းထုတ်ထားပြီး ဓားအား ဓားသွားပါး (ထက်မြက်စေရန်)ကိုက်ဆွဲရသည်။ ကိုက်(ဂိုက်)ဆွဲအပြီး အသွားထက်ထက်ရရန် တံစဉ်းတိုက်ရသည်။ ဓားချောသပ်ခြင်းဟုဆိုသည်။

ထိုသို့ အချောသပ်ကိုင်တွယ်ပြီး ဓားသံကိုရေဆေးရသည်။ ဆေးသားတင်ပေးရသည်။ ဆေးသားတင်သော ပန်းပဲဓားက ပို၍ထက်သည်။ လှပသည်။ ထိုအခါ လိုရာသုံးဓားကောင်းတစ်လက်ဖြစ်လာသည်။ ထုလုပ်ပြီးပန်းပဲဓားတစ်လက် အနည်းဆုံး ၁၀၀၀၊ ၂၀၀၀၊ ၃၀၀၀ ဈေးနှုန်းအစားစား၊ ဓားအမျိုးအစားပေါ်မူတည်ကာရောင်းချကြရကြောင်း၊ ဖောက်သည်ယူသူ၊ လက်လီလက်ကားရောင်းချသူ၊ အော်ဒါမှာယူသူ စသည်တို့ဖြင့် ရှေးယခင် ဘိုးဘွားခေတ်မှသည် မျက်မှောက်ခေတ်ယနေ့တိုင်အောင် "အကောင်းဆုံးပန်းပဲဓားငါတို့တိုင်းဆာပန်းပဲဓား"ဟု ခံယူလျက် ကချင်ပြည်နယ် ဝိုင်းမော်မြို့နေ တိုင်းဆာခေါ် မိုင်းသာရှမ်းတိုင်းရင်းသားလူမျိုးတို့၏ ရှေးရိုးရာ ပန်းပဲလုပ်ငန်းအကြောင်း တစေ့တစောင်းအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။

❐

# ရခိုင်ရိုးရာသင်္ကြန်ပွဲတော်

မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)

တန်ခူးလသည် မြန်မာလများ၏ အဦးအစလဖြစ်သည်။ နွေရာသီတွင် ကျရောက်သဖြင့် ပူပြင်းခြောက်သွေ့သည်။ တန်ခူးရေကုန် ကဆုန်ရေခန်းဆိုသည်နှင့်အညီ အင်း၊ အိုင်၊ ချောင်း၊ မြောင်းများ ရေခန်းခြောက်စပြုကြသည်။ တိုင်းရင်းသားလူမျိုးတို့သည် နွေရာသီကိုအန်တု၍ နှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာ ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြသည်။ တန်ခူးလကို မြန်မာမှုအရ မိဿရာသီခေါ်၍ ထိုလတွင် စန်းပြည့်နက္ခတ်မှာ စိတြနက္ခတ်ဖြစ်သည်။ ယှဉ်သောတာရာမှာ တံငါတာရာဖြစ်၍ ရာသီပွဲတော်ကား နှစ်သစ်ကူးသင်္ကြန်ပွဲတော်ဖြစ်သည်။ တန်ခူးလကို ပုဂံခေတ်တွင် တန်ခူဟူ၍ ရေးသားသည်။ အင်းဝခေတ်သို့ရောက်မှသာ တန်ခူးဟု ရေးသားသည်။ တန်ပုဒ်သည် ပါဠိဘာသာ တာလပုဒ်မှ ဆင်းသက်လာ၍ ထန်းအဓိပ္ပာယ်ဖြစ်သည်။ ခူးပုဒ်သည် ပန်းခူး ဟင်းရွက်ခူး၊ ဆွတ်ခူးစသည့် ဝေါဟာရတို့တွင် ပါဝင်နေရာ ဆွတ်ခြွေခြင်း အဓိပ္ပာယ်ဖြစ်သည်။ တန်ခူး(ထန်းခူး)လဆိုသည်မှာ ထန်းသီးဆွတ်ခြွေသောလ အဓိပ္ပာယ်ဖြစ်သည်ဟု ဦးဖိုးလတ်၏ မြန်မာလ အမည်များကျမ်းတွင် အကျယ်တဝင့် ရှင်းလင်းရေးသားထားသည်။

သင်္ကြန်သည် သင်္ကန္တဟူသော ပါဠိပုဒ်မှ လာသည့် သက္ကတရရစ်သံနှင့် သင်္ကြန်ဟူသော မြန်မာစကား ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သင်္ကန္တ၏အနက်မှာ ကူးပြောင်းခြင်း၊ တစ်နေရာမှတစ်နေရာသို့ ရောက်ရှိခြင်းဟူ၍ ဖြစ်သည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားတို့၏ ကျင်းပမြဲဖြစ်သော ဆယ့်နှစ်လရာသီပွဲတော်များတွင် သင်္ကြန်ရေသဘင်ပွဲတော်သည် အလွန်ကြီးကျယ်စည်ကားသော အမျိုးသားပွဲတော်တစ်ခုဖြစ်ပေသည်။ တိုင်းရင်းသားလူမျိုးတို့၏ နှစ်သစ်ကူးသင်္ကြန်ပွဲသည် ရှေးယခင်ကာလများတွင် မိဘဆရာသမားများနှင့် သက်ကြီးဝါကြီးများကို သနပ်ခါး နံ့သာရည်များ၊ သပြေခက်ကလေးများဖြင့် ကန်တော့ကြသည့် အလေ့အထရှိခဲ့ကြသည်။ ယခုအခါတွင်တော့ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အလွန်အကြူး အပြန်အလှန်ရေကစားမှုများ၊ အားကစားစိတ်ဓာတ်သဘောမျိုးဖြင့် အပြိုင်အဆိုင်စကားနိုင်သံချပ်များနှင့် ပျော်ရွှင်ပွဲသဖွယ် ဆင်နွှဲမှုများဖြစ်သည်။

ပုဂံခေတ် နရသီဟပတေ့မင်းလက်ထက် မိဖုရားစောလုံအား ရေပက်ကစားရာ ရွှဲရွှဲ



စိုအောင် ရေပက်ဖျန်းကာ အကျီစားလွန်သဖြင့် စောလုံစိတ်ဆိုးသဖြင့် ဘုရင့်အပေါ်သေကြောင်းကြံသောကြောင့် နောက်ဆုံး စောလုံအသတ်ခံရသည်ဟူသော ဖြစ်ရပ်အရ သင်္ကြန်ရေကစားသည့် ဓလေ့သည် ပုဂံခေတ်ကပင်ရှိခဲ့ပြီဟု မှတ်ယူဖွယ်ရှိနိုင်ပေသည်။ ထိုအတိတ်သမိုင်းဖြစ်ရပ်ကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက သင်္ကြန်ဘွဲ့လေးချိုးရေးစပ်၍ အများပြည်သူတို့ အကျီစားသန်ပါကရန်ဖြစ်တတ်ကြောင်းကို 'ဩော် ပြန်လှန်ဆပြန်တော့ သင်္ကြန်ကျချိန်ပေ့၊ ယမန်သမယဆီက၊ ပုဂံသမ္ဘတ ရှင်ဘုရင်သား မြွာသပါပဲ၊ ဆောင်းမှန္တေအလယ် ဘုန်းတောင်ရောင်ပြနေကျ၊ မောင်းမရွှေညီ မဟေသီသုံးထောင်ကျော်မျှရယ်နှင့် သည်လနွေရာသီမှာဖြင့် ဆွေသဟာမဒီတွေကို အချစ်စမ်းလိုတဲ့အားရယ်နဲ့၊ ရောဝတီမြစ်ကမ်း၊ တခိုသို့သွားပါလို့၊ ရွှေနန်းအစဉ်အလာ ရေဖျန်းမင်္ဂလာကစားစဉ်က ချစ်အားတော်ဗလောင်ဆန်လို့ တဆောင်စံ'စောလုံ'ပက်စဉ်က သွက်သွက်လည်ကြမ္မာငင်ဖို့ ရက်စက်တယ်ခမျာထင်လို့မို့ အစာတွင် အဆိပ်သေမယ့်ဆေးရယ်နဲ့ မဟာဘုရင်ကို တိတ်တိတ်သေဟဲ့လို့ ကျွေးလေတော့၊ ဖြစ်ရေးတော် ရာဇဝင်ကယ်နှင့် ကွပ်ညှပ်ပုံတစ်အာဏာကြောင့်၊ ခမျာမှာ ခန္ဓာတောင် ဆုံးရှာသတဲ့' ဟု ရေးစပ်ခဲ့ပါသည်။

မြန်မာနှစ်သစ်ကူး သင်္ကြန်ကျချိန်သည် ပူအိုက်သောလရာသီဖြစ်သဖြင့် ရေပက်ဖျန်းခြင်းသည် အေးမြစေလို၍ ဖြစ်သည်။ တစ်ဖက်သားအား အရုက်တကွဲ အကျိုးနည်းစေလိုခြင်း၊ ကာယိန္ဒြေပျက်စေလိုခြင်း၊ နစ်နာစေလိုခြင်း စသည့် မည်းညစ်သောစိတ်ထား၊ ရည်ရွယ်ချက်များ အလျှင်းမပါရှိကြပေ။ ဖြူစင်သန့်ရှင်းသော စေတနာဖြင့် တစ်ဖက်သား ချမ်းမြေ့ရွှင်လန်းစေရန် ရေပက်ဖျန်းခြင်းသာ ဖြစ်ပါသည်။ နှစ်သစ်ကူး သင်္ကြန်ပွဲတော်သည် မြန်မာတို့၏ဖြူစင်သော စေတနာအလှ၊ မွန်မြတ်သန့်စင်သော သဒ္ဓါတရားအလှ၊ ဖော်ရွေပျူငှာသော မနောအလှတို့ကို ပြသသော ယဉ်ကျေးမှုပွဲတော်လည်း ဖြစ်သည်။ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာနှစ်သစ်ကူး ရေသဘင်ပွဲတော်များတွင် ကျွန်တော်တို့ ရခိုင်လူမျိုးတို့၏ ရိုးရာနှစ်သစ်ကူးရေသဘင်ပွဲတော်သည်က မည်သည့်တိုင်း၊ ပြည်နယ်တို့တွင်မှ မရှိသော ရေကစားနည်းများဖြင့် အတာရေသဘင်ကို အေးချမ်းစွာ ဆင်နွှဲခဲ့ကြပေသည်။

ရခိုင်လူမျိုးတို့တွင် ဆယ့်နှစ်လရာသီပွဲတော်များအနက် တန်ခူးလ(ဧပြီလ)တွင် ကျင်းပသော သင်္ကြန်ပွဲတော်သည် တစ်မူထူးခြားသည့် ရိုးရာနှစ်သစ်ကူးရေသဘင်ပွဲတော်ဖြစ်သည်။ ပွဲတော်ကျင်းပရေးအတွက် ရက်အနည်းငယ်ခန့်အလိုကပင် မြို့လုံးကျွတ် ရပ်ကွက်တိုင်း၌ မဏ္ဍပ်ကြီးငယ်များ ဆောက်လုပ်ကြရပါသည်။

ရှေးဦးစွာ သင်္ကြန်အကြိုနေ့ရောက်သည်နှင့် အမျိုးသား၊ အမျိုးသမီးများစုပေါင်း၍ ဘုရားရေသပ္ပာယ်ရန် နံ့သာဖြူ၊ နံ့သာနီများကို တပျော်တပါး သွေးကြလေ့ရှိသည်။ ယင်းနေ့ကို 'နံ့သာသွီးနိ' (နံ့သာသွေးနေ့)ဟု ခေါ်တွင်ပြီး ကာလသားများက အိုးစည်ဗုံမောင်းတီးလျက် သံချပ်ထိုးကာ ညလုံးပေါက် ကခုန်မြူးထူးကြသည်။

'ဘုရားရီချိုးနိ'ဟုခေါ်သော သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် လူကြီးလူငယ်များ စုရုံးစီတန်းလျက် ရခိုင်မင်္ဂလာစည်တော်တီးကာ ညတွင်သွေးထားသည့် အမွှေးနံ့သာရည်များကို ငွေဖလားကြီးများဖြင့် ထည့်ကာ ဘုန်းတော်ကြီးကျောင်းများသို့ လှည့်လည်သွားရောက်ကြပါသည်။ ထိုတွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရေသပ္ပာယ်၍ အဆိုပါ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ခြင်း၊ သိမ်၊ ကျောင်း၊ ခြံဝင်း၊ အဆောက်အအုံများအား သန့်ရှင်းခြင်းစသည့် ကောင်းမှုကုသိုလ်များ ပြုလုပ်ကြပါသည်။ ထို့ပြင် မိမိတို့အိမ်ရှိ ကိုးကွယ်ထားကြသော ဘုရားဆင်းတုတော်များအားလည်း ရေသပ္ပာယ်ပူဇော်ကြပြီး နောက်တစ်နေ့တွင်မှ သင်္ကြန်ရေကစားပွဲကို နှစ်ဆန်း(၁)ရက်နေ့အထိ သုံးရက်တိုင်တိုင် ဆင်နွှဲကြပါသည်။


သင်္ကြန်ရက်များအတွင်းတွင် လူကြီးများ ဥပုသ်သီလဆောက်တည်ကြပြီး လူငယ်လူရွယ်များ ပျော်ရွှင်စွာ ရေကစားခွင့်ရကြသည်။ ရေကစားကြရာတွင် အမျိုးသမီးငယ်လုပျိုဖြူများမှာ တူညီဝတ်စုံများ ဝတ်ဆင် ၍ ရေကစားမဏ္ဍပ်အတွင်းဘက်မှနေ၍ အပြန်အလှန် ရေကစားကြပါသည်။ မဏ္ဍပ်အတွင်းတွင် လောင်းလှေများဖြင့် ရေအပြည့်ဖြည့်ထားပြီး အမျိုးသမီးငယ်များက ကာလသားများသို့ တစ်လှည့်စီ ရေကမ်းပေးရသည်။ တစ်စုံတစ်ရာ ပြဿနာမဖြစ်ပေါ်စေရန်အတွက် 'မဏ္ဍပ်ရှင်မ'ဟုခေါ်သော အမျိုးသမီးကြီးများက ထိန်းကွပ်ပေးထားကြခြင်းဖြင့် ယဉ်ကျေးစွာ ပျော်ရွှင်ကစားခွင့်ရသည့် ပွဲတော်အဖြစ် အမြဲတမ်းဂုဏ်ယူလျက်ရှိကြသည်။

ညချမ်းအချိန်အခါတွင်လည်း သင်္ကြန်အလှပြမဏ္ဍပ်စင်များတွင် ရပ်ကွက်တိုင်းမှ အမျိုးသမီး လှပျိုဖြူများ၏ သင်္ကြန်ယိမ်းအကပြိုင်ပွဲများ၊ သံချပ်ထိုးပြိုင်ပွဲများ၊ ရခိုင်တေးသံရှင်များ၏ ကပြဖျော်ဖြေမှုများဖြင့် သင်္ကြန်ကာလ၏ အနှစ်သာရများကို တစ်ရက်ထက်တစ်ရက် မရိုးအောင် ကပြဖျော်ဖြေကြသည်မှာလည်း သင်္ကြန်ကာလ၏ အနှစ်သာရပသာဒတစ်ခုပင်ဖြစ်ပေသည်။ ကျွန်တော်တို့ ရခိုင်လူငယ်လူရွယ်တို့သည် ပျော်စရာရှိလျှင် အလွန်ပင် ပွင့်လင်းစွာ ပျော်ရွှင်တတ်ကြပြီး အလှူအတန်းအတွက်ဆိုလျှင်လည်း အားတတ်သရော ပါဝင်လုပ်ဆောင်တတ်ကြသည်။ ကျွန်တော်တို့ ဘိုးဘွားများလက်ထက်ကဆိုလျှင် နွားလှည်းဖြင့် သင်္ကြန်ရေကစားရာတွင် လည်ပတ်ကြသည်။ ယခုအခါတွင် ခေတ်ကာလတိုးတက်လာသည်နှင့်အမျှ တူညီဝတ်စုံများမှာယူဝတ်ဆင်ကြကာ မော်တော်ကားများဖြင့် အုပ်စုလိုက် ရေပက်ခံရေကစားထွက်ကြလေ့ရှိနေကြပေပြီဖြစ်သည်။ သင်္ကြန်ကာလသည် သုံးရက်တာကာလဖြစ်သည်နှင့်အညီ ရိုးရာယဉ်ကျေးမှုမပျက်အောင် မဏ္ဍပ်တွင် လူငယ်၊ လူရွယ်တို့ ရေအပြန်အလှန် ရေပက်ကြရသည်ကလည်း ရခိုင်ရိုးရာအတာသင်္ကြန်ကို ဂုဏ်တင့်စေပါသည်။

နောက်ဆုံးနေ့(နှစ်ဆန်း ၁ ရက်)တွင် လူငယ်၊ လူရွယ်များ စုပေါင်းလျက် မြို့အနှံ့လှည့်လည်၍ သက်ကြီးပူဇော်ပွဲများ ပြုလုပ်ကြသည်။ ဘေးမဲ့လွှတ်ပွဲများလည်း ကျင်းပကြသည်။ ထိုတွင် မင်္ဂလာစည်တော်၊ အိုးစည်၊ ဗုံမောင်းများနှင့် ရိုးရာကကွက်များကို ဖော်ထုတ်ကပြရင်း နှစ်ဟောင်း၏ အညစ်အကြေးများကင်းစင်၍ ပျော်ရွှင်ချမ်းမြေ့စွာ နှစ်သစ်ကို ဂုဏ်ပြုကြိုဆိုကြခြင်းဖြင့် အတာရေသဘင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးကြပေသည်။ ထိုသို့ ရခိုင်ရိုးရာအတာသင်္ကြန်ကို အစဉ်အလာမပျက်နှစ်စဉ်နှစ်တိုင်းလည်း ရန်ကုန်မြို့ရှိ ရခိုင်လူမျိုးတို့ စုပေါင်းကျင်းပသော ရခိုင်ရိုးရာအတာသင်္ကြန်မဏ္ဍပ်တို့တွင်လည်း တွေ့ရှိနိုင်ကြပြီ ဖြစ်ပေသည်။ ယခုမြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် ရခိုင်လူမျိုးတို့၏ ရခိုင်ရိုးရာအတာသင်္ကြန်ပွဲတော်ကို အလုပ်တာဝန်ဖြင့် ပြည်ပရောက်နေခိုက် လွမ်းဆွတ်တမ်းတစွာဖြင့် ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါတော့သည်။ ။

# ရခိုင်ပြည်နယ် သံတွဲမြို့မှ ရှေးဟောင်းသမိုင်းဝင် တန့်တော်မူ ဗျာဒိတ်ပေးစေတီ

(သီသီမင်း / ဓာတ်ပုံ- မိုင်ခ)



တန့်တော်မူ ဗျာဒိတ်ပေးစေတီတော်အား ဖူးမြင်ရစဉ်။

ရခိုင်ပြည်နယ် သံတွဲမြို့၏ ကျက်သရေဆောင်ဖြစ်သော 'ဆံတော်၊ နံတော်၊ အံတော်' ဟူသော စေတီတော် သုံးဆူအား နောင်အခါ တည်ထားကိုးကွယ်ကြလိမ့်မည်ဟု မြတ်စွာဘုရားရှင် ရပ်တန့်တော်မူပြီး ဗျာဒိတ်တော်ပေးတော်မူခဲ့သည့် တောင်ပေါ်တွင် တည်ထားသည့် ရှေးဟောင်းသမိုင်းဝင် ဗျာဒိတ်တော်ရှင် ဥဒ္ဒိဿစေတီတော်သည် ရခိုင်ပြည်နယ် သံတွဲမြို့ တလင်းဆိတ်ကျေးရွာ ဒန့်ဒေးတောင်ပေါ် တွင် ကြည်ညိုသပ္ပာယ်စွာ တည်ရှိသည်။

"ရခိုင်မှာ အဓိက အထွတ်အမြတ်နေရာဖြစ်တဲ့ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ရပ်တော်မူခဲ့တဲ့တောင်ကို ရောက်တဲ့လူအင်မတန်နည်းပါးတယ်။ သိတဲ့လူလည်း အင်မတန်နည်းပါးလှပါတယ်။ ဘုရားဖူးအများစုက ဗျာဒိတ်တော်ရဖြစ်တဲ့ အံတော်၊ နံတော်၊ ဆံတော် ဒီသုံးဆူပဲ သွားရောက်ဖူးမြော်ကြတယ်။ အနယ်နယ် အရပ်ရပ်ကလာတဲ့ ခရီးသွားတွေက ငပလီကမ်းခြေကိုရောက်တဲ့အခါ နယ်ခံတွေကလည်း ဘုရားသုံးဆူကိုပဲ လိုက်ပို့ကြတာများတော့ ဒီကိုလာတဲ့သူ မရှိသလောက်ဘဲ" ဟု တလင်းဆိပ်ကျေးရွာ တန့်တော်မူစေတီတော်ဝင်း ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဦးဝိစိတ္တက မိန့်ကြားသည်။

အဆိုပါ သမိုင်းဝင် ဗျာဒိတ်ပေး တန့်တော်မူစေတီဖြစ်ပေါ်လာပုံမှာ ဂေါတမ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းကြီး၏ လျှောက်ထားတောင်းပန်မှုကြောင့် 'မဟာမုနိ' ရုပ်ရှင်တော်မြတ်ကြီးကို ကိုယ်စားထားရစ်တော်မူပြီးနောက် ဒွါရာဝတီ သံတွဲမြို့သို့ မဟာသက္ကရာဇ် ၁၂၃ ခုနှစ် ဝါတော် ၂၀ တွင် နောက်ပါ ရဟန္တာ ၅၀၀ ခြံရံလျက် ကြွချီတော်မူစဉ် ဗာသုတတောင် (ယခု တန့်တော်မူတောင်)ပေါ်တွင် ရပ်တန့်တော်မူလျက် ထိုတောင်ပေါ်မှကြည့်လျှင် မြင်တွေ့ရသည့် တောင်သုံးလုံးသို့ လက်ညှိုးညွှန်ကာ "ဆံတော်၊ နံတော်၊ အံတော်"ဟူသော စေတီတော်သုံးဆူအား ထိုနေရာတွင် နောင်အခါ တည်ထားကိုးကွယ်ကြလိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူခဲ့သည်။ ဗုဒ္ဓဘုရားရှင် ရပ်တန့်တော်မူသည်ကိုအစွဲပြု၍ "ဗာသုတတောင်" မှာ ယခုအခါ တန့်တော်မူတောင် (ဒန့်ဒေးတောင်)ဟု ခေါ်တွင်ခဲ့သည်။

စန္ဒသူရိယမင်းမှ ၁၆ ဆက်မြောက် "သူရိယစိတြမင်း" လက်ထက်၌ ဓနုဋ္ဌကိန်းအရ သက္ကရာဇ် ၆၀၉ ခုကို အကြွင်းထား၍ ဖြို၏။ အိန္ဒိယ၌လည်း "သက္ကတမင်း"သည် န-စ-စ-ဆ ကိန်းအရ ဖြိုလေ၏။ ထိုသို့သက္ကရာဇ်ဖြိုပြီးနောက် ကောဇာသက္ကရာဇ် ၁၄၄ ခုနှစ်သို့ ရောက်သောအခါ "ဓညဝတီ" မြို့တော်၌ "သူရိယကေသီ"မင်းကြီးနှင့် မိဖုရား ပဋ္ဌကလျာဏီတို့ စိုးစံနေချိန်ဖြစ်၏။ ဒွါရာဝတီ သံတွဲမြို့တွင် "မင်းညိုခင်"အုပ်ချုပ်လျက်ရှိသည်။ မင်းညိုခင်သည် ထိုသက္ကရာဇ် ၁၄၄ ခုနှစ်၌ မြတ်ဗုဒ္ဓရပ်တန့် ဗျာဒိတ်ပေးတော်မူရာ ဗာသုတတောင်(ယခုဒန့်ဒေးတောင်)ပေါ်တွင် စေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့ပြီး နောင်တွင် ခေတ်အဆက်ဆက်၌ မင်းအဆက်ဆက်က စေတီတော်အား ပြန်လည်မွမ်းမံတည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ဘုရားသမိုင်း မှတ်တမ်းအရ သိရသည်။

"မြတ်စွာဘုရားရှင် ဗာသုတတောင်မှာ သီတင်းသုံး ရပ်တန့်တော်မူတယ်ဆိုတဲ့အကြောင်း သံတွဲဘုရင် သိန္ဓုဝမင်း ကြားတဲ့အခါ နန်းတွင်းသား နန်းတွင်းသူ၊ မှူးမတ်တွေနဲ့ တကွ လာရောက်ဖူးမြော်ပူဇော်တဲ့အခါ မြတ်စွာဘုရားရှင်က ဒီတောင်ပေါ်မှာ တရားဟောကြားခဲ့တယ်လို့ သမိုင်းမှတ်တမ်းအရ သိရတယ်"ဟု ဆရာတော် ဦးဝိစိတ္တ က ဆက်လက်မိန့်ကြားသည်။

အဆိုပါ တန့်တော်မူတောင်တွင် မြတ်စွာဘုရားရှင် ဗျာဒိတ်ပေးရန် ရပ်တော်မူခဲ့သည့် နေရာတွင် တည်ထားသည့် ရှေးခေတ်လက်ရာ ရုပ်ပွားတော်ကိုလည်း ကြည်ညိုစွာ ဖူးတွေ့နိုင်မည်ဖြစ်ပြီး ရှေးဟောင်းလက်ရာ ခေါင်းလောင်းနှင့် ကျောက်စာများကိုပါ လေ့လာနိုင်မည်ဖြစ်သည်။

တလင်းဆိတ်ကျေးရွာသား ဦးစိုးလွင်က "ခရီးသွားတွေက ဒီကနေ သုံး မိုင်လောက်ဝေးတဲ့ အစိုးရဆင်စခန်းကို ဒီရွာက စက်လှေတွေပဲ ငှားပြီးသွားကြတာ။ ဒါပေမယ့် ဒီတန့်တော်မူဘုရားကိုတော့ မဝင်ကြဘူး။ အရင်က လမ်းမကောင်းတာလည်းပါမယ်။ ဘုရားပွဲလည်း မကျင်းပဖြစ်တာကြာပြီ။ တန့်တော်မူဘုရားကို ဘုရားဖူးတွေ စည်ကားလာစေချင်တယ်။ အလှူရှင်တွေလည်း လာစေချင်တယ်။ အခုက တစ်ဦးတည်း အလှူရှင်ပဲရှိတယ်"ဟု ပြောသည်။

ထိုတန့်တော်မူ ဗျာဒိတ်ပေးစေတီရှိရာ တောင်ပေါ်မှ လှမ်းမျှော်ကြည့်လျှင် မြတ်စွာဘုရားဗျာဒိတ်ပေးခဲ့သည့် တောင်များဖြစ်သည့် ဇာမဏီဂုက်မင်းဘဝအဖြစ် ကျင်လည်ခဲ့သည့် တောင်တွင် မြတ်စွာဘုရား၏ဆံတော်ကို ထည့်သွင်းဌာပနာတည်ထားသည့် ဆံတော်စေတီ၊ ခါမင်းဘဝအဖြစ် ကျင်လည်ခဲ့သည့် တောင်တွင် မြတ်စွာဘုရား၏ နံရိုးတော်ကို ထည့်သွင်းဌာပနာတည်ထားသည့် နံတော်စေတီ၊ မြွေမင်းဘဝအဖြစ် ကျင်လည်ခဲ့သည့် တောင်ပေါ်တွင် မြတ်စွာဘုရား၏ အံတော်ကို ထည့်သွင်းဌာပနာတည်ထားသည့် အံတော်စေတီတို့ကို ကြည်နူးစွာ ဖူးမြင်ရမည်ဖြစ်သည့်အပြင် သဘာဝတောတောင် အလှအပများကိုပါ ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။ ။

# မွန်ရိုးရာ သင်္ကြန်ထမင်းနှင့် သင်္ကြန်ကြော်



မြန်မာတို့ရဲ့ အတာကူးတဲ့ လတန်ခူးသို့ ရောက်ပြီဆိုရင်ဖြင့် နှစ်သစ်ကူးအတာ သင်္ကြန်နဲ့အတူ တိုင်းရင်းသားလူမျိုးတွေရဲ့ ဓလေ့ထုံးတမ်းများ၊ အစဉ်လာမပျက်တဲ့ စတုဒိသာမဏ္ဍပ်တွေနဲ့ မဟာသင်္ကြန်ကို တိုင်းရင်းသားသွေးချင်းညီအစ်ကို မောင်နှမတွေ ပျော်ရွှင်စွာအတူဆင်နွှဲကြဖို့ အသင့်ဖြစ်နေကြပါပြီ။ ရခိုင်လူမျိုးတို့တွင် ရခိုင်ရိုးရာသင်္ကြန်နှင့် ဓနုလူမျိုးတို့တွင် ဓနုရိုးရာသင်္ကြန်တို့ကို ရိုးရာဓလေ့များဖြင့် ကျင်းပသကဲ့သို့ မွန်လူမျိုးတို့လည်း သင်္ကြန်နှင့်ပတ်သက်လျှင် ရင်ကိုအေး၍ ထမင်းစားမြိန်စေတဲ့ သင်္ကြန်ထမင်းနှင့် သင်္ကြန်ကြော်မှာလည်း လူသိများလှပါတယ်။

မွန်ပြည်နယ်မှာ မတ်လနဲ့ ဧပြီလ ပူပြင်းတဲ့အချိန်ရာသီတွင် ရင်အေးပြီး ထမင်းမြိန်စေတဲ့ သင်္ကြန်ထမင်းကို ချက်စားတတ်ကြပါတယ်။ အဓိက သင်္ကြန်ကြော်ကိုတော့ သရက်သီး၊ မရန်းသီး၊ ဇီးမြွန်းသီးနဲ့ တောမှာသာ ရတတ်တဲ့ ကျွဲချိုရွက်နဲ့ ကြော်စားတတ်ကြပါတယ်။ အများအားဖြင့်တော့ သရက်သီးကို သုံးပြုကြပါတယ်။

မွန်ရိုးရာ သင်္ကြန်ထမင်းချက်နည်းကတော့ နည်းအမျိုးမျိုးရှိပါတယ်။ တချို့က ထမင်းချက်တဲ့အထဲ တစ်ခါတည်း ဖယောင်းအနည်းငယ်ထည့်ပြီး ချက်တယ်။ တချို့ကတော့ ဖယောင်းငွေ့ကို အိုးနဲ့ယူ အိုးထဲမှာ ရေထည့်ထားပြီး ဖယောင်းနံ့သင်းတဲ့ရေကို ထမင်းမှာဆမ်းပြီး စားကြပြန်တယ်။ နှစ်နည်းလုံးကတော့ သင်္ကြန်ထမင်းရဲ့အရသာကို အပြည့်အဝခံစားစေရမှာတော့ မလွဲပါဘူး။

မဟာသင်္ကြန်ရဲ့ အငွေ့အသက်ဖြစ်တဲ့ မွန်ရိုးရာ သင်္ကြန်ကြော်နှင့် သင်္ကြန်ထမင်းကို မုဒုံနယ်ဘက်မှာချက်တဲ့ နည်းလေးကို မိတ်ဆက်ပေးချင်ပါတယ်။

သင်္ကြန်ကြော်အတွက် ပါဝင်ပစ္စည်းများ

| | |
|---|---|
| သရက်သီးစိမ်း | - ၂ လုံး |
| ကြက်သွန်နီ | - ၅ လုံး |
| ပုစွန်ခြောက်မှုန့် | - ၅ ကျပ်သား |

သို့မဟုတ်(ငါးရံ့ခြောက်၊ ငါးကွန်းရှပ်တို့ အသုံးပြုနိုင်သည်။)

| | |
|---|---|
| ပုစွန်ငါးပိ | - အနည်းငယ် |
| ငရုတ်သီးခြောက်ကြော် | - ၇ တောင့် |
| မြေပဲဆီ | - အနည်းငယ် |
| နနွင်း | - အနည်းငယ် |
| ဆား၊ ဟင်းခတ်မှုန့် | - အနည်းငယ် |

### ပြုလုပ်နည်း

သရက်သီး စိမ်းနှစ်လုံးကို ခြစ်ထားပြီး အရည်ညှစ်ထုတ်ကာ ဟင်းခတ်မှုန့်၊ ဆား၊ ပုစွန်ငါးပိ တို့ဖြင့် ရောနယ်ထားပါ။ ထို့နောက် ထောင်းထားသောပုစွန်ခြောက်နဲ့ နယ်လိုက်ပါ။ ကြက်သွန်နီကို အခွံသင်ပြီး လေးစိတ်စိတ်ထားပါ။ ဒယ်အိုးထဲသို့ ဆီထည့်ပါ။ ဆီပူလာရင် ငရုတ်သီးခြောက်ကို ကြော်ပြီး ဆယ်ထားပါ။ ဆီပူထဲသို့ နနွင်းမှုန့်ထည့်ပြီး ကြက်သွန်နီကို ဆီသတ်ပါ။ ခဏမွှေပြီး နယ်ထားတဲ့ သရက်သီးတို့ကို နွမ်းသွားသည်အထိ ကြော်ပေးပါ။ အရသာမြည်းစမ်းကာ မိမိနှစ်သက်တဲ့ အနေအထားမှာထားပြီးလျှင် သင်္ကြန်ကြော်ကို သုံးဆောင်နိုင်ပါပြီ။

### သင်္ကြန်ထမင်းပြုလုပ်နည်း

သင်္ကြန်ထမင်း ချက်ရန်အတွက် ဖယောင်းတိုင် တစ်တိုင်(ပျားဖယောင်းတိုင်ရက ပိုကောင်းသည်)။ ထမင်းကို ရေများများနဲ့ တည်ပြီး ထမင်းလုံးတွေပြဲလာရင် ရေဖြင့်နှစ်ထပ်၊ သုံးထပ်ဆေးပြီး ရေစင်အောင် ဆန်ခါနဲ့စစ်ပြီး အအေးခံပါ (ရေခဲတုံးလေးထည့်၍ အအေးခံနိုင်သည်)။ အိုးရေ အနည်းငယ်တို့ လိုအပ်ပါတယ်။ ဖယောင်းမွှေးရည်ကို ဒန်အိုးတစ်လုံးထဲသို့ ဖယောင်းတိုင်တစ်ချောင်း ခဏလောက်ထွန်းထားပြီး မီးငြိမ်းလိုက်တာနဲ့ ရေထည့်ပြီး အဖုံးပိတ်လိုက်ပါ။ ဖယောင်းနံ့သင်းတဲ့ ရေကိုရပါပြီ။ ဒါကတော့ အိမ်မှာအလွယ်လုပ်တဲ့ နည်းလေးပါ။ မိတ်ဆွေများလည်း နှစ်သစ်ကူးမှာ သင်္ကြန်ကြော်နှင့် သင်္ကြန်ထမင်းလေးကို လက်ဆုံစားကြရင်း ပြုံးပျော်ရွှင်စွာ နှစ်သစ်ကိုကြိုဆိုနိုင်ကြပါစေကြောင်း ဆုမွန်တောင်းရင်း သင်္ကြန်ထမင်းနှင့် သင်္ကြန်ကြော်ကို နှစ်သက်မယ်လို့ ထင်ပါတယ်။

**ပရိုသီး**